ဆရာကြီးအရိန္ဒမာ

# အိမ်ကြီးမာယာ

နှင့်

## ဖြစ်ရပ်ဆန်းများ



ဒုတိယအကြိမ်

## ဒို့တာဝန်အရေး သုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုးအဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ဆရာကြီးအရှင်သြမာ

# အိမ်ကြီးမာယာ

နှင့်

# ဖြစ်ရပ်ဆန်းများ

Mother Eye Art

စီစဉ်ထုတ်လုပ်

ကိုမိုးကျော်အောင်

စာမူခွင့်ပြုချက်
၂၈၃/၂၀၀၄(၃)

မျက်နှာဖုံးခွင့်ပြုချက်
၅၇၇/၂၀၀၄(၆)

ကွန်ပျူတာစာစီ
ရွှေကွင်းဆက်

မျက်နှာဖုံးပန်းချီနှင့် LOGO
ရန်နိုင်ဦး

မျက်နှာဖုံးဖလင်
တေား

အတွင်းဖလင်
ကိုဦးနှင့် ညီများ

ထုတ်ဝေသူ
ဦးတင့်လွင်
သော်ကာစာပေ
အမှတ် ၆၀၅၊ သုဓမ္မာလမ်း။
မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ဦးမောင်မောင်လွင်(ကဝိရတနာ)
အမှတ် (၂၀၄)၊ လမ်း (၃၀)၊ ရန်ကုန်။

အုပ်ရေ
၅၀၀

တန်ဖိုး
၅၀၀ ကျပ်

ထုတ်ဝေသည့်ကာလ
၂၀၀၄ ခုနှစ်၊ ဇူလိုင်လ

ထုတ်ဝေသည့်အကြိမ်
ဒုတိယအကြိမ်

ဖြန့်ချိရေး
ရည်မွန်ဦးစာပေ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဘဝယောင်းက နောက်ကြောင်းပြန် | ၁ |
| ၂။ | ဘဝယောင်းက ဇာတ်လမ်းစုံ | ၁၅ |
| ၃။ | ဘဝယောင်းက ချစ်ဦးသူ | ၂၁ |
| ၄။ | အိမ်ကြီးမာယာ | ၄၉ |
| ၅။ | ဆင်ဖြူတောင် | ၆၅ |
| ၆။ | အကျွန်ုပ်နှင့် ပခန်းဦးမင်းကျော် | ၉၃ |

စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ ရှမ်းကုန်းကျေးရွာမှ
အဘ ဦးဘို၊ အမိ ဒေါ်လှမိုး
နှင့်
ညီအစ်ကိုမောင်နှမသားချင်းများ၏
ကျေးဇူးတရားတော်ကို အမြဲတမ်းဖွဲ့ဆိုလျက်

စီစဉ်ထုတ်လုပ်
ကိုစိုးကိုအောင်

၁၈

# ဘဝဟောင်းက ဇာတ်ကြောင်းပြန်

"ဆရာကြီးအရိန္ဒမာ ရှိပါသလားရှင်"

"ဟုတ်ကဲ့ ကျွန်တော်ပါပဲ။ အိမ်ထဲကို ကြွရောက်ပါခင်ဗျာ"

တစ်နေ့သော·နံနက်တွင် ဖြစ်၏။

အကျွန်ုပ်သည် နံနက်အိပ်ရာမှထ မျက်နှာသစ်အပြီးတွင် ဘုရားဝတ်ပြု ပုတီးစိပ်အပြီးတွင် ဧည့်ခန်းအတွင်း၌ ထိုင်ကာရှိသေး။ ဧည့်သည်ရောက်ရှိလာခြင်း ဖြစ်၏။

အကျွန်ုပ်၏ ဖိတ်ခေါ်မှုကြောင့် အမျိုးသမီးကလေးသည် အကျွန်ုပ်မျက်နှာကို အကဲခတ်ကြည့်လိုက်ပြီး အိမ်တွင်းသို့ ဝင်ရောက်လာ၏။

သူမသည် ရည်မွန်သည်။ အသက်အရွယ်အားဖြင့် ၂၄ နှစ်ခန့်ရှိပြီဟု ခန့်မှန်းရသည်။ တရုတ်မျိုးနွယ်လေးဖြစ်သည်။ ဂါဝန်ကို

ဝတ်ဆင်ထားလျက် အဖိုးတန်လက်ကိုင်အိတ်တစ်လုံးကို လွယ်ထား လျက်ရှိ၏။

သူမသည် လွတ်၍နေသော ကုလားထိုင်တစ်လုံးတွင် ဝင် ရောက်ထိုင်လိုက်ပြီး…

"ကျွန်မနာမည်က တန်ရှုဝါးပါ။ မရှုဝါးလို့ ခေါ်ပါတယ်"

"ဟုတ်ကဲ့"

"လမ်း ၃၀ မှာ မိဘတွေနဲ့အတူ နေထိုင်ပါတယ်"

"ဟုတ်ကဲ့"

"ကျွန်မဟာ ဆေးကျောင်းသူပါ"

"ဟုတ်ကဲ့"

"ကျွန်မဟာ ဆရာကြီးအရိန္ဒမာရေးသားတဲ့ ဝတ္ထုဆောင်းပါး တွေကို စာနယ်ဇင်းတွေမှာ အမြဲတမ်းဖတ်ရှုပါတယ်။ ဆရာကြီး ရေးသားပြုစုတဲ့ 'မဟိဒ္ဓိပုဂ္ဂိုလ်ထူးများ၏ အံ့ဖွယ်ဖြစ်ရပ်ဆန်းများ' စာအုပ်ကိုလည်း ဖတ်ရှုပြီးပါပြီ။ ကြိုက်နှစ်သက်ပါတယ်။ အခု ကျွန်မ တွေ့ကြုံနေရတဲ့ထူးခြားဆန်းကြယ် အံ့ဖွယ်ကောင်းတဲ့ဖြစ်ရပ်ကို ဖြေရှင်းပေးစေလိုပါတယ်ရှင်"

"ဗျာ"

အကျွန်ုပ်သည် မမျှော်လင့်ဘဲ အမျိုးသမီးကလေး၏ ပွင့်ပွင့် လင်းလင်းပြောဆိုမှုကြောင့် လွန်စွာအံ့ဩသွားမိ၏။

ဤတွင် အမျိုးသမီးလေးက…

"ကျွန်မက ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်တာကိုတော့ ခွင့်လွှတ်ပါ ဆရာကြီး"

"ဟုတ်ကဲ့။ ဘယ်လိုများ ထူးခြားဆန်းကြယ်အံ့ဖွယ်ကောင်းတဲ့ ဖြစ်ရပ်မို့လို့လဲခင်ဗျာ"

"ကျွန်မ ကြုံတွေ့ဆုံတွေ့တဲ့ဖြစ်ရပ်တွေကို ပြောကြားရရင် ဘယ်သူကမှ မယုံကြည်ကြပါဘူး။ ဒါပေမဲ့ ဖြစ်ရပ်က ကျွန်မ ကိုယ်တွေ့တကယ့်ဖြစ်ရပ်အမှန်ပါပဲ"

"ဟုတ်ကဲ့။ အဖြစ်အမှန်ကို ပြောပြပါဦး"

"ကျွန်မဟာ အခုဆိုရင် ဆေးတက္ကသိုလ် ဒုတိယနှစ်မှာ တက်ရောက်နေပါတယ်။ နှစ်ဦးစပိုင်းကစပြီး ကျွန်မဟာ ညစဉ်ညတိုင်း အိပ်မက်မက်ပါတယ်။ အဲဒီအိပ်မက်ထဲမှာ အသားညိုညို ဝဝ တုတ်တုတ် အသက် ၆၀ လောက်ရှိတဲ့ မြန်မာအမျိုးသမီးကြီး တစ်ယောက်ကို မြင်တွေ့ရပါတယ်။

ဒီအမျိုးသမီးကြီးဟာ စိန်တွေရွှေတွေကို ညွတ်နေအောင် ဝတ်ဆင်ထားပါတယ်။ သူ့ကိုကြည့်ရတာ တကယ့်အညာသူအမျိုးသမီးတွေ ပုံစံမျိုးပါ။ သူ့ရုပ်နဲ့ သူဝတ်ဆင်ထားတဲ့ စိန်ရွှေရတနာတွေနဲ့တောင် မလိုက်ဖက်ဘူး။ ကျွန်မဘဝမှာ တစ်ကြိမ်တစ်ခါဖူးမျှ မမြင်မတွေ့ဖူးတဲ့ အဲဒီအမျိုးသမီးကြီးကို ကျွန်မဟာ ညစဉ်ညတိုင်း ဆယ်ရက်လောက်ကို ဆက်တိုက် အိပ်မက်မက်ခဲ့ပါတယ်"

"အိပ်မက်ထဲမှာ ခင်ဗျားနဲ့ အဲဒီအမျိုးသမီးကြီးဟာ စကားများ ပြောမိသေးသလား"

"ဟုတ်ကဲ့ရှင်။ ကျွန်မနဲ့ အဲဒီအမျိုးသမီးကြီးဟာ စကားပြောမိကြပါတယ်။ ဒီအမျိုးသမီးကြီးက 'ညည်းဟာ အခုအခါမှာ တရုတ်ဝမ်းထဲဝင်စားလို့ တရုတ်မဖြစ်နေပေမဲ့ အရင်ဘဝဟောင်းတုန်းက ငါ့သမီးသုံးယောက်အနက် အထွေးဆုံးသမီးလေးဖြစ်ပြီး ရေနစ်သေဆုံးခဲ့ရတယ်။

ဘဝဟောင်းတုန်းက ညည်းနာမည်က ကလျာလေ။ ငါ့သမီး အကြီးက စန္ဒာ၊ သမီးအလတ်က ရူပ၊ ညည်းကတော့ ကလျာလို့

ကာရံနဲ့ အမည်မှည့်ခေါ်ထားတာ။ ညည်းကတော့ တနလ်ာသမီး ဆိုတော့ ကလျာနဲ့ လိုက်ပါတယ်။ ညည်းဟာ ငါမွေးတဲ့ သမီးတွေထဲ မှာ အထွေးဆုံး အလိမ္မာဆုံးသမီးလေးမို့ ငါက ချစ်တာ။ ပြီးတော့ ညည်းက သမီးအကြီးမတွေထက် မိဘကျေးဇူးကို သိတတ်တဲ့ သမီး လေ။ ဒါကြောင့် ညည်းမသိအောင် ညည်းအတွက် ငါ ဝယ်စုဆောင်း ထားတဲ့ ရွှေထည် ကျောက်ထည်ပစ္စည်းတွေဟာ အခုထက်ထိ ငါ့ လက်ထဲမှာ ရှိနေသေးတယ်။ ဒီပစ္စည်းတွေကို ညည်းကို ငါပေးမယ်။ ယူပါ' လို့ ပြောပါတယ်ရှင်"

"ဒီတော့ ခင်ဗျားက ဒီအမျိုးသမီးကြီးကို အိပ်မက်ထဲမှာ ဘာပြန်ပြောလိုက်သလဲ"

"ထွေထွေထူးထူး ဘာမျှပြန်မပြောပါဘူး။ ကျွန်မရဲ့အိပ်မက် အကြောင်းကိုသာ လက်ရှိမိဘတွေကို ပြန်ပြောပြပါတယ်။ မိဘတွေက တရုတ်တွေလေ။ သူတို့က 'တို့မှာလည်း ပစ္စည်းဥစ္စာနေ ရှားပါးတာ မဟုတ်တာဘဲ။ ဘာမဆို လိုချင်တာ ပြည့်ပြည့်စုံစုံရှိသားပဲ။ သူများပေး တာကို မယူနဲ့။ လောကမှာ ဘာမဆို အလကားမရှိဘူး။ အပေးရှိရင် အယူရှိတယ်။

တကယ့်တကယ်လို့ ဥစ္စာစောင့်ဖြစ်နေရင် မခက်ပါလား။ ဥစ္စာ စောင့်ဟာ သိပ်ဉာဏ်များတယ်။ လူတွေထက် ပရိယာယ်မာယာ သိပ်များတယ်။ ရွှေငွေပစ္စည်းတွေ ပေးသုံးပြီး နောက်တော့ သူတို့တွေ နေတဲ့ သိုက်နန်းထဲကို အပြီးအပိုင်ခေါ်သွားပြီး လူချင်းလဲတတ်တာ။ ဒီတော့ အဲဒီအမျိုးသမီးကြီးက သူပေးမယ့်ပစ္စည်းတွေကို မယူဘူးလို့ သာ ပြောလိုက်'လို့ ပြောပါတယ်"

မိန်းကလေး၏ ပြောစကားအရဆိုလျှင် တရုတ်လူမျိုး၊ တရုတ် အမျိုးသားများလည်း မြန်မာများကဲ့သို့ပင် ဘုမ္မိရသိုက်နန်းရှင်များကို ယုံကြည်လက်ခံမည်ကို ကြားသိရသည်။

"ဒီတော့ ခင်ဗျားက…"

"နောက်ညတွေမှာ အဲဒီအမျိုးသမီးကြီးက အိပ်မက်လာပေး ပြန်ပါတယ်။ ဒီအခါမှာ ကျွန်မက 'မယူချင်ဘူး' လို့ စကားကို အပြတ် ပြောချလိုက်ပါတယ်။ ဒီအခါမှာ အမျိုးသမီးကြီးက ကျွန်မကို ကြည့် ပြီး မျက်နှာညှိုးသွားကာ 'သမီးရယ်… သမီးက အမေ့ကို မယုံကြည် ဘူးထင်တယ်။ ဘယ်မိဘကမှ ကိုယ့်ရင်သွေးသားသမီးတွေ ဒုက္ခ ရောက်အောင် မလုပ်ပါဘူးကွယ်။ အမေဟာ အရင်ဘဝတုန်းက သမီးရဲ့အမေပါ။ အခုမျက်မှောက်ဘဝမှာတော့ သမီးရဲ့မိဘတွေက တစ်ဦးဖြစ်နေပေမဲ့လည်း မိဘပဲ။ မိဘဆိုတာ အနှေးအနှေးငါးပါး ဂိုဏ်းဝင်တွေကွယ့်။ ဒါကြောင့် မိဘတွေကို ဘုရားနဲ့တစ်ဂိုဏ်းတည်း ထားပြီး ရှိသေပါ သမီး။ ဟောဒီမှာ အမေ သမီးကိုပေးမယ့် ပစ္စည်း တွေကိုကြည့်' လို့ပြောပြီး အဝါရောင်ပိုးပဝါအဟောင်းလေးတစ်ထည် နဲ့ ထုပ်ထားတဲ့ပစ္စည်းတွေကို ဖြန့်ပြပါတယ်။ အထုပ်ထဲမှာ လက် ကောက်တွေ၊ ဆွဲကြိုးတွေ၊ လက်စွပ်တွေကို မြင်တွေ့ရပါတယ်။ ရွှေရောင်ဝင်းနေပေမဲ့ ပုံစံတွေကတော့ ရှေးပုံစံမျိုးတွေပဲ။ ကျွန်မလည်း သေသေချာချာတောင် မကြည့်ပါဘူး။ 'မယူချင်ဘူး မယူချင်ဘူး' လို့ ပြောမိပါတယ်။ အဲဒီလို အိပ်မက်ထဲမှာ ဘဝဟောင်းက အမေဆိုတဲ့ အမျိုးသမီးကြီးနဲ့ ကျွန်မတို့ဟာ သံသရာလည်နေလိုက်တာ တစ်နေ့ တော့ ထူးခြားလာတယ်ရှင်"

"ဟုတ်ကဲ့ ဘယ်လိုများ ထူးခြားလာလို့တုံး"

[illegible] ART

"တစ်နေ့ ကျွန်မဟာ မန္တလေးက မိတ်ဆွေတစ်ဦးဆီကို ပစ္စည်းထုပ်ပို့စရာရှိတာနဲ့ ကျွန်မနေတဲ့ လမ်း ၃၀ ကနေပြီး ကုန်ဈေးတန်းက မန္တလေးကားဂိတ်ကို လမ်းလျှောက်ခဲ့ပါတယ်။ တိုက်ရိုပ်တွေကို အကာအကွယ်ယူပြီး လမ်းလျှောက်တော့ သိပ်မပင်ပန်းပါဘူး။ ရွှေဘုံသာလမ်းက 'စိန်ရတနာ' ရွှေဆိုင်ရှေ့ရောက်ရော ကျွန်မ အိပ်မက်ထဲမှာ အမြဲတမ်းမြင်တွေ့ပြီး ဆက်ဆံနေရတဲ့ အမျိုးသမီးကြီးကို အပြင်လောကမှာ မထင်မှတ်ဘဲ မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရတော့ ပထမ ကျွန်မဟာ ကြက်သေ သေသွားမိပါတယ်။ ဟုတ်မှဟုတ်ပါ့မလား။ လူတူတာများ ဖြစ်နေမလားလို့ သံသယစိတ်တွေ ဝင်မိပါတယ်။

တကယ့်ကို အဟုတ်ပါပဲရှင်။ ကျွန်မ အိပ်မက်ထဲမှာ တွေ့ရတဲ့ အတိုင်း ဝတ်ဆင်ထားတယ်။ စိန်ရွှေရတနာ ဝတ်ဆင်ထားတာဟာ လည်း ညွှတ်နေတာပဲ။ ကိုယ်လုံးကိုယ်ထည်များကလည်း အိပ်မက်ထဲမှာ မြင်တွေ့ရတဲ့အတိုင်းပဲ။ ပြီးတော့ ဒီအမျိုးသမီးကြီးရဲ့လက်ထဲမှာက အဝါရောင်ပိုးပဝါအဟောင်းထုပ်ကလေးတစ်ထုပ်ကို ကိုင်ထားပါတယ်။

ဒီအမျိုးသမီးကြီးက ကျွန်မကိုတွေ့တော့ ပြုံးပြပြီး ခေါင်းညိတ်ပြခေါ်ပါတယ်။ ကျွန်မလည်း ဒီအမျိုးသမီးကြီးနားကို တိုးသွားတော့ 'ငါ့ကို သိသလား'လို့ မေးပါတယ်။ ဒီအခါမှာ ကျွန်မက 'အိပ်မက်ထဲမှာ တွေ့ရတဲ့ အမေလေ' လို့ ပြန်ပြောလိုက်တော့ ဒီအမျိုးသမီးကြီးက ကျွန်မကိုကြည့်ပြီး ဝမ်းသာလွန်းလို့ မျက်ရည်တွေတောင် စို့လာတာကို မြင်တွေ့ရပါတယ်ရှင်။

ပြီးတော့မှ ဒီအမျိုးသမီးကြီးက ကျွန်မလက်ကို အတော်ကြာအောင် ဆွဲကိုင်ထားလိုက်ပြီး 'အမေ ဝမ်းသာလိုက်တာ သမီးရယ်။

အမေလေ ဘဝဟောင်းတုန်းက သမီးလေးကလျာအတွက် စုဆောင်းထားတဲ့ ပေးဒါဇီပစ္စည်းတွေကို ယူပါသမီးရယ်။ အမေ့ကို ဘယ်လိုမှ သမီး အထင်မလွဲနဲ့နော်။ မိဘကို စိတ်နဲ့တောင် ပြစ်မှားမိရင် အပြစ်ရှိတယ်။

ခု အမေ ပေးအပ်တဲ့ပစ္စည်းတွေကို သမီးလက်ခံယူပြီးရင်နောက်နောင် အမေလေ သမီးဆီကို ဘယ်တော့မှ လာမတွေ့တော့ဘူး။ တွေ့စရာလည်း မလိုတော့ဘူးပေါ့။ အဲ… ဘဝဟောင်းက သမီးရဲ့ အဖေဟာ အခုထက်ထိ လူ့လောကမှာ အသက်ရှင်လျက် ရှိနေသေးတယ်။ နာမည်က ဦးဘသောင်းတဲ့။ အငြိမ်းစားအတွင်းဝန်ပေါ့ကွယ်။

တက္ကသိုလ်ရိပ်သာလမ်း၊ ခြံအမှတ်( )မှာ သမီးအကြီးဆုံး အပျိုမကြီးနဲ့ နေထိုင်တယ်။ သမီးအလတ်က ဆရာဝန်မလေး။ အိမ်ထောင်ကျသွားပြီ။ အခုနိုင်ငံခြားမှာ နေတယ်။ ငါ့သမီးအထွေးဆုံး အငယ်ဆုံးမလေး ကလျာကသာ ကံနည်းရှာတာပါကွယ်။

ဒီအမျိုးသမီးကြီးဟာ ကျွန်မကိုကြည့်နေရာက မျက်ရည်တွေ ဖြိုင်ဖြိုင်ကျလာပါတယ်။ ပြီးတော့မှ "ကဲ… အမေသွားပြီ သမီးရေ" လို့ပြောပြီး ကျွန်မလက်ထဲကို အဝါရောင်ပိုးပဝါလေးကို ထည့်ပေးကာ မဟာဗန္ဓုလလမ်းဘက်ကို ပျောက်သွားပါတယ်။

ကျွန်မဟာ ကျွန်မ ကြုံတွေ့ရတဲ့အဖြစ်အပျက်က အံ့ဖွယ်ဆန်းကြယ်လွန်းလို့ ကိုယ့်ကိုယ်ကိုတောင် မယုံကြည်နိုင်လောက်အောင်ကို ဖြစ်နေပါတယ်။ အပြင်လူ့လောကမှာ တကယ်မဟုတ်တဲ့ အိပ်မက်များဖြစ်ပျက်နေရော့သလားလို့တောင် ထင်မှတ်မိပါတယ်။ ကျွန်မဟာ ကြောင်ပြီးရပ်နေရာက သတိလည်းရရော ကုန်စိမ်းတန်းက မန္တလေး ကားဂိတ်ကိုသွားပြီး ပစ္စည်းမဝယ်တော့ဘဲ လမ်း ၃၈ က မိဘတွေအိမ်ကို အမြန်ပြန်လာခဲ့ပါတော့တယ်"

MOTHER EYE ART

"အိမ်ရောက်တော့ ခင်ဗျားရဲ့မိဘတွေကို ဒီအကြောင်း ပြန်ပြောသေးသလား"

"ပြောလို့ ဘယ်ဖြစ်ပါ့မလဲ ဆရာကြီးရဲ့။ သူတို့က အိပ်မက်ထဲမှာတောင် ပစ္စည်းပေးတာကို မယူနဲ့လို့ ပြောထားတာ။ အပြင်လူ့လောကမှာ အိပ်မက်ထဲက အမေကိုတွေ့ပြီး ကျွန်မဟာ အမေပေးတဲ့ပစ္စည်းတွေကို လက်ခံယူတယ်ဆိုတာကို သိရင် တစ်အိမ်လုံးကို ပွက်လောရိုက်သွားမှာပေါ့။ ဒီအကြောင်းကို ကျွန်မ ဘယ်သူ့ကိုမှ မပြောပြဘဲ သိုသိပ်ထားခဲ့ပါတယ်"

"ဒါဟာ ခင်ဗျားအတွက် အကောင်းဆုံးပဲ"

"ဒါပေမဲ့ ကျွန်မဟာ ကျွန်မနဲ့သိပြီး စိတ်ချယုံကြည်ရတဲ့ စိန်ရတနာရွှေဆိုင်ကိုသွားပြီး ဘဝဟောင်းက အမေပေးသွားတဲ့ ရွှေထည်ကျောက်ထည်ပစ္စည်းတွေကို အတုအစစ်သိရအောင် သွားရောက်ပြသစစ်ဆေးခဲ့ပါတယ်"

"စိန်ရတနာရွှေဆိုင်က ဘာပြောသလဲ"

"ပစ္စည်းတွေအားလုံးဟာ အစစ်တွေပါတဲ့။ ဒီအထဲ လက်ကောက်တစ်ဖက်နဲ့ နာရီလက်ပတ်ကြိုးဟာ တကယ့်စိန်အစစ်တွေတဲ့။ အံ့ဩစရာမကောင်းဘူးလား။ ဒီထက်ပိုပြီး အံ့ဩစရာကောင်းတာတွေ ရှိသေးတယ် ဆရာကြီး"

"ပြောစမ်းပါဦး"

"ဘဝဟောင်းက အမေဟာ ဘဝဟောင်းက ကျွန်မအမေဆိုတဲ့ သူရဲ့အမည်နဲ့ နေရပ်လိပ်စာကို အတိအကျပြောသွားတော့ ကျွန်မလည်း သွားတွေ့ပါတယ်"

အမျိုးသမီးလေး၏ပြောစကားကို အကျွန်ုပ်သည် အလွန်ကို အံ့ဩသွားမိသည်။ သို့အတွက်ကြောင့်...

"သွားတွေ့တော့…"

"သွားတွေ့ပြီး ကျွန်မ အိပ်မက်ထဲမှာ တွေ့ခဲ့ရတဲ့ဘဝဟောင်းက အမေ အကြောင်းက အစ၊ အပြင်လူ့လောကမှာ တကယ့်မျက်မြင် ကြုံတွေ့ခဲ့ရတဲ့အထိ အဖြစ်အပျက်အားလုံးကို မခြွင်းမချန်ဘဲ ပြောပြ လိုက်ပါတယ်"

"ခင်ဗျားက ပြောပြတော့ ယုံကြည်သလား"

"ဦးဘသောင်းက အစတော့ ယုံကြည်ပုံမပေါ်ဘူး။ ကျွန်မ ပြောတာကို ငေးပြီးတော့သာ နားထောင်လို့ နေပါတယ်။ ဒီတော့ ဘဝဟောင်းက အမေ ကျွန်မကို ပေးအပ်သွားတဲ့ အဝါရောင်ပိုးပဝါနဲ့ ထုပ်ထားတဲ့ ရွှေထည်၊ ကျောက်ထည်၊ ရတနာပစ္စည်းတွေကို ထုတ်ပြ တော့ ဦးဘသောင်းဟာ စူးစူးစိုက်စိုက်ကို ကြည့်နေတယ်။ ဒီထဲက ကျောက်နီရွှေလက်စွပ်လေးတစ်ကွင်းကို ကောက်ယူပြီး သေသေချာချာ စစ်ဆေးကြည့်ရှုနေပါတယ်။ ကြည့်လို့အားမရလို့ စားပွဲအံ့ဆွဲထဲက မှန်ဘီလူးကို ထုတ်ယူကြည့်ပြီး 'အင်း… ဒီဟာ ကျောက်နီမဟုတ်ဘူး။ အရည်အသွေးအလွန်ကိုကောင်းတဲ့ ပတ္တမြားအစစ်ပဲ။ မင်းအမေမှာတာ နဲ့ ဖေဖေကိုယ်တိုင် စိတ်ကြိုက်ရှာပြီး ငါ့သမီးအတွက် ဝယ်ယူခဲ့တဲ့ ပတ္တမြား။ ဖေဖေ ကောင်းကောင်းမှတ်မိနေသေးတယ်။

ဖေဖေကိုယ်တိုင်ပဲ ရွှေဘုံသာလမ်းက ဦးအောင်သွင်ရွှေပန်းထိမ် မှာ မှတ်မှတ်ရရ စွန်ကုပ်ကိုးချက်နဲ့ အထူးလုပ်ခဲ့တာ။ အဲဒီတုန်းက ငါ့သမီးဟာ အခုသမီးအရွယ်ပဲ ရှိသေးတယ်။ ဖေဖေကိုယ်တိုင် သမီးရဲ့ ဘယ်ဘက် လက်ခလယ်နဲ့တိုင်းပြီး လုပ်ထားခဲ့တဲ့ပတ္တမြားလက်စွပ်။ သမီးလေး ဝတ်ကြည့်စမ်းလို့ ပြောတာနဲ့ ပတ္တမြားရွှေလက်စွပ်ကို ကျွန်မရဲ့ ဘယ်ဘက်လက်ခလယ်နဲ့စွပ်ပြီး ဝတ်ကြည့်လိုက်တော့

အံကိုက်ဖြစ်နေတာကို တွေ့မြင်ရတော့ ဘဝဟောင်းက အဖေကြီးလည်း စိတ်ချလက်ချယုံကြည်သွားပြီး ဝမ်းသာနေရှာပါတယ်။

နောက်တော့ လိုအပ်တဲ့အကူအညီလည်း ပေးမယ့်အကြောင်း ပြောပါတယ်။ မကြာမကြာ အိမ်ကိုလာရောက်လည်ပတ်ဖို့ ဖိတ်ခေါ်ပါတယ်။ ကျွန်မကို သူတို့ရဲ့ သမီးလေးအမှတ်နဲ့ မုန့်ဖိုးငွေ ၂၀၀၀၀ ကျပ် ပေးလိုက်သေးတယ်လေ။ ကဲ… ခု ကျွန်မ ပြောတာတွေကို ယုံရဲ့လား ဆရာကြီး''

အကျွန်ုပ်အနေဖြင့် အမျိုးသမီးလေးပြောပြစဉ် နားရှိသဖြင့်သာ ကြားနေရသည်။ အမှန်အတိုင်းဝန်ခံရလေသော် အကျွန်ုပ်အဖို့ သူပြောစကားများသည် ယုံရလည်း ခက်၊ မယုံရလည်း ခက်ဘိသကဲ့သို့ ဖြစ်နေသည်ကား အမှန်ဖြစ်၏။

အကျွန်ုပ်၏ အခြေအနေကို ရိပ်စားမိဟန်တူသော အမျိုးသမီးလေးက သူမ၏ သားရေလက်ကိုင်အိတ်အတွင်းမှ အဝါရောင်ပိုးပဝါဖြင့် ထုပ်ထားသည့် ရတနာထုပ်ကို ကြည့်ပြီး စားပွဲပေါ်တင်ကာ ပြလိုက်လေ၏။

''အဲဒီပစ္စည်းတွေပဲ ဆရာကြီး''

အဝါရောင်ပိုးပဝါလေးမှာ အတော်ပင် ဟောင်းနွမ်းနေပြီဖြစ်သော်လည်း အတွင်းမှ ပစ္စည်းများမှာ အလင်းရောင်၏ ရောင်ပြန်ဟပ်မှုကြောင့် အရောင်တဖိတ်ဖိတ်တောက်ပနေသည်။ အကျွန်ုပ်က ပိုးပဝါလေးအတွင်းမှ ပစ္စည်းများကိုယူ၍ စစ်လိုက်သောအခါ…

ရွှေလက်ကောက်က လေးရန်။

ရွှေဆွဲကြိုးက ခြောက်ကုံး။

ရွှေနှင့် ကျောက်မျက်ရတနာတပ်ဆင်ထားသောလက်စွပ်က ခုနစ်ကွင်း။

ထိုအထဲက စိန်လက်ကောက်တစ်ကွင်းနှင့် စိန်လက်ပတ်ကြိုး တစ်ကုံး ပါရှိသေး၏။

ရွှေချိန်နှင့် ကျောက်ချိန်ကိုကြည့်ရသည်မှာ အလေးချိန် အတော် စီးပွဲ ရသည်။ ထိုကဲ့သို့ သက်သေခံပစ္စည်းများဖြင့် ပြပြန်တော့လည်း မယုံ၍လည်း မဖြစ်တော့ပေ။

အမျိုးသမီးလေးက သူ့စကားကိုဆက်၍…

"ဆရာကြီးက မြန်မာ့ဂမ္ဘီရသိပ္ပံ၊ ဝိဇ္ဇာရေ လောကီပညာရပ်တွေကို လေ့လာလိုက်စားပြီး ဂန္ဓာရီခရီးတွေ ထွက်တာ၊ ဝတ္ထုဆောင်းပါးတွေ ရေးသားနေတဲ့လူဆိုတော့ ကျွန်မ သိချင်တာလေး တစ်ခု မေးပါရစေ။ အမှန်အတိုင်း မထိမ်မဝှက် ဖြေကြားပေးပါ ဆရာကြီး"

"မေးပါ။ ကျွန်တော် သိရှိသမျှတော့ အမှန်အတိုင်းကို ဖြေကြားပါမယ်"

"ကျွန်မသိချင်တာက ကျွန်မကို ဘဝဟောင်းက အမေဆိုပြီး အိပ်မက် အကြိမ်ကြိမ်ပေးတယ်။ အိပ်မက်ထဲမှာ ကျွန်မအတွက် စုဆောင်းထားတဲ့ အဖိုးတန် ရွှေထည်၊ ကျောက်မျက်ရတနာပစ္စည်းတွေ ပေးတယ်။ ကျွန်မက မလိုချင်ဘူးဆိုပြီး ငြင်းဆန်တော့ အပြင်လူ့လောကမှာ လူကိုယ်တိုင်လာရောက်ကာ ကိုယ်ထိလက်ရောက်ကို ပေးအပ်ပါတယ်။

အဲဒီဘဝဟောင်းက အမေဆိုတဲ့ အမျိုးသမီးကြီးဟာ ဒီဘဝဘဝတွေပြောသလို သိုက်နန်းရှင် ဥစ္စာစောင့်လား။ တကယ်လို့ ကျွန်မဟာ သိုက်နန်းရှင်ဥစ္စာစောင့်က ပေးအပ်တဲ့ပစ္စည်းတွေကို လက်ခံထားမိလို့ရှိရင် ဘာလုပ်သင့်တယ်ဆိုတာ ကျွန်မကို ဆရာကြီး အကြံပေးပါရှင်"

အကျွန်ုပ်က အမျိုးသမီးလေး အကြံစောင်းသည်ကို စဉ်းစားလိုက်ပြီး…

"ကျွန်တော် သိရှိသမျှကို အမှန်အတိုင်း ပြောမယ်နော်"

"ပြောပါ ဆရာကြီး"

"ဘုမ္မိယ ဥစ္စာစောင့်ဆိုတဲ့သူတွေဟာ လူ့လောကက **လူအေ** **ကို** ပေးချင်ရင် အခု လူချင်းချင်းပေးသလို အလွယ်တကူ **ပေးလို့မရ** **ဘူး။** အနည်းဆုံး မြေကြီးထဲ တစ်ထွာတစ်မိုက်တူးဖော်ယူ **ပေးလို့** **ရတဲ့** သဘောမျိုး ရှိတယ်။ အခု ခင်ဗျား ကြုံတွေ့ရတဲ့အဖြစ်အပျက်**က** **လူသားအချင်းချင်း**ပေးသလို ပစ္စည်းကို ကိုယ်ထိလက်ရောက်လာ**ပြီး** **ပေးသွား**တော့ ကျွန်တော့်အထင် ဘုမ္မိယသိုက်နန်းရှင်ဥစ္စာစောင့်**တော့** **ဟုတ်ဟန်**မတူဘူး"

"ဒါဖြင့် ဆရာကြီးက ဘယ်လိုထင်မြင်ယူဆပါသလဲ**ရှင်**"

"ကျွန်တော် ထင်မြင်ယူဆချက်ကိုပြောရရင် သဗ္ဗဒေဝီ **အမျိုး** **အစားထဲက** နတ်သမီးတစ်ပါးပါးလို့ ယူဆပါတယ်။ ခင်ဗျား**ရဲ့ဘဝ** **ဟောင်း**က အမေဖြစ်**နေ**ပြီး သူ့သမီးဖြစ်ခဲ့ဖူးတဲ့ ခင်ဗျားကို **သူပေးမယ်** **လို့** ရည်စူးကာ စုဆောင်းထားရှိတဲ့ စိန်ရွှေရတနာပစ္စည်းတွေကို **မြန်** လာပြီး ပေး**တာပဲ**"

"အဲဒီလို ဘာဖြစ်လို့ပေးတာလဲ ဆရာကြီး"

"အဲဒါက ဘဝဟောင်းက မိခင်ရဲ့မေတ္တာလေ။ မိဘဆိုတာ ကိုယ့်သားသမီးအပေါ်မှာ ဘယ်လောက်သံယောဇဉ်ကြီးမားပြီး မေတ္တာ**စေတနာ**ထားသလဲဆိုရင် ကိုယ်တတ်နိုင်တဲ့ ဘဝဟောင်းက သားသမီး **ဖြစ်ခဲ့ဖူး**တဲ့သူကို ကူညီစောင်မတာချည်းပဲ"

"ဆရာကြီးပြောတာ မှန်ပါတယ်။ ကျွန်မတို့ တရုတ်လူမျိုး**တွေ**ဟာ မိမိတို့ မျိုးရိုးစဉ်ဆက်ထဲက ကွယ်လွန်သွားရှာတဲ့ မိဘ

ဘိုးဘွားတွေကို တစ်နှစ်မှာ တစ်လ သတ်မှတ်ပြီး ပူဇော်ကန်တော့ပွဲ ကျင်းပတာဟာလည်း မိဘရဲ့ကျေးဇူးကို ကျန်ရစ်တဲ့ သားမြေးတွေက ကျေးဇူးဆပ်တာပေါ့နော်"

"မှန်ပါတယ်။ မိဘဘိုးဘွားတွေကို ပူဇော်ကန်တော့တယ်ဆိုတာ ယဉ်ကျေးသိမ်မွေ့တဲ့သူတွေရဲ့ ထုံးစံဓလေ့တစ်ခုပါ"

"ကျွန်မဟာ မိဘတွေနဲ့အတူ ကွယ်လွန်သွားတဲ့ မိဘဘိုးဘွားတွေကို နှစ်စဉ် နှစ်တိုင်း ပူဇော်ကန်တော့ခဲ့ပါတယ်။ ဒါဖြင့် ကျွန်မဟာ ဘဝဟောင်းက အမေ ပေးသွားတဲ့ ဒီအဖိုးတန်ပစ္စည်းဥစ္စာရတနာတွေကို လက်ခံသိမ်းဆည်းထားလို့ ဘယ်လိုမှ အန္တရာယ်မရှိနိုင်ဘူးပေါ့နော် ဆရာကြီး"

"ဘယ်လိုအန္တရာယ်မျိုးမှ မကြုံတွေ့နိုင်ပါဘူး။ လှူလိုက လှူ၊ သုံးလိုက သုံး၊ ပေးလိုက ပေး။ ဒါကတော့ ခင်ဗျားရဲ့စိတ်ဆန္ဒ သဘောအတိုင်းပဲ။ တစ်ခုတော့ ရှိတယ်"

"ဘာတစ်ခုလဲ ဆရာကြီး"

"ဒီကိစ္စနဲ့ပတ်သက်ပြီး မဆိုင်တဲ့လူတကာကိုတော့ အသိမပေးနဲ့။ လူဆိုတာမျိုးက ကိုယ့်ကိုလိုတဲ့လူလည်း ရှိတယ်။ မလိုတဲ့လူလည်း ရှိတယ်။ မလိုတဲ့လူဆိုတာမျိုးက ကိုယ့်ကို အကောက်ကြံတတ်တယ်"

"ဆရာကြီး ရှင်းပြလိုက်တော့မှပဲ ရင်ထဲက မတင်မကျဖြစ်နေတဲ့ အလုံးကြီးဟာ ကျသွားတော့တယ်။ ပထမ ကျွန်မတွေးတွေးပြီး သောကရောက်နေတာ။ ကျေးဇူးပါပဲ။ ကျွန်မ ဆရာကြီးကို ကန်တော့ခဲ့ပါရစေ"

ထိုသို့ဆိုပြီး အမျိုးသမီးလေးသည် စားပွဲပေါ်ရှိ သူ့ပစ္စည်းလေးများကို အဝါရောင်ပိုးပဝါဖြင့် ပြန်လည်ထုပ်၍ သားရေလွယ်အိတ်တွင်

ထည့်ပြီး အတွင်းမှ စက္ကူစအနီကလေး ကပ်ထားသောစာအိတ်လေးကို ထုတ်ကာ အကျွန်ုပ်ရှေ့တွင် အသာချ၍ ဦးသုံးကြိမ်ချကာ ရှိခိုးကန်တော့၏။

"စိတ်က ကြံရွယ်လေသမျှ၊ နှုတ်က ပြောကြားလေသမျှ၊ ကိုယ်ကာယ အပြုအမူ ဆောင်ရွက်လေသမျှ အလုံးစုံသော ကိစ္စအဝဝတို့သည် ဖြစ်စေ၊ အောင်စေသတည်း"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

"ကျွန်မကို ပြန်ခွင့်ပြုပါဦးဆရာကြီး"

ယင်းသို့ နှုတ်ဆက်ပြီး အမျိုးသမီးလေးသည် အကျွန်ုပ်၏ နေအိမ်မှ ထွက်ခွာသွားတော့၏။

အကျွန်ုပ်ဘဝတစ်လျှောက်ဝယ် လူတစ်ယောက် ပြဿနာတစ်မျိုး ကြုံတွေ့နေရသော အခက်အခဲအကြပ်အတည်းများကို မိမိစွမ်းဆောင်နိုင်သမျှ (တကူးတကရှာဖွေ၍ မဟုတ်) ကူညီစောင်မခဲ့ရသော အကြိမ်ပေါင်းလည်း မနည်းတော့ပြီ။

ထိုသို့ ကူညီစောင်မခဲ့သည့်အတွက် အကျိုးရှိသည်လည်း ရှိသည်။ အကျိုးယုတ်သည်လည်း ရှိသည်။ တစ်ခါတစ်ခါ မိမိကိုယ်ပိုင် အသုံးပြုလိုလျှင် အသုံးပြုသော အိမ်သာကဲ့သို့ သဘောထားမျိုးကိုလည်း ခံခဲ့ရဖူး၏။

ထိုအမျိုးသမီးလေး အကျွန်ုပ်အား ကန်တော့သွားသော စက္ကူအနီလေး ကပ်ထားသည့် စာအိတ်လေးကို ဖွင့်ကြည့်လိုက်သည့်အခါ ငွေတစ်ထောင်ကျပ်ဖြစ်နေသည်ကို တွေ့မြင်ရ၏။

# ဘဝဟောင်းက ဇာတ်လမ်းစုံ

အကျွန်ုပ်သည် အဖော်မွန် ဝါးတောင်ဝှေးလက်ကိုင်တုတ်လေးကို အဖော်ပြု၍ စိပ်ပုတီးတစ်ကုံးနှင့်အတူ မြန်မာနိုင်ငံအနှံ့ ကျေးလက်တောရွာများကို ဂန္ဓာရီလှည့်လည်ရင်း ရောဝတီတိုင်းဘက်သို့ ရောက်ရှိသွားခဲ့၏။

မြောင်းမြခရိုင် ကျေးလက်တောရွာများသို့ ရောက်ရှိနေခိုက်တွင် ကျေးလက်ရှိ ရှေ့မီနောက်မီ လူကြီးသူမများ၏ ပြောပြချက်များအရ သိရှိခဲ့ရသော ဇာတ်လမ်းများကို အကျွန်ုပ်၏ 'ဂန္ဓာရီမှတ်တမ်း' စာအုပ်တွင် ရေးသားမှတ်တမ်းတင်ထားသည်များအနက် ဇာတ်လမ်းတစ်ပုဒ်ကို ကောက်နုတ်၍ ရေးသားတင်ပြပါအံ့။

(၁)

မြောင်းမြခရိုင်၊ ကျေးရွာတစ်ရွာမှ တိုက်ပိုင်သူကြီး ဦးသံလုံးသည် ဗြိတိသျှအစိုးရအတွက် အခွန်အတုတ်များ ကောက်ခံပေးရာတွင် မည်သူ၏မျက်နှာကိုမျှ မထောက်၊ ရက်ရက်စက်စက်ပင် ကောက်ခံလေ့ ရှိ၏။

ထို့အတွက်ကြောင့် ဗြိတိသျှအစိုးရက သူကြီးဦးသံလုံးကို သဘောကျနှစ်သက်သည်။ သို့ဖြစ်၍ နှစ်လုံးပြူးသေနတ်အပြင် ခြောက်လုံးပြူးသေနတ်တစ်လက်ကိုပါ ချီးမြှင့်မြှောက်စားခဲ့၏။

သူကြီးဦးသံလုံးသည် ကျေးရွာလူထုကို အာဏာဖြင့် ဖိစီးနှိပ်စက်သည်။ ထို့အပြင်လည်း လူမိုက်တပည့်များ မွေးထားပြီး ဓားပြတိုက်သေးသည်။ ဓားပြတိုက်ပြီး ဝေစုတစ်ဝက်ကိုလည်း ယူသေး၏။

သူကြီးဦးသံလုံးသည် ဗြိတိသျှအစိုးရက မြှောက်စားထားသော အာဏာ၊ ဓားပြတိုက်၍ရရှိထားသော ငွေကြေး၊ ဤနှစ်ရပ်ပေါင်း၍ အထူးအရှိန်အဝါကြီးကာ မိုးမမြင်လေမမြင် ဖြစ်နေ၏။

မောင်စုမှာ အရပ်ငါးပေကျော် ရှိသည်။ ဦးသံလုံး ဓားပြတိုက်ရာတွင် ခေါင်းဆောင်လည်း ဖြစ်သည်။ သူကြီးဦးသံလုံးသည် ပုပု လုံးလုံး သန်သန်မာမာ တုတ်တုတ်ခိုင်ခိုင်ဖြစ်သည်။ မြန်မာ့ရိုးရာ လက်ဝှေ့ပညာကိုလည်း ကောင်းစွာတတ်မြောက်ထားသူလည်း ဖြစ်သည်။

သူကြီးဦးသံလုံး၏လုပ်ရပ်ကို သူ့တပည့်ဓားပြမောင်စုကလည်း မခံ၊ ဂိုဏ်းခွဲထောင်မည်ဟု သတင်းကြားနေရသည်။ ထို့ကြောင့် သူကြီးဦးသံလုံးသည် တပည့်လေးယောက်နှင့်အတူ မောင်စုရှိမည့် နေရာသို့ ချက်ချင်း ထ၍ လိုက်လာခဲ့၏။

MOTHER EYE ART

(၂)

မောင်စုသည် ရှာစွန်မှ မုဆိုးမလေး မအိနှင့် သံယောဇဉ် တွယ်ငြိနေသည်။ မအိတွင် ငါးနှစ်အရွယ်သမီးကလေး ရှိ၏။ ထိုသမီး ငယ်လေးကို မောင်စုက သံယောဇဉ်တွယ်နေသည်။ ထိုအိမ်တွင် မောင်စုသည် အရက်သောက်သည်။ ထမင်းစားလေ့ရှိ၏။

မောင်စုက မအိကို နောက်မှ လာရောက်၍ ခေါ်မည်။ နောက်မှ အကြောင်းစုံကို ပြောပြမည်ဟုပြောဆို၍ ငွေငါးရာကျပ်ပေးကာ အိမ်ပေါ်မှ ထွက်ပြေးရန် ပြင်ဆင်၏။

ထိုအချိန်တွင် ကလေးငယ်က အတင်းငိုယိုပြီးပြောဆိုနေသည်။ ကလေးငယ်ကျေနပ်ရန် ထမင်းသုံးလေးလုတ် ဝင်စားမိ၏။

ယင်းသို့ မောင်စု ထမင်းစားနေခိုက်…

"ဟော့… မောင်စု ဆင်းခဲ့စမ်း"

ဟူသော အသံနှင့်အတူ သူကြီးဦးသံလုံး၏တပည့်များက အိမ်ရှေ့တွင်ရပ်နေသည်ကို မြင်တွေ့လိုက်ရ၏။ ထိုအချိန်တွင် မောင်စု သည် နောက်ဖေးပေါက်မှ ခုန်ချ၍ဆင်းလိုက်၏။

မောင်စု မြေပေါ်သို့အရောက်တွင် သူကြီးဦးသံလုံးက အတင်း ဝင်လုံး၍ ဖမ်းတော့သည်။ သူ၏တပည့်များက အိမ်ရှေ့မှ အိမ်ကို ပတ်ပြီး ပြေးလာကြသည်။

သူကြီးဦးသံလုံးက သန်စွမ်းသည်။ အသတ်အပုတ်ကျွမ်းသည်။ သို့သော် အသက်အရွယ်က ၅၀ ကျော်လေပြီ။

ထိုစဉ် သူကြီးဦးသံလုံး၏တပည့်တပန်းများက ကြောင်ပြီး ရပ်၍ ကြည့်နေကြ၏။

ဤတွင် သူကြီးဦးသံလုံးက…

"ဟော့ကောင်တွေ မင်းတို့အဖေမို့ ဝိုင်းပြီးမဖမ်းကြတာလား ကွ"

ဟူ၍ သူ့တပည့်များကို အော်ပြီးပြောဆိုလိုက်၏။

ထိုအခါမှ သူ့တပည့်များက လူစုလူဝေးဖြင့် မောင်စုကို ဝိုင်းအုံ၍ ဖမ်းဆီးကြတော့၏။

ဤတွင် မောင်စုက…

"ကျွန်တော့်ကို ငါးမိနစ်လောက်တော့ အချိန်ပေးပါ။ ဘုရားကို အာရုံပြုချင်လို့ပါ"

ဟူ၍ ခွင့်တောင်းလိုက်၏။ သူကြီးဦးသံလုံးက…

"ကောင်းပြီလေ ကောင်းပြီ။ ဟဲ… ဟဲ…"

ဟူ၍ လှောင်ပြောင်ရယ်မောလိုက်ပြီး ခွင့်ပြုလိုက်သည်။

မောင်စုသည် နောက်ဆုံးအချိန်လေးရရှိခိုက်တွင် ငြိမ်သက်စွာဖြင့် မြတ်စွာဘုရားကို ထိထိမိမိ အာရုံပြု၍နေလိုက်၏။

ငါးမိနစ်ခန့်ရှိပြီဟု ခန့်မှန်းရသောအချိန်တွင် သူကြီးဦးသံလုံးက တပည့်ဘလှအား အချက်ပြလိုက်သည်။ ဘလှက ငှက်ကြီးတောင်ဓားရှည်ဖြင့် မောင်စု၏ဇက်ကို တစ်ချက်တည်း ခုတ်ပိုင်းဖြတ်ချလိုက်တော့၏။

သို့ဖြင့် နောက်သုံးလေးရက်အကြာတွင် ဘီအိုင်အေတပ်များ ဝင်ရောက်လာသည်။ ထိုအချိန်တွင် ရွာရှိလူအများ… …ကြားချက်များအရ သူကြီးဦးသံလုံးကို စစ်ဆေးမေးမြန်းရန် သွားရောက်ခေါ်ငင်ကြ၏။

သူကြီးဦးသံလုံးက သူ့အကြောင်းကို သူ သိနှင့် နေသည်။ ထို့ကြောင့် သူ့အိမ်ခြံဝင်းအတွင်းမှ ဆီးကြိုပစ်ခတ်နေသည်။ တစ်ဖက်

နှင့် တစ်ဖက် အပြန်အလှန်ပစ်ခတ်ကြသည်။ သူကြီးဦးသံလုံးသည် သေနတ်ထိမှန်၍ ပွဲချင်းပြီး သေဆုံးသွားခဲ့၏။

(၃)

နောက်တစ်နှစ်ကျော်ခန့် ကြာခဲ့လေပြီ။

သူကြီးဦးသံလုံးတို့ရွာနှင့် တစ်ရွာကျော်တွင် မိန်းကလေး တစ်ဦးကို မွေးဖွားခဲ့သည်။ ထိုကလေးမလေး၏ ဇက်ပတ်ပတ်လည် တွင် အမာရွတ်ကြီးပါရှိလာခဲ့၏။ ထိုမိန်းကလေးသည် စကားပြော တတ်သော အရွယ်သို့ရောက်ရှိလာသောအခါ သူ့ဘဝဟောင်းက ဇာတ်ကြောင်းစုံကို ပြန်လည်၍ပြောပြခဲ့၏။

သူသည် ဘဝဟောင်းက ဓားပြခေါင်းစုဖြစ်ခဲ့ကြောင်း၊ သူကြီး ဦးသံလုံး၏ တပည့်ဘလူက သူ့ဇက်ကို ငှက်ကြီးတောင်ဓားရှည်ဖြင့် ခုတ်ပိုင်းသတ်ဖြတ်ခဲ့ကြောင်း သေအံ့ဆဲဆဲတွင် သုံးလောကထွတ်ထား မြတ်စွာဘုရားရှင်အား သေသေချာချာ ထိထိမိမိအာရုံပြုပြီး ရှိခိုး ကန်တော့ကာ...

"ဖြစ်လေရာဘဝမှာ ဆိုးသူမိုက်သူ မဖြစ်ပါရစေနဲ့ဘုရား"

ဟူ၍ ဆုတောင်းခဲ့ကြောင်း၊ မြတ်စွာဘုရားမှာသာ စိတ်အာရုံ စွဲကပ်နေမှုကြောင့် ကုပ်ပေါ်သို့ ဓားကျသည်ကိုပင် မသိရှိလိုက်ရ ကြောင်း၊ သူကြီးဦးသံလုံး၏ စေခိုင်းချက်အရ ပြည်သူ့အိမ်များကို ဓားပြတိုက်ခဲ့ကြောင်း စသည်ဖြင့် ပြန်လည်ပြောပြရာ အားလုံး တိတိ ကျကျ မှန်ကန်နေသည်ကို အံ့ဩဖွယ်ရာ မြင်တွေ့ရလေ၏။

ထိုမိန်းကလေးသည် ကြာသပတေးသမီးဖြစ်၍ အမည်ကို မမွေးဟူ၍ ပေးထားသည်။ လူဆိုးလူမိုက်ဓားပြပင် ဖြစ်လင့်ကစား

သုံးလောကထွတ်ထား မြတ်စွာဘုရားကို သေခါနီးအာရုံပြုအချိန်အခါတွင် နှစ်နှစ်ကာကာ ကြည်ညိုသဒ္ဓါစိတ်အပြည့်အဝဖြင့် အာရုံစိတ်ဖော်ကပ်နိုင်လျှင် လူ့ဘဝကို ပြန်လည်ရရှိနိုင်ကြောင်းကို ထိုရွာသူရွာသားများက ယုံကြည်နေကြ၏။

MOTHER EYE ART

# ဘဝဟောင်းက ချစ်ဦးသူ

ကျွန်တော်ဟာ ရုံးကြီးတစ်ရုံးက ဌာနခွဲတစ်ခုမှာ ရုံးအုပ်အဖြစ် အမှုထမ်းနေသူတစ်ဦး ဖြစ်ပါတယ်။ ကျွန်တော်ဟာ ရုံးပိတ်ရက် အားလပ်ရက်များမှာ တန်ခိုးကြီးဘုရားတစ်ဆူဆူကို သွားရောက်ပြီး သာသနိကအဆောက်အအုံတစ်ခုခုမှာ ၁၀၈ လုံး ပုတီးကုံးဖြင့် အဓိဋ္ဌာန် ပုတီး ၁၀၈ ပတ် စိပ်လာသည်မှာ နှစ်အတော်ကြာခဲ့ပြီ ဖြစ်ပါသည်။

ကျွန်တော်ဟာ လွန်ခဲ့သောနှစ်ပေါင်း ၂၀ ခန့်ကစပြီး မိမိ ဝါသနာပါရှိသည့် လောကီပညာတစ်ရပ်ဖြစ်သော ပယောဂကုတတ် သည့် အတတ်ပညာတစ်ခုကို လေ့လာလိုက်စားခဲ့ပါတယ်။ ဆရာမှန်၊ သမားမှန်၊ ပညာမှန်နှင့် တွေ့ကြုံခဲ့ရပါတယ်။

သို့အတွက်ကြောင့် ကျွန်တော် ကံ၊ ဉာဏ်၊ ဝီရိယအကြောင်း သုံးပါးညီညွတ်လို့ ကျွန်တော်ဟာ ကျွန်တော်တို့ဂိုဏ်းစဉ်မှာ အသက်

အရွယ်အားဖြင့်ငယ်သေးပေမဲ့ ပညာနှင့် အကျင့်သီလကောင်းမှုကြောင့် အန္တိမဆရာတစ်ဆူအဖြစ်ကို ရောက်ရှိခဲ့ပါတယ်။ စာတွေ၊ ကိုယ်တွေ့ နှစ်ရပ်ပေါင်းတဲ့ အတွေ့အကြုံများစွာကို ကျော်ဖြတ်ခဲ့သူပါ။

ကျွန်တော်ဟာ ရှီးရီးနေ မြင့်မြင့်ကြီးပြီး အများသတ္တဝါတွေ အပေါ်မှာ စိတ်ကောင်း စေတနာကောင်းထားရှိမှုကြောင့် တိုတောင်းလှသော အချိန်ကာလအတောအတွင်း၌ ရှုံးအုပ်ရာထူးကို လက်ခံရရှိခဲ့ပါတယ်။

ကျွန်တော့်အထက်က အရာရှိက အမျိုးသမီးပါ။ နာမည်က ဒေါ်ခင်မျိုးဝင်း ဖြစ်ပါတယ်။ အသက်အရွယ်က ၄၅ နှစ်ရှိပြီး ခေတ်ပညာတတ်တစ်ယောက်ပါ။

လူမှုပေါင်းသင်းဆက်ဆံရေးလည်း အလွန်ကို ပြေပြစ်ချောမွေ့ပါတယ်။ သူ့အထက်က လူကြီးမင်းများ ကြိုက်နှစ်သက်သလို **နေထိုင်** တတ်သလို အောက်လက်ငယ်သားများနှင့်လည်း တည့်အောင် **နေထိုင်**သူပါ။

ရှုံးတွင် ဒေါ်ခင်မျိုးဝင်းဆိုလျှင် ဘာပြဿနာမျှ မရှိ။ **ထက်**၊ အောက်နှင့် ကာလ၊ ဒေသ၊ ပယောဂနှင့်အညီ အဆင်ပြေအောင် နေထိုင်ပြောဆိုဆက်ဆံတတ်သဖြင့် အားလုံးက ချစ်ခင်ကြပါတယ်။ လေးစားကြပါတယ်။

သူ၏ ခင်ပွန်းဖြစ်သူက အင်ဂျင်နီယာတစ်ဦးပါ။ သမီးလေး တစ်ယောက် ထွန်းကားပါတယ်။ တစ်ခါတစ်ခါ ခင်ပွန်းဖြစ်သူသည် ဒေါ်ခင်မျိုးဝင်းကို ရှုံးသို့ ကိုယ်တိုင်ကိုယ်ကျ လိုက်လံပို့ခောင်သဖြင့် ရှုံးသူရှုံးသားများနှင့်လည်း စကားလက်ဆုံကျမိပြီး ခင်မင်ရင်းနှီး နေကြပါတယ်။

တစ်နေ့မှာ ဒေါ်ခင်မျိုးဝင်းဟာ သူနေထိုင်ရာ ကမာရွတ် ရပ်ကွက်က လူတွေနဲ့အတူ ကျိုက္ကမီရေလယ်ဘုရားဖူးသွားပါတယ်။ တခြားအကြောင်းပြချက်တစ်ခုနှင့် ခွင့်တစ်ပတ်တောင်းခံပြီး အဖော် ကောင်း၍ ကျိုက္ကမီရေလယ်ဘုရား သွားဖူးပါတယ်။

ကျိုက္ကမီရေလယ်ဘုရားဖူးပြီး ရုံးသို့ပြန်တက်တဲ့အခါမှာ တခြား လူတွေကတော့ သတိထားမကြည့်မိလို့လား မသိဘူး။ ကျွန်တော်က နား၊ မျက်စိမှာ အမြဲသတိနဲ့ ကပ်နေသူဆိုတော့ သိလိုက်ပါတယ်။

ဒေါ်ခင်မျိုးဝင်းဟာ အရင်ကနဲ့ လုံးဝမတူတော့ဘူး။ နေပုံထိုင်ပုံ ဣန္ဒြေကအစ လှုပ်ရှားဟန်အဆုံး လုံးဝကို ထူးထူးခြားခြားပြောင်းလဲ နေတာကို မြင်တွေ့ရပါတယ်။

ယခင်ကဆိုလျှင် ဒေါ်ခင်မျိုးဝင်းဟာ မျက်နှာထား ပြုံးပြုံး ရွှင်ရွှင် ထားတယ်။ လူတကာကို (ကိုယ့်အထက်လူကြီးနှင့် ဖြစ်စေ ကိုယ့်အောက်ငယ်သားနှင့် ဖြစ်စေ) ဖော်ဖော်ရွေရွေ ဆက်ဆံတယ်။ ကျွေးစရာရှိရင်လည်း ကျွေးတယ်။ စားစရာရှိရင်လည်း ရင်းရင်းနှီးနှီး ဝင်စားလေ့ ရှိတယ်။ ဘဝင်မကိုင်ဘူး။

ယခုမြင်တွေ့နေရတဲ့ ဒေါ်ခင်မျိုးဝင်းက ဒီလိုမဟုတ်ဘူး။ တစ်ခုခုကို တွေးတောစဉ်းစားနေပြီး မျက်နှာက အမြဲတမ်းမှုန်ကုတ်လို့ နေပါတယ်။

ဘယ်သူ့ကိုမှလည်း ရင်းရင်းနှီးနှီး စကားမပြောတော့ဘူး။ သူ့အရာရှိအခန်း ထဲက ထွက်တယ်ကို မရှိဘူး။ အခန်းအောင်းလို့သာ နေပါတယ်။

အလုပ်ကိစ္စနဲ့ သူ့အခန်းထဲကိုသွားရောက်ပြီး အကြောင်းအကျိုး ကို ပြောဆိုဆက်ဆံတဲ့အခါမှာလည်း သူ ဘုဘောက်ပြောလွှတ်လေ့ ရှိပါတယ်။

ဒီလိုအသေးအဖွဲ့ကိစ္စလေးတွေကို အခြားရုံးသူရုံးသား အမှုထမ်း၊ အရာထမ်းတွေက သတိမထားမိပေမဲ့ ကျွန်တော်ကတော့ သတိထားလို့ သိလိုက်ပါတယ်။

ဒေါ်ခင်မျိုးဝင်းဟာ ကျိုက္ကမီရေလယ်ဘုရားကိုဖူးပြီး ပြန်ရောက်လို့ ၄ ရက်ပဲ ကြာသေးတယ်။ ကျန်းမာရေးအကြောင်းပြချက်နဲ့ ခွင့် ၄ ရက် ယူမြန်ပါတယ်။

ခွင့်စေ့လို့ ရုံးပြန်တက်ပြီး တစ်ပတ်အကြာမှာ နောက်ထပ်ခွင့် ၇ ရက်ယူတာကို မြင်တွေ့ရပါတယ်။

ဒီလိုနဲ့ အလီလီအခါခါ ခွင့်တွေယူလိုက်တာ ခွင့်ရက်တွေကုန်လို့ ဆေးခွင့်ရက်ရှည်ကိုတောင်ယူပြီး ရုံးပျက်ကွက်နေပါတယ်။

ယခင်က ဒေါ်ခင်မျိုးဝင်းရဲ့ ခင်ပွန်းဖြစ်သူက ရုံးကို လိုက်ပေမဲ့ယခုလိုက် မပို့တာ ကြာပြီ။

ဒါကြောင့် ဒေါ်ခင်မျိုးဝင်းဟာ ကျန်းမာရေးချို့ယွင်းနေပေမဲ့ ဘာရောဂါဖြစ်တယ်ဆိုတာ မသိရဘူးပေါ့။

ကျွန်တော်က ဒေါ်ခင်မျိုးဝင်းနေထိုင်ရာ ကမာရွတ်သုခလမ်းနေအိမ်ကို ရုံးကိစ္စနဲ့ ရောက်ဖူးတော့ ဒေါ်ခင်မျိုးဝင်းရဲ့အခြေအနေမှန်နဲ့ ရောဂါဝေဒနာကို သိရှိလိုတာကြောင့် အိမ်ကိုသွားရောက်ပြီး သတင်းမေးရန် စိတ်ဆုံးဖြတ်ချက်ချထားလိုက်ပါတယ်။

ကျွန်တော်ဟာ ကမာရွတ် သုခလမ်းနေအိမ်ကို ရောက်သွားခဲ့ပါတယ်။

ကျွန်တော်ရောက်တဲ့အချိန်မှာ ဒေါ်ခင်မျိုးဝင်းဟာ အိမ်ခန်းထဲမှာ အိပ်နေလို့ မမြင်တွေ့ခဲ့ရပါဘူး။

အိမ်ရှေ့ဧည့်ခန်းမှာ သူ့ခင်ပွန်း အင်ဂျင်နီယာဦးခင်မောင်သန်းနဲ့တွေ့လို့ ဒေါ်ခင်မျိုးဝင်းအခြေအနေကို မေးမြန်းကြည့်လိုက်တဲ့အခါမှာ

ဦးခင်မောင်သန်းက သူ့နှုတ်ဖျားကို လက်ညှိုးလေးထောင်၍ မမေး မပြောရန် ဟန့်တားလိုက်ပြီး ကျွန်တော့်ကို လက်တို့ကာ လမ်းထိပ်က လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို ခေါ်သွားခဲ့ပါတယ်။

လက်ဖက်ရည်ဆိုင်ရောက်တော့ လက်ဖက်ရည်နှစ်ခွက်နဲ့ မုန့်တွေကိုမှာယူပြီး ဦးခင်မောင်သန်းက…

"ပြောရမှာတော့ ရှက်စရာကြီးပဲ ရုံးအုပ်ကြီးရယ်။ အခု ကျွန်တော်ပြောမယ့် ကိစ္စကို ရုံးကလူတွေ ဘယ်သူမှ မသိစေချင်ဘူး"

"ဟုတ်ကဲ့ ပြောပါ ဦးခင်မောင်သန်း။ ကျွန်တော် ရုံးကလူတွေ မသိအောင် လျှို့ဝှက်ထားပါ့မယ်"

"ဒီလိုပါ။ ဒေါ်ခင်မျိုးဝင်းခွင့်ယူပြီး ကျိုက္ကမီရေလယ်ဘုရား ကို ကမာရွတ်က သူ့လူတွေနဲ့ အဖော်ကောင်းပြီး သွားဖူးတာ သိတယ် နော်"

"သိပါတယ် ဦးခင်မောင်သန်း"

"အဲဒီကျိုက္ကမီရေလယ်ဘုရားက ဖူးပြီးပြန်လာကတည်းက ဒေါ်ခင်မျိုးဝင်းဟာ ညဆိုရင် တစ်ညလုံးမအိပ်ဘူး။ တစ်ယောက်တည်း ထပြီးစကားပြောနေလိုက်၊ အကြောင်းမရှိဘဲ ရယ်လိုက်၊ ငိုလိုက်နဲ့ ဖြစ်နေပါတယ်"

"ကျွန်တော်လည်း အလုပ်က တစ်ဖက်၊ ဘာလုပ်လို့ ဘာကိုင် ရမှန်းမသိ၊ ဒီလိုကိစ္စမျိုးဆိုတာက လူတိုင်းကို အသိပေးလို့ဖြစ်တဲ့ ကိစ္စမျိုးလည်း မဟုတ်ဘူး။ ဒီတော့ တိုးတိုးတိုင်တိုင်ပင်ပင် ဆွေးနွေးဖို့ ကလည်း တစ်ယောက်မှမရှိတော့ နောက်ဆုံးမတတ်နိုင်တဲ့အဆုံးမှာ သူငယ်ချင်းဆရာဝန်ရှိတဲ့ စိတ္တဇဆေးရုံကိုပို့ပြီး ကုသခဲ့ပါတယ်"

"စိတ်ကျန်းမာရေးဆေးရုံမှာ ကုသတော့ ဒေါ်ခင်မျိုးဝင်းရဲ့ အခြေအနေက ဘယ်လိုရှိသလဲ ဦးခင်မောင်သန်း"

"စိတ်ကျန်းမာရေးဆေးရုံက ဆေးတိုက်၊ ဆေးထိုး ရှော့ရိုက် ပေးလိုက်တော့ ကောင်းသွားပါတယ်။ ဒါနဲ့ ကျွန်တော်လည်း သူ့ကို ပြန်ပြီး ရုံးတက်စေပါတယ်။ မကြာပါဘူး။ ရက်ပိုင်းပါပဲ။ ညညပြန် ဖောက်လို့ ခွင့်ယူပြီး ကုသရပြန်ပါတယ်။

ဒီလိုနဲ့ ကောင်းရင် ရုံးတက်၊ ဖောက်လာရင် ခွင့်ယူနဲ့ လုပ်လာ လိုက်တာ ခုဆိုရင် ဆေးခွင့်တောင် ယူပြီး ကုသနေရတယ်။ ဒီတော့ ဒေါ်ခင်မျိုးဝင်းရောဂါ ပျောက်သွားအောင် ဘယ်ဆရာနဲ့ ဆေးကုသရ ရင် ကောင်းမလဲ။ အကြံဉာဏ်လေးများရှိရင် ပေးစမ်းပါဦး ရုံးအုပ်ကြီး ရယ်။ ကျွန်တော်တော့ ဦးနှောက်ကို ခြောက်နေပြီ"

လို့ ပြောဆိုပြီး ဦးခင်မောင်သန်းက ကျွန်တော့်ဆီက အကြံ ဉာဏ်များ တောင်းခံနေပါတယ်။

ကျွန်တော်က ကျွန်တော့်အရာရှိ ဒေါ်ခင်မျိုးဝင်းနဲ့ ပတ်သက်လို့ ကျိုက္ကမီရေလယ်ဘုရားဖူးပြီး ရုံးတက်ကတည်းက အစဉ်သတိရှိရှိနဲ့ လေ့လာထားလို့ ထူးထူးထွေထွေ စဉ်းစားမနေတော့ဘဲ…

"မြန်မာဆရာနဲ့ ပြကြည့်ရင် ကောင်းလိမ့်မယ်ထင်တယ်"

"ဘယ်လိုမြန်မာဆရာမျိုးလဲ ရုံးအုပ်ကြီးရယ်"

"ပယောဂကုတဲ့ဆရာနဲ့ ပြကြည့်ပြီး ကုသသင့်ပါတယ် ဦးခင်မောင်သန်း"

ကျွန်တော့်ပြောစကားကြောင့် ဦးခင်မောင်သန်းက ပါးစပ် အဟောင်းသားဖြစ်သွားပြီး…

"ဗျာ… ပယောဂဆရာ။ ဟုတ်လား ရုံးအုပ်ကြီး"

"ဟုတ်တယ်။ ကျွန်တော် ရုံးမှာ ဒေါ်ခင်မျိုးဝင်းနဲ့ နီးနီး ကပ်ကပ်နေထိုင်ပြီး အလုပ်လုပ်နေရတော့ သူ့အခြေအနေကို ရိပ်စား

မိတယ်။ သူ့ရောဂါအခြေအနေက ပယောဂနှောင့်ယှက်ထားတဲ့ သဘောမျိုးကို မြင်တွေ့နေရတော့ အကောင်းဆုံးက ပယောဂဆရာနဲ့ ကုသတာဟာ အကောင်းဆုံးပါ"

ဦးခင်မောင်သန်းက တွေဝေစဉ်းစားလိုက်ပြီး…

"ပယောဂဆရာဆိုတာ ရုပ်ရှင်ထဲ၊ ဇာတ်ထဲမှာ မြင်တွေ့ဖူးပါတယ်။ ဆေးလွယ်အိတ်ကြီး တကိုင်ကိုင်၊ ဆေးကြိမ်လုံး တယမ်းယမ်းနဲ့ ပယောဂဝင်ပူးကပ်တဲ့ သူကို လိုမ့်ရိုက်နေတာပဲ ရုံးအုပ်ကြီးရယ်။ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်။ ဒေါ်ခင်မျိုးဝင်းကို တစ်ချက်ကလေးမှ မရိုက်စေရပါဘူး။ ဘာဆေးကြိမ်လုံးမှလည်း မယူခဲ့ပါဘူး။ အားလုံး အေးအေးဆေးဆေးနဲ့ ကုသမှာပါ"

"အင်း… အဲဒီလို တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးနဲ့ ကုတတ်တဲ့ ပယောဂဆရာကို ဘယ်မှာ သွားပင့်ရမှာလဲ ရုံးအုပ်ကြီးရဲ့"

"ဘယ်ကိုမှ သွားရှာပြီး ပင့်မနေနဲ့။ ပယောဂဆရာဟာ ကျွန်တော်ပဲ။ ကျွန်တော်ဟာ ပယောဂပညာကို ကောင်းကောင်းတတ်တယ်။ ကုလည်း ကုသဖူးတယ်။ ပြီးတော့ ပယောဂပညာနဲ့ပတ်သက်လို့ ကျွန်တော်ဟာ အန္တိမအဆင့်ရှိတဲ့ ဆရာပါ"

ကျွန်တော့်စကားကြောင့် ဦးခင်မောင်သန်းဟာ ပြုံးရွှင်သွားပြီး…

"ဟာ… ဒါဖြင့် အကောင်းဆုံးပေါ့။ ရုံးအုပ်ကြီးဆိုရင်တော့ ကျွန်တော် ယုံကြည်စိတ်ချပါတယ်။ ကျွန်တော့်ဇနီး ဒေါ်ခင်မျိုးဝင်းကို ဆရာ့လက်ကို အပ်ပါတယ်။ ဘယ်နေ့ အိမ်ကိုကြွပြီး ကုသပေးမလဲ ဆရာ"

ဦးခင်မောင်သန်းဟာ ကျွန်တော့်ကို ရုံးအုပ်ကြီးလို့ ခေါ်ဆို ဆက်ဆံနေရာက 'ဆရာ' ဆိုပြီး သုံးနှုန်းဆက်ဆံတာကို ကြားလိုက် ရပါတယ်။

ဒါဟာ ကျွန်တော့်ပညာကို ယုံကြည်လေးစားတဲ့ အသွင် လက္ခဏာ ပါပဲ။ ဒါကြောင့် ကျွန်တော်ဟာ အချိန်ဆွဲမနေတော့ဘဲ…

"အခုလာမယ့် ရုံးပိတ်ရက် တနင်္ဂနွေနေ့ ကျွန်တော်လာ ခဲ့မယ်"

"အချိန်ကရော ဆရာ"

"မနက် ၁၀ နာရီနဲ့ ၁၁ နာရီကြားပေါ့"

"ဆရာ ဆက်ဆက်သာ ကြွခဲ့ပါဆရာရယ်။ ကျွန်တော် မျှော်နေပါ့မယ်။ ဒေါ်ခင်မျိုးဝင်းကိုလည်း ပြောထားလိုက်ပါမယ်။ ဘယ့်နှယ်လဲဆရာ"

"ရပါတယ်လေ"

ဒီနောက်မှာတော့ ကျွန်တော်ဟာ ဦးခင်မောင်သန်း လက်ဖက် ရည်ဆိုင်မှာ ခေါ်ပြီးဝတ်ပြုလိုက်တဲ့ လက်ဖက်ရည်ကိုသောက်ပြီး မိမိအိမ်ကို ပြန်ခဲ့ပါတယ်။

ရုံးအားတဲ့ တနင်္ဂနွေရက်အား နံနက် ၁၀ နာရီခွဲကျော်ကျော်မှာ ကျွန်တော်ဟာ ကမာရွတ် သုခလမ်းက ဦးခင်မောင်သန်းနှင့် ဒေါ်ခင်မျိုးဝင်းတို့အိမ်ဂေဟာကို ရောက်ရှိသွားပါတယ်။

အိမ်ထဲကို ဝင်လိုက်တဲ့အခါမှာ ဧည့်ခန်းက ကုလားထိုင်ပေါ်မှာ ဦးခင်မောင်သန်းတစ်ယောက်တည်း ထိုင်နေတာကို မြင်တွေ့ရပါ တယ်။

ကျွန်တော့်ကို ဦးခင်မောင်သန်းက တွေ့တွေ့ချင်း အားတို့ အားနာဖြစ်တဲ့ ဟန်အမူအရာနဲ့…

"ဆရာကြွလာမယ့်အကြောင်းကို ကျွန်တော် မနေ့ကတည်းက ဒေါ်ခင်မျိုးဝင်းကို ပြောထားပြီးသားပါ။ အခု မနက် ၉ နာရီကျော် ကျော်လောက်မှာ တဝါးဝါးနဲ့ သန်းဝေပြီး အိပ်ချင်တယ်ပြောပြီး အိပ်ခန်းထဲ ဝင်အိပ်နေပါတယ်။ ဆရာ့ကို အားနာလိုက်တာ"

"ကိစ္စမရှိပါဘူး။ ရပါတယ် ဦးခင်မောင်သန်းရယ်။ ဒီလို ပယောဂရဲ့ ပရိယာယ်မာယာသဘာဝကို နှောကြေနေအောင် ကျွန်တော် က သိထားပြီးသားပါ"

ဒီလိုပြောပြီး ကျွန်တော်ဟာ ဧည့်ခန်းဆောင်အတွင်းက သီးသန့် ဘုရားဆောင်က ဘုရားရှေ့မှာ ဘုရားဝတ်ပြုပြီး ဦးချကန်တော့လိုက် ပါတယ်။

ကျွန်တော့်နံဘေးမှာ ဦးခင်မောင်သန်းက ကျုံ့ကျုံ့လေးထိုင်လို့ နေပါတယ်။ ကျွန်တော်က ဘုရားဝတ်ပြုပြီးတဲ့အခါမှာ ကြမ်းပြင် ပေါ်မှာ ပစ်ချထိုင်လိုက်ပြီး…

"အခုလောက်ပြောဆိုတဲ့အသံနဲ့ ပြောဆိုရင် ဒေါ်ခင်မျိုးဝင်း အိပ်တဲ့နေရာက ကြားနိုင်ပါ့မလား"

"ဘယ်ကြားနိုင်ပါ့မလဲ ဆရာ"

"ဒါဖြင့် လုပ်ငန်းစမယ်"

လို့ ပြောပြီး ကျွန်တော်က ညာဘက်လက်ညှိုးနဲ့ ကြမ်းပြင်ကို တစ်ချက် နှစ်ချက်ထောက်ကိုင်ပြီး…

"ကဲ… အိပ်ခန်းထဲက ပယောဂအနှောင့်အယှက် ဝင်ပူးကပ် နေတဲ့ အကောင်။ အခု အခန်းအပြင်ကို ထွက်လာခဲ့စမ်း။ ဘုရားငါးဆူ အမိန့်၊ ဝိဇ္ဇာရှစ်သောင်း၊ ဆရာပေါင်းတို့ အမိန့်၊ ထွက်ရပ်ပေါက် ဆရာသမားတို့ အမိန့်၊ ဂိုဏ်းစဉ်အထက်ဆရာကြီးတို့ အမိန့်၊ ငါ အရှိမဆရာ အမိန့်နဲ့ မဆိုင်းတစ်ခဏအတွင်း အခုထွက်လာခဲ့စမ်း"

လို့ အမိန့်ပေးပြီး တစ်မိနစ်မကြာပါဘူး။ စက္ကန့်ပိုင်းလေး အတွင်းမှာပဲ ဒေါ်ခင်မျိုးဝင်းဟာ ဆံပင်ကိုဖားလျားချပြီး အိမ်ခန်း အပြင်ကို ထွက်လာတာ ကျွန်တော်နဲ့ သူ့ခင်ပွန်းဦးခင်မောင်သန်းရှေ့မှာ ဒူးကိုကွေးပြီး မိန်းမထိုင် ထိုင်နေပါတယ်။

ကျွန်တော်က ဒေါ်ခင်မျိုးဝင်းရဲ့မျက်နှာကို အကဲခတ်လိုက်ပါ တယ်။ မျက်ထောင့်ကြီးတွေနီပြီး မျက်တောင်မခတ်ဘဲ ကြည့်မိ ကြည့်ရာကို ကြည့်လို့နေပါတယ်။ ကျွန်တော်က...

"ကဲ... သုံးလောကထွတ်ထား မြတ်စွာဘုရားရှင်ကို ဦးသုံးကြိမ်ချပြီး ကန်တော့စမ်း"

လို့ အမိန့်ပေးလိုက်တော့ ဒေါ်ခင်မျိုးဝင်းက ကျွန်တော့်ခြေတော် ရင်းကို ဦးသုံးကြိမ်ချပြီး ကန်တော့တာကို မြင်တွေ့ရပါတယ်။

ကျွန်တော်က မကောင်းဆိုးဝါး ပယောဂပူးကပ်နေတဲ့ ဒေါ်ခင်မျိုးဝင်းကို အကြောက်အရွံ့ လုံးဝမရှိ တိုက်ပွဲမှာနိုင်ထားတဲ့ စစ်သူကြီးတစ်ယောက်ရဲ့ မျက်နှာထားမျိုးနဲ့...

"ဘယ်သူလဲ"

"ကျွန်တော် မောင်ရှုပပါ"

ပယောဂဝင်ပူးနေတဲ့ ဒေါ်ခင်မျိုးဝင်းပါးစပ်က တကယ့် ယောကျ်ားတစ်ယောက်အသံ ပီပီသသနဲ့ ပြန်ပြောလိုက်တဲ့အသံကြောင့် ဦးခင်မောင်သန်းက အံ့ဩသွားပြီး မျက်လုံးပြူးကာ ပါးစပ်အဟောင်း သား ဖြစ်သွားပါတယ်။

ကျွန်တော့်နံဘေးက ဦးခင်မောင်သန်းကိုကြည့်ပြီး ဘာမျှမမေး မပြောဖို့ မျက်စိမှိတ်ပြပြီး ဟန့်တားလိုက်ပါတယ်။

ပြီးတော့မှ ကျွန်တော်က ဆက်ကာ...

MOTHER EYE ART

"ဘယ်က မောင်ရှုပလဲ။ ငါ့ကိုပြောစမ်း"

"ကျွန်တော် ကျိုက္ကမီရေလယ်ဘုရားသိုက်ကပါ"

"ကဲ... မောင်ရှုပ။ မင်း ဒီမိန်းကလေးကို ဘာလို့နှောင့်ယှက်ရတာလဲကွယ်။ သူ့မှာ လင်နဲ့၊ သားသမီးနဲ့၊ အလုပ်တစ်ဖက်နဲ့ ခုလို မောင်ရှုပနှောင့်ယှက်တော့ သူ့မှာ အလုပ်ပျက်အကိုင်ပျက်နဲ့ ဆေးကုသဖို့ ငွေတွေလည်း ကုန်ကာပေါ့။ မောင်ရှုပ နောက်နောင်ကို ဒီမိန်းကလေး ဒေါ်ခင်မျိုးဝင်းကို အနှောင့်အယှက်မပေးဖို့ ဆရာက မေတ္တာရပ်ခံပါတယ်"

လို့ ပြောလိုက်တော့ ပယောဂဝင်ပူးနေတဲ့ ဒေါ်ခင်မျိုးဝင်းက မျက်ထောင့်နီကြီးနဲ့ တွေတွေကြီးစဉ်းစားနေပြီး...

"ဒီလိုရှိပါတယ် ဆရာ"

"ပြောစရာရှိတာ မထိမ်မဝှက်ဘဲ အကုန်ပြော။ မတရားမဖြစ်စေရဘူး။ အားလုံး တရားသဖြင့် မျှမျှတတဖြစ်စေရမယ်။ ဆရာ တာဝန်ယူတယ်"

"ဘုမ္မိသိုက်မှာ ရေသိုက်၊ ကုန်းသိုက်၊ ပညာသိုက်ရယ်လို့ သုံးမျိုးရှိတဲ့အနက် ကျိုက္ကမီရေလယ်ဘုရားသိုက်ဟာ ရေသိုက်ဖြစ်ပါတယ်။ ကျွန်တော် မောင်ရှုပဟာ အဲဒီသိုက်နန်းက သိုက်နန်းရှင်ပါ။ ကျွန်တော့်ရဲ့ဇနီးမယားက နာဂသီဂီဖြစ်ပါတယ်။ ကျွန်တော်တို့မှာ သားသမီးသုံးယောက်ရှိပါတယ်"

"ကျွန်တော်စောင့်တဲ့ သိုက်အပါအဝင် ကျွန်တော့်နယ်မြေမှာရှိတဲ့ သိုက်နန်းတွေအားလုံးကို ချုပ်ကိုင်ထားတဲ့သူက သိုက်ချုပ်ဘိုးတော်နိုင်ဗျတ္တပါ။ အဲဒီ သိုက်ချုပ်ဘိုးတော်နိုင်ဗျတ္တကလည်း ကျွန်တော် လူ့ဘဝတုန်းက ဘကြီးတော်စပ်တဲ့သူပါ။ ကျွန်တော် လူ့

ဘဝတုန်းက ကျွန်တော့်နာမည်ဟာ မင်းသူရ။ ကျွန်တော့်ဇနီးအမည်က မိကလျာဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ လူ့ဘဝတုန်းက ဘိုးဘွားဘီဘင်တွေ စုဆောင်းခဲ့တဲ့ ရွှေငွေရတနာဥစ္စာဓနတွေနဲ့ အဖိုးတန်ကျောက်မျက်ရတနာတွေကို စဥ့်အိုးကြီးတွေနဲ့အပြည့် တစ်လုံးတစ်ခဲတည်း စုထားလိုက်တော့ ထုခွဲပြီး စားလည်းမစားရက်၊ လှူလည်း မလှူရက်၊ ပေးလည်း မပေးရက်ဘဲ ဒီရွှေငွေဥစ္စာရတနာတွေကို ကျွန်တော်တို့မိသားစုက စိတ်အစွဲကြီးပြီး တောအရပ်မှာ မလုံခြုံတာနဲ့ မြို့အရပ်ကို သစ်လှေနဲ့အပြောင်းမှာ လေမုန်တိုင်းတိုက်မိပြီး သစ်လှေဟာ ရေအောက်ကို မြုပ်သွားပါတယ်။

ကျွန်တော်တို့မိသားစုဟာ သစ်လှေပေါ်မှာ တင်ဆောင်ခဲ့တဲ့ ရွှေငွေရတနာပစ္စည်းတွေကို အစွဲကြီးလွန်းတာကြောင့်၊ ရေအောက်မှာ ရောက်နေတဲ့ ရွှေငွေရတနာပစ္စည်းတွေကို စောင့်ရှောက်နေခဲ့တာ နှစ်ပေါင်းနှစ်ရာကျော်ကြာခဲ့ပါပြီ။

လူ့ဘဝတုန်းက ဘကြီးတော်စပ်ခဲ့တဲ့သူက အခု ကျွန်တော်တို့ နယ်ပယ်မှာ သိုက်ချုပ်ဘိုးတော်နိုင်ဗျတ္တလာဖြစ်ပြီး ကျွန်တော်တို့ မိသားစုကိုလည်း လူ့ဘဝက ဆွေမျိုးရင်းချာတော်စပ်တဲ့ ကျေးဇူးတရားကြောင့် ကာကွယ်စောင့်ရှောက်ပေးခဲ့ပါတယ်။

ဒီနှစ်ပေါင်းနှစ်ရာကျော်ကာလမှာ ကျွန်တော်ဟာ တစ်ခါတစ်ခေါက် လူ့ဘဝကို ပြန်သွားကြည့်ခဲ့ဖူးပါတယ်။ အချိန်ကာလ သိပ်မကြာပါဘူး။ နှစ်ပေါင်းသုံးဆယ်ကျော် လူ့ဘဝမှာနေထိုင်ပြီး လူ့ဘဝအရသာကို ခံစားခဲ့ပါတယ်။ ကျွန်တော် လူ့ဘဝကို ရောက်သွားချိန်မှာ သိုက်နန်းထဲမှာ ကျွန်တော့်ရုပ်ကလာပ်အလောင်းဟာ မပုပ်မသိုးဘဲ ရှိနေပါတယ်။

ကျွန်တော့်ရဲ့ ရုပ်ပွားပုံရိပ်က လူ့ဘဝမှာ သန္ဓေတည်ပြီး လူဖြစ်ခဲ့ပါတယ်။ ကျိုက္ကမီရေလယ်ဘုရားက သိုက်ထဲမှာ ကျွန်တော့်**ဇနီး** နာဂသိင်္ဂီတစ်ယောက်တည်း ကျန်ခဲ့ပါတယ်။

ကျွန်တော်ဟာ လူ့ဘဝကို ယောကျ်ားတစ်ယောက်အသွင်နဲ့ ရောက်ခဲ့ပေမဲ့ သံယောဇဉ်တွေ မတွယ်ကပ်ရအောင် အိမ်ထောင်မပြုခဲ့ပါဘူး။ တစ်ယောက်တည်း အေးအေးဆေးဆေးနေထိုင်ခဲ့ပြီး လူ့ဘဝမှာ အနှစ် ၃၀ ကြာတော့ ကျွန်တော်ဟာ ဇနီးမယားနာဂသိင်္ဂီရှိရာကို ပြန်သွားခဲ့ပါတယ်။

ကျွန်တော် ကျိုက္ကမီရေလယ်ဘုရားထဲက သိုက်နန်းထဲကို ပြန်ရောက်ပြီး နှစ်ပေါင်း ၁၀၀ ကျော်ကြာတဲ့အချိန်မှာ ကျွန်တော့်**ဇနီးမယား** နာဂသိင်္ဂီဟာ လူ့ဘဝကို ခဏပြန်သွားချင်တယ်လို့ ပူဆာပါ**တယ်**။ အကြိမ်ကြိမ်အခါခါပူဆာတော့ နောက်ဆုံးမတတ်နိုင်တဲ့ **အဆုံးမှာ** သိုက်ချုပ်ဘိုးတော်နိုင်ဗျတ္တနဲ့တိုင်ပင်ပြီး ကျွန်တော့်ဇနီး**မယား** နာဂသိင်္ဂီကို လူ့ဘဝကိုလွှတ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

သိုက်ထဲက ပုဂ္ဂိုလ်တစ်ဦးကို လူ့ဘဝကို ခေတ္တပြန်လွှတ်တဲ့ ကိစ္စဟာ လွယ်တဲ့ကိစ္စ မဟုတ်ပါဘူး။ အကြောင်းကြောင်းကြောင့် သူဟာ သိုက်နန်းကိုပြန်မလာရင် ကျွန်တော်တို့ဆီမှာ တစ်ယောက် လျော့သွားပါတယ်။

ဒါကြောင့် အခိုင်အမာ အာမခံချက်တွေရှိမှ လူ့ဘဝကို လွှတ်လေ့ရှိပါတယ်။ လူ့ဘဝကို လွှတ်ပြန်ရင်လည်း ဆွဲ့အနားပင်းနေအောင် ပြုလုပ်ထားတယ်။

ဒါမှမဟုတ် စိတ်ဓာတ်နဲ့ပတ်သက်ပြီး ကျပ်မပြည့်အောင် ပြုလုပ်ထားတယ်။ ဒါမှမဟုတ် ဒုက္ခတိဘဝ၊ ဒါမှမဟုတ် ဣဿ ပုဏ္ဏာ့တ်ဘဝမျိုးကိုရောက်အောင် ပြုလုပ်ထားရပါတယ်။

ဒါကြောင့် လူ့ဘဝမှာ တရားထူး၊ တရားမြတ်မရဘဲ သိုက်နန်းထဲကို ပြန်ပြီးရောက်လာမှာကိုး။ ဒါပေမဲ့ ကျွန်တော်ဟာ ဇနီးမယား နာဂသိင်္ဂီကို လွှတ်လိုက်တဲ့ခေတ္တမှာတော့ ကျွန်တော်ဟာ သူ့ကို ဒီလို အဖြစ်ဆိုးမျိုးတွေလုပ်ပြီး မလွှတ်လိုက်ဘူး။ ကောင်းကောင်းမွန်မွန်နဲ့ လူ့ဘဝမှာ နေထိုင်စေခဲ့ပါတယ်။

ဒါဟာ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာ ဇနီးမယား နာဂသိင်္ဂီကို ချစ်လွန်းလို့ပဲ။ နာဂသိင်္ဂီဟာ ကျွန်တော်နဲ့အတူ သိုက်နန်းရှင်ဘဝကို မရောက်ခင်က လူ့ဘဝတုန်းက ကျွန်တော့်ရဲ့မယား ချစ်ဦးသူပါ။

အဲဒီတုန်းက အလွန်ကို ချစ်ချစ်ခင်ခင်ကြင်ကြင်နာနာနဲ့ နေခဲ့သူတွေပါ။ တစ်ဦးနဲ့တစ်ဦး ခိုက်ရန်ဒေါသဖြစ်ပွဲကိုမပြောနဲ့ တစ်ယောက်နဲ့ တစ်ယောက် ကတောက်ကဆတောင် မဖြစ်ခဲ့ပါဘူး။ ဒီလောက်ကို ချစ်ခင်မေတ္တာသံယောဇဉ်ကြီး တွယ်ခဲ့ပါတယ်။

အဲ… နာဂသိင်္ဂီဟာ လူ့ဘဝကိုရောက်တော့လည်း ချမ်းချမ်းသာသာနေထိုင်ခဲ့ရပါတယ်။ လူတန်းစေ့နေထိုင်ရပါတယ်။ ခေတ်ပညာလည်း သင်လို့ တတ်ပါတယ်။

သိုက်နန်းရှင်ဘဝတုန်းက နာဂသိင်္ဂီဟာ လူ့ဘဝရောက်သွားတော့ သူ့ဘဝဟောင်းက သိုက်နန်းရှင်ဘဝကို သတိမေ့သွားပြီလေ။ အဲဒီမှာ သူဟာ အိမ်ထောင်ပြုရာယ်။

သားသမီးတွေရပြီး သံယောဇဉ်ကြိုးတွေ ငြိတွယ်နေတယ်။ အဲဒါ ဘယ်သူလဲ သိပါသလား ဆရာ။ အဲဒါ တခြားသူမဟုတ်ပါဘူး။ အခုဒီအကြောင်းတွေကို ပြန်ပြောပြနေတဲ့ အရာရှိကြီးဒေါ်ခင်မျိုးဝင်းလေ''

သိုက်နန်းရှင်။

ကျိုက္ကမီရေလယ်ဘုရားက သိုက်နန်းရှင်မောင်ရှပ ဝင်ပူးကပ်နေတယ်ဆိုတဲ့ ဒေါ်ခင်မျိုးဝင်းပါးစပ်က သည်လိုပြောလိုက်ရော ဦးခင်မောင်သန်းမျက်နှာပျက်သွားတာကို ကွက်ခနဲ မြင်တွေ့လိုက်ရပါတယ်။

ကျွန်တော်က ဦးခင်မောင်သန်းကို ဘာစကားမှ မပြောကြားဖို့ မသိမသာ ဦးခေါင်းကို ယမ်းပြီး အချက်ပြလိုက်ပါတယ်။

ဒါနဲ့ ဒေါ်ခင်မျိုးဝင်းက သူ့စကားကို ဆက်ပြန်ပါတယ်။

"ကျွန်တော့်မှာတော့ ကျွန်တော့်ဇနီးမယား နာဂသီဂီ တစ်ယောက် တစ်နေ့ သိုက်နန်းထဲပြန်လာနိုးနိုးနဲ့ သိုက်နန်းထဲက ရွှေသမွန်ပေါက သိုက်နန်းရပ်ကလာပ်ကိုကြည့်ပြီး အလွမ်းဖြေနေခဲ့ရတာ ခုဆို နှစ်ပေါင်း ၄၀ ကျော်ခဲ့ပြီဆရာ။

နာဂသီဂီက ခုထိပြန်မလာသေးဘူး။ ကျွန်တော့်ဘဝဟောင်းက ချစ်ဦးသူကို စောင့်မျှော်နေဆဲပါ။ ကျွန်တော်ဟာ ကျွန်တော့်ဇနီးမယား နာဂသီဂီကိုချစ်တဲ့ စိတ်အဟုန်နဲ့ ဘာမှမနှောင့်ယှက်ဘဲ အသာကြည့်နေခဲ့ပါတယ်။

အဲ... တစ်နေ့မှာ ကျွန်တော်ရှိတဲ့ ကျိုက္ကမီရေလယ်ဘုရား သိုက်နန်းကို ဒေါ်ခင်မျိုးဝင်းဟာ သူ့မိတ်ဆွေအပေါင်းအဖော်တွေနဲ့ ဘုရားလာဖူးတာ မြင်တွေ့လိုက်ရတော့ ကျွန်တော့်ရင်ထဲမှာ ဗလောင်ဆူ သွားတယ်။

အတိတ်က အရိပ်တွေဟာ စိတ်အာရုံထဲမှာပေါ်လာပြီး ပြာဖုံးနေတဲ့ မီးခဲကို လေနဲ့မှုတ်လိုက်တဲ့အတိုင်း ကျွန်တော့်မယား နာဂသီဂီ အပေါ်မှာထားရှိတဲ့ မေတ္တာတွေဟာ အသစ်တစ်ဖန် ပြန်ဖြစ်ပေါ်လာပါတယ်ဆရာ။

ဒါကြောင့် ကျွန်တော့်ဇနီးမယား နာဂသီဂီကို လူ့ဘဝမှာ ဒေါခင်မျိုးဝင်းအဖြစ်နဲ့ ပစ်မထားနိုင်ဘူး။ သိုက်နန်းထဲကို ပြန်ခေါ်ဖို့ ကျိုကွမ်မီရေလယ်ဘုရားကနေပြီး ဒေါခင်မျိုးဝင်းရဲ့နာမ်မှာကိန်းပြီး လိုက်လာခဲ့တာပဲ။ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ကျွန်တော့်ဇနီးမယား နာဂသီဂီကို သိုက်နန်းထဲကို ပြန်ခေါ်တော့မယ်။

အခုအချိန်ထိ ကျွန်တော့်အပေါ်မှာရှိထားတဲ့ ဂူဒ္ဒီတန်ခိုးတွေနဲ့ ဘယ်သူ့ကိုမှ စိတ်ဒုက္ခမပေးဘူး။ ယနေ့ လူ့ဘဝကိုရောက်နေတဲ့ ဒေါခင်မျိုးဝင်းဟာ ကျွန်တော့် ဇနီးမယား သိုက်နန်းရှင်နာဂသီဂီပါ။ ဒါကြောင့် ပြန်ပြီး သိုက်နန်းထဲကို ခေါ်တာပါ။ ကျွန်တော်ပြောတာ တရားပါတယ်နော်”

လို့ပြောပြီး စကားကို ရပ်တန့်လိုက်ပါတယ်။

ကျွန်တော်ကတော့ မြန်မာဂမ္ဘီရသိပ္ပံ၊ ဝိဇ္ဇာဓရ၊ လောကီပညာနယ်ပယ်မှာ ဒီလိုကိစ္စရပ်ကြီးငယ်တွေကို ကြုံဖူးဆုံဖူးတဲ့ အခြေအနေကြောင့် ဒေါခင်မျိုးဝင်းကို သိုက်နန်းရှင်မောင်ရှုပဆိုတဲ့ပုဂ္ဂိုလ်တစ်ဦး ပြောဆိုသွားတဲ့ စကားတွေဟာ သိပ်တော့မထူးဆန်းလှပါဘူး။ ဒါကြောင့် ကျွန်တော် ဣန္ဒြေရရနဲ့…

“ကဲ…မောင်ရှုပ။ မင်း မထိမ်မချန် မကွယ်မဝှက်ဘဲ မင်းပြောချင်တဲ့စကားတွေဟာ ဒါအကုန်ပဲလား။ နောက် ဘာပြောစရာ စကား ရှိသေးသလဲ။ စဉ်းစားပြီး ပြောနော်”

“ဆရာက မတရားမဖြစ်စေရဘူး။ အားလုံး တရားသဖြင့် မျှမျှတတဖြစ်စေရမယ်။ ဆရာတာဝန်ယူတယ်ဆိုလို့ ကျွန်တော် ပြောပြတာပါ။ ကျွန်တော်ပြောချင်တဲ့ စကားဟာ ဒါအကုန်ပဲဆရာ”

"ကောင်းပြီ။ ဒါဖြင့် ငါတစ်ခုမေးမယ်နော်။ ငါဟာ ဘယ်လိုဆရာမျိုးဆိုတာ မင်းသိမှာပေါ့။ မင်းရဲ့စကားအရ မင်းမှာ ဣဒ္ဓိတန်ခိုးတွေရှိတယ် မဟုတ်လား"

"ဆရာဟာ ဘယ်လိုဆရာမျိုး၊ ဝိဇ္ဇာပညာအရ ဘယ်လိုအဆင့်ရှိတယ်၊ သီလသမာဓိပညာအရ ဘယ်အဆင့်မှာရှိတယ်ဆိုတာ ကျွန်တော် သိပါတယ်ဆရာ"

"ဟုတ်ပြီ။ ငါဆရာဟာ ဘယ်ဂိုဏ်းကလဲ။ တို့ရဲ့ဂိုဏ်းက အထက်ဆရာကြီးဟာ မင်းတို့ဂိုဏ်းက ဘုမ္မိကသိုက်လောကကို ဘယ်လို ပညာပေးပြီးဆုံးမခဲ့တယ်ဆိုတာကို မင်းသိတယ် မဟုတ်လား"

"သိပါတယ်ဆရာ"

"အခုလို မင်းကို ငါမေးတာ၊ ပြောတာဟာ ငါ့သမားဂုဏ်ပြချင်လို့ မဟုတ်ဘူးဆိုတာကိုတော့ မင်း သဘောပေါက်ထားစေချင်တယ်။ လောကမှာ တစ်ဦးနဲ့တစ်ဦး တွေ့ကြုံကြတဲ့ အခိုက်အတန့်လေးမှာ ဒေါသရှေ့ထားပြီး ခိုက်ရန်ဖြစ်ပွားရင် ဘယ်ကောင်းမလဲ။ လောကီမှာလည်း မကောင်းဘူး။ လောကုတ္တရာမှာလည်း မကောင်းဘူး။ တစ်ယောက်နဲ့တစ်ယောက် မေတ္တာရှေ့ထားပြီး ဆက်ဆံချင်လို့ပြောတာပါ။ ငါဆရာဟာ မင်းမောင်ရှုပအပေါ်မှာ မေတ္တာထားတယ်။ မောင်ရှုပကရော ငါ ဆရာအပေါ် မေတ္တာထားနိုင်ပါ့မလား"

လို့ ကျွန်တော်က မေးလိုက်တဲ့အခါမှာ သိုက်နန်းရှင် မောင်ရှုပဝင်ပူးကပ်ပြီး နာမ်ကိန်းနေတယ်ဆိုတဲ့ ဒေါ်ခင်မျိုးဝင်းက ပြုံးရွှင်ကာ လက်ကလေးနှစ်ဖက်ယှက်ပြီး…

"ဆရာ့ကို ကျွန်တော် မေတ္တာထားပါတယ်"

"ဒါဖြင့် ငါဆရာ မင်းကို ပြောသင့်ပြောထိုက်ပြောအပ်တဲ့ စကားကိုတော့ ပြောတော့မယ်နော်"

"ပြောပါဆရာ"

"ဘဝသံသရာဆိုတာကို မင်းလက်ခံသလား"

"လက်ခံပါတယ် ဆရာ"

"အဲဒီဘဝသံသရာ ချားရဟတ်ထဲမှာ သတ္တဝါတွေအားလုံးဟာ ဖြစ်ပျက်၊ တည်ပျက်နေတာချည်းပဲ။ ဖြစ်ချိန်တန်ဖြစ်၊ ပျက်ချိန်တန်တော့လည်း ပျက်တာပဲ။ မောင်ရှုပပြောနေတဲ့ နာဂသိင်္ဂီဆိုတာ မောင်ရှုပရဲ့ ဇနီးမယား မှန်ပါတယ်။ ဒါက သိုက်နန်းရှင်ဘဝတုန်းကလေ။

အခု နာဂသိင်္ဂီဟာ လူ့ဘဝကို ရောက်နေပြီ။ ဒေါ်ခင်မျိုးဝင်းအဖြစ်နဲ့ ဦးခင်မောင်သန်းရဲ့ဇနီးဖြစ်နေပြီး သားသမီးတောင် ရနေပြီ။ မောင်ရှုပရဲ့ဇနီးမယား မဟုတ်တော့ဘူး။

ဒီအခါမှာ မောင်ရှုပက ငါ့ရဲ့ ဇနီးမယားပဲ။ ငါပြန်ပြီး သိမ်းပိုက်မယ်။ သိမ်းယူမယ်ဆိုရင် သူများမယားကို ယူသလိုဖြစ်နေမှာပေါ့။ လောကသဘာဝမှာလည်း ကိုယ်နဲ့ပေါင်းတော့ ကိုယ့်မယား၊ သူများနဲ့ပေါင်းတော့ သူများမယားဆိုတဲ့ သဘာဝတွေ ရှိပါတယ်။ ဒီတော့ မောင်ရှုပဟာ ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်ရာသလို ဖြစ်သွားမယ်နော်။ အသိတရားမှာ သတိတရားလေးထားဦး"

ကျွန်တော်က သည်လိုပြောလိုက်တော့ သိုက်နန်းရှင်မောင်ရှုပဝင်ပူးနေတယ်ဆိုတဲ့ ဒေါ်ခင်မျိုးဝင်းဟာ မျက်မှောင်ကြုတ်ပြီး စဉ်းစားသွားတယ်။

ပြီးတော့မှ စောစောက စကားပြောသလို သွက်သွက်လက်လက် မဟုတ်တော့ဘဲ အာလေးလျှာလေးအသံနဲ့…

"အခု လူ့ဘဝကိုရောက်နေတဲ့ ဒေါ်ခင်မျိုးဝင်းဟာ ကျွန်တော့် ဇနီးမယား သိုက်နန်းရှင် နာဂသိဂီပါဆရာ။ ကျွန်တော်က ချစ်လွန်းလို့ သူ့ဆန္ဒကိုလိုက်လျောပြီး သူ့ကို လူ့ဘဝကို ခေတ္တခဏပြန်သွားခိုင်းတာပဲဟာ။ ခုအချိန်စေ့လို့ ကျွန်တော်ပြန်ခေါ်တာ မတရားဘူးလား ဆရာ"

"ဒီမှာ မောင်ရှုပ။ မင်းကို ငါ ဆရာပြောမယ်။ ငါဆရာ မင်းကို စကားပလ္လင်ခံကတည်းက မင်းကို နောက်ဘာပြောစရာရှိသေးလဲ။ စဉ်းစားပြီးပြောနော်လို့ ငါ မပြောဘူးလား။ ပြောခဲ့သလား"

"ပြောခဲ့ပါတယ် ဆရာ"

"အဲဒီတုန်းက မင်းက ဘာပြန်ပြောခဲ့သလဲ"

"ဒီတုန်းက ကျွန်တော်ပြောချင်တဲ့စကားဟာ ဒါအကုန်ပါပဲလို့ ပြောခဲ့ပါတယ်ဆရာ"

"ဟုတ်ပြီ။ မင်းပြောသွားတဲ့စကားတွေထဲမှာ မင်းရဲ့ဇနီးမယား နာဂသိဂီကို သူ့သဘော၊ သူ့ဆန္ဒအရ လူ့ဘဝကို ခေတ္တခဏသွားခွင့်ပြုတုန်းက နှစ်အကန့်အသတ်နဲ့ သစ္စာကတိပြုခဲ့တာ မပါဘူး။ အဲဒါကို ရော သင် သတိထားလိုက်ပါရဲ့လား"

"ဒီတုန်းက ကျွန်တော်မှန်ထူပြီး သစ္စာကတိ ဘာမှ မတောင်းလိုက်မိဘူးဆရာ"

"အဲဒါက အချက်ပဲမောင်ရှုပ။ ငါဆရာဟာ ဘုမ္မိကသိုက်လောကအကြောင်းကို ကောင်းကောင်းကြီး သိထားတယ်။ သိုက်နန်းရှင်၊ သိုက်စောင့်၊ သိုက်ကြပ်အမျိုးမျိုးတွေကို ငါဆရာ တွေ့ဖူးတယ်။

ဒီတော့ မင်းကိုယ်တိုင်က နှစ်အကန့်အသတ်နဲ့ သစ္စာကတိမပြုဘဲ လူ့ဘဝကို လွှတ်လိုက်တဲ့ နာဂသီဂိကို လူ့ဘဝမှာ သက်တမ်း**စေ့** ပျော်ပျော်ပါးပါး နေသွား**ပါ**စေလား။

မနှောင့်ယှက်ချင်ပါနဲ့။ သိုက်နန်းထဲကို ပြန်ခေါ်ဖို့လည်း မကြိုးစားပါနဲ့။ လူ့ဘဝမှာ ဒေါ်ခင်မျိုးဝင်းဘဝနဲ့ ပျော်ရွှင်နေတာကို ကြည့်ပြီး ဝမ်းသာစမ်းပါကွာ။ ဒါမှလည်း မင်းက သူ့ကို ချစ်ရာကျမှာ ပေါ့။ မဟုတ်ဘူးလား မောင်ရှုပ''

သိုက်နန်းရှင် ဝင်ပူးနေတဲ့ မောင်ရှုပ ဒေါ်ခင်မျိုးဝင်းဟာ ကျွန်တော့်စကားကြောင့် ပါးပြင်နှစ်ဖက်ပေါ်ကို မျက်ရည်ပူများ စီးကျ နေပါတယ်။

ဘာစကားမှလည်းမပြောဘဲ အတော်လေးကြာတော့မှ ...

''ကျွန်တော် ဆရာပြောတဲ့စကားကို သဘောပေါက်ပါပြီ''

''သဘောပေါက်ရင် မင်းရဲ့ဘဝဟောင်းက ချစ်ဦးသူ နာဂ**သီဂိ** ကို ချစ်ရာရောက်အောင် အခု လူ့ဘဝကိုရောက်နေတဲ့ ဒေါ်ခင်မျိုး**ဝင်း** ကို သိုက်နန်းထဲ ပြန်ခေါ်ဖို့ မင်းဘယ်တော့မှ မကြိုးစားနဲ့။ ပြီးတော့ လူ့ဘဝမှာ ခေတ္တရောက်လာပြီး ဒါန၊ သီလ၊ ဘာဝနာတွေ ပွားများနေ တဲ့ ဒေါ်ခင်မျိုးဝင်းကို မင်းဘယ်တော့မှ မနှောင့်ယှက်ပါနဲ့လို့ ငါဆရာ မေတ္တာရပ်ခံပါတယ်။

လူ့ဘဝဆိုတာ ရခဲဘိခြင်း။ အဖိုးတန်တဲ့ လာဘဝမှာ အဖိုးတန် တဲ့အလုပ်တွေ အများကြီးလုပ်လို့ ရတယ်။ သ်ထားမှတ်ထားပါ မောင်ရှုပ။ လောကမှာ လူကတိ၊ နတ်ကတိဆိုတဲ့စကားရှိတယ်။ မင်းဟာ လူ့ဘဝရောက်နေတဲ့ ဒေါ်ခင်မျိုးဝင်းကို သိုက်နန်းထဲခေါ်ဖို့ ဘယ်တော့မှာ မကြိုးစားပါနဲ့။

လူ့ဘဝမှာ ဒါန၊ သီလ၊ ဘာဝနာတွေ ပွားများနေတဲ့ ဒေါ်ခင်မျိုးဝင်းကို ဘယ်လိုအနှောင့်အယှက်မှ မပေးဘူးဆိုတာ သုံးလောကထွတ်ထား မြတ်စွာဘုရားရှင် ရှေ့မှာ ကတိသစ္စာပြုရဲပါ့မလား"

"ကျွန်တော်က ကတိသစ္စာပြုရဲပါတယ်ဆရာ"

သည်တစ်ခါမှာ ကျွန်တော်ဟာ သိုက်နန်းရှင် မောင်ရှုပ ဝင်ပူးနေတယ်ဆိုတဲ့ ဒေါ်ခင်မျိုးဝင်းကို ဘုရားစင်ရှေ့မှာ လက်နှစ်ဖက်ယှက်ပြီး ဘုရားကို ဝတ်ပြုစေကာ ဘုရားသောက်တော်ရေချမ်းတစ်ခွက်မှာ ကတိသစ္စာဆိုပြီး တိုက်ကျွေးလိုက်ပါတယ်။

ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တရှိတဲ့ ဘုရားရှင်တို့ရဲ့ ရေစင်တန်ခိုးတော် တိုက်ကျွေးပြီးတာနဲ့ ပယောဂအနှောင့်အယှက် ဝင်ပူးနေတဲ့ ဒေါ်ခင်မျိုးဝင်းရဲ့ မျက်နှာမှာ သုန်သုန်မှုန်မှုန်မရှိတော့ဘဲ ဝင်းပကြည်လင်ပြီး နဂိုမူလ ဒေါ်ခင်မျိုးဝင်းဘဝပြန်ရောက်သွားပါတယ်။

နာရီပိုင်းအတောအတွင်းမှာပင် ဒေါ်ခင်မျိုးဝင်း၏ အခြေအနေသည် ထူးထူးခြားခြားကောင်းမွန်လာတာကို မြင်တွေ့ရတဲ့ ဦးခင်မောင်သန်းက ဝမ်းသာပြီးရွှင်မြူးလို့ နေပါတယ်။

ကျွန်တော်လည်း ကျွန်တော့်ကိစ္စ၊ ကျွန်တော့်တာဝန်ပြီးဆုံးပြီဖြစ်လို့ အိမ်ပေါ်မှာ ကြာကြာထိုင်မနေချင်တာကြောင့် ပြန်ဖို့ထိုင်ရာကထပြီး ဟန်ပြင်လိုက်တဲ့အခါမှာ…

"ဆရာ ပြန်တော့မလို့လား။ ကျွန်တော် ကားနဲ့ ဆရာ့အိမ်အရောက် လိုက်ပို့ပေးမယ်လေ"

လို့ပြောပြီး ဦးခင်မောင်သန်းဟာ သူ့ကားကို ဂိုဒေါင်က ထုတ်ကာ ကျွန်တော့်ကို လိုက်ပို့ပါတယ်။ ကျွန်တော့်ကို ကားပေါ်မှာ…

"ဆရာ့ပညာကတော့ တကယ့်ကို အစွမ်းထက်တာပဲ။ ကျွန်တော်က ဒါမျိုးတွေ တစ်ခါမှ ကြုံဖူးတာမဟုတ်တော့ ဆရာ့ကို တွေ့စက ဟုတ်မှဟုတ်ပါ့မလားလို့တောင် အထင်မှားခဲ့ပါတယ်"

"ဒါတွေ အသာထားစမ်းပါဦး ဦးခင်မောင်သန်း။ ဒေါ်ခင်မျိုးဝင်းပါးစပ်က ပြောသွားတဲ့ မောင်ရှုပရဲ့စကားတွေကို ကြားတယ်နော်"

"ကြားပါတယ် ဆရာ"

"ဒါတွေအားလုံး အမှန်တွေချည်းပဲလို့ မယုံစားနဲ့။ ဘုန်းကြီးက သိုက် ဥစ္စာစောင့် သိုက်နန်းရှင်ဆိုတာ လူတွေကသာ လောဘစိတ်နဲ့ ရွှေရနိုးနိုး၊ ငွေရနိုးနိုးနဲ့ အထင်တကြီးနဲ့ ဖြစ်နေကြတာ။ တကယ်က တော့ ဥစ္စာစောင့်သိုက်နန်းရှင်ဆိုတာက ပြိတ္တာဘုံသားတွေ။ တစ်နည်း ပြောရရင်တော့ ကမ္ဘာ့ဗိဒ္ဓိရှိတဲ့ နာနာဘာဝအကြီးစားတွေ။ ဒီတော့ သူတို့ပြောတဲ့စကားတွေမှာ မှန်တာတွေပါသလို ပရိယာယ်မာယာတွေလည်း ပါတယ်ဆိုတာကို သိထားဖို့လိုတယ်။ အကုန်ယုံစားလို့ မဖြစ်ဘူးနော်"

"မောင်ရှုပက ဆရာတိုက်တဲ့ သစ္စာရေကို သောက်သွားတာပဲ မဟုတ်လား"

"ဘာပဲပြောပြော၊ ဘာပဲလုပ်လုပ် ဘုန်းကြီးကတွေက ပရိယာယ်မာယာများတတ်တာကိုတော့ သတိမမေ့သင့်ဘူး။ အခု ဒေါ်ခင်မျိုးဝင်း အနားက မောင်ရှုပခွာသွားတာ မှန်တယ်။

ဒါဟာ ပရိယာယ်သဘောလည်း ဖြစ်နိုင်တယ်။ ဒီတော့ ဒေါ်ခင်မျိုးဝင်းကို စောင့်ကြည့်။ ခုနစ်ရက်၊ တစ်ပတ်ကြာလို့ ဘာအနှောင့်အယှက်မှမရှိတော့မှ လုံးလုံးပျောက်သွားပြီ။ ပယောဂ

နှောင့်ယှက်လို့ မရတော့ဘူး။ အောင်နိုင်သွားပြီလို့ မှတ်ပါ။ ဒီခုနစ်ရက်တစ်ပတ်အတွင်းမှာ ဒေါ်ခင်မျိုးဝင်းမှာ အနှောင့်အယှက်တစ်စုံတစ်ရာပေါ်တာနဲ့ ကျွန်တော့်ဆီကို ချက်ချင်းအကြောင်းကြားပါ။ ရုံးချိန်ဆိုရင်တော့ ရုံးကို ဖုန်းဆက်ပါ။ ရုံးဆင်းရင်တော့ ကျွန်တော် အိမ်မှာ ရှိတတ်ပါတယ်။ ကျွန်တော်ဟာ အိမ်မှာ ဘုရားစာအုပ် ဖတ်တယ်။ ပုတီးစိပ်တယ်။ တရားထိုင်တယ်။ ဟိုနားဒီနားသွားပြီး လက်ဖက်ရည်သောက်လည်း ခဏပဲ။ အိမ်မှာပဲ အမြဲနေလေ့ရှိတယ်"

"ဟုတ်ကဲ့။ ကျေးဇူးပါပဲခင်ဗျာ"

သည်အချိန်မှာ ဦးခင်မောင်သန်းမောင်းပြီး လိုက်ပို့တဲ့ကားဟာ ကျွန်တော့်အိမ်ကို ရောက်ပြီဖြစ်လို့ ကားပေါ်က ဆင်းလိုက်ကာ အိမ်ထဲကို ဝင်သွားပါတော့တယ်။

***

နှစ်ရက် သုံးရက်အတွင်း ဒေါ်ခင်မျိုးဝင်းကိစ္စနှင့် ပတ်သက်၍ ဘာပြဿနာမှ မပေါ်ပေါက်ခဲ့ပါ။

ငါးရက်မြောက်သောနေ့တွင် ကျွန်တော် ရုံးကနေပြီး အိမ်ပြန်ရောက်လာတဲ့ အချိန်မှာ ဦးခင်မောင်သန်းဟာ သူ့ကားနဲ့ ကျွန်တော့်အိမ်ကို ရောက်ချလာပါတော့တယ်။

ကျွန်တော်က ဦးခင်မောင်သန်းရဲ့မျက်နှာကို လှမ်းကြည့်လိုက်တဲ့အခါမှာ စိုးရိမ်ပူပန်မှုအရိပ်အယောင်များက ယှက်သန်းနေတာကို တွေ့ရတော့…

"ဘာများအကြောင်းထူးလို့လဲ ဦးခင်မောင်သန်း"

"ထူးတယ်ဆရာရေ ထူးတယ်။ မသေကောင်း မပျောက်ကောင်း"

"သိရအောင် ပြောဗျာ"

ဦးခင်မောင်သန်းက ကျွန်တော်၏မျက်နှာချင်းဆိုင်က ခုံတစ်ခုံမှာ ဝင်ရောက်ထိုင်လိုက်ပြီး…

"ဒီလိုပါဆရာ။ ဒေါ်ခင်မျိုးဝင်းရဲ့ ပယောဂကို ဆရာကုသပြီးပြန်သွားကတည်းက ကျွန်တော်ဟာ ဒေါ်ခင်မျိုးဝင်းကို အလွတ်မပေးဘူး။ အရိပ်တကြည့်ကြည့်နေပါတယ်။

မသွားမဖြစ်လို့ အလုပ်ကိုသွားရင်လည်း မကြာဘူး ခဏပဲ။ အိမ်ကိုပြန်လာပြီး ဒေါ်ခင်မျိုးဝင်းနားမှာပဲ စောင့်ရှောက်နေပါတယ်။ ဒီနေ့တော့ အလုပ်က အရေးကြီးတာနဲ့ မနက်ကတည်းက ထွက်သွားလိုက်တာ စောစောလေးကမှ အိမ်ကို ပြန်ရောက်ပါတယ်။ အိမ်လည်းပြန်ရောက်ရော ဒေါ်ခင်မျိုးဝင်းရဲ့ပြဿနာကို သိရတာပဲဆရာ"

"ဒေါ်ခင်မျိုးဝင်းက ဘယ်လိုများ ပြဿနာပေါ်လို့တုံး။ ပြောစမ်းပါဦး"

"ကျွန်တော်ဟာ မြောက်ဥက္ကလာမှာ မြေတစ်ကွက် ဝယ်ယူထားတယ်။ ကျွန်တော်နဲ့ ဒေါ်ခင်မျိုးဝင်းတို့ အလုပ်က ပင်စင်ယူရင် အိမ်ဆောက်ပြီး အေးအေးဆေးဆေးနေရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မြေကွက်ဝယ်ယူထားတာပါ။

မြေကွက်က ရှင်းမထားတော့ သစ်ပင်ချုံနွယ်တွေနဲ့ တောလိုဖြစ်နေပါတယ်။ မြေကွက်ရဲ့အလယ်တည့်တည့်မှာလည်း ယောကျ်ားနှစ်ဖက်စာလောက်ရှိတဲ့ သရက်ပင်ကြီးတစ်ပင် ရှိတယ်။ မနေ့ညကတော့ ဒေါ်ခင်မျိုးဝင်းကို မောင်ရှုပက အိပ်မက်ပေးတယ်ဆရာ"

"ဘယ်လိုများ မောင်ရှုပက အိပ်မက်ပေးသလဲ"

"အိမ်မက်ထဲမှာ မောင်ရှုပက ကိုယ်ထင်ပြပြီး ဒေါ်ခင်မျိုးဝင်းကို သူပိုင်ရွှေအိုးတစ်အိုးဟာ ခု ကျွန်တော်တို့ဝယ်ယူထားတဲ့ မြောက်ဥက္ကလာမြေကွက် သရက်ပင်ကြီးရဲ့ အရှေ့ဘက်အလှမ်းနှစ်ဆယ်မှာ တူးကြည့်ရင် ရွှေအိုးရလိမ့်မယ်လို့ အိပ်မက်ပေးတယ်။

အမျိုးသမီးဆိုတော့ ရွှေနဲ့မျှားရင် ဘယ်သူခံနိုင်မှာလဲ။ လောဘဇောတွေတက်ပြီး ကျွန်တော့်ကိုတောင် အသိမပေးဘူး။ ဒီနေ့ကျမှ ကျွန်တော်ကလည်း အလုပ်တွေများနေလို့ ညနေကျမှပဲ အိမ်ကိုပြန်ရောက်တယ်။

နေ့လယ်ပိုင်းမှာ ဒေါ်ခင်မျိုးဝင်းဟာ ပေါက်တူးတစ်လက်ကိုယူပြီး အငှားကားတစ်စီးနဲ့ မြောက်ဥက္ကလာပက မြေကွက်ကို သွားတယ်။ ဟိုရောက်တော့ မြေကွက်လပ်အလယ်က သရက်ပင်ကြီးအရှေ့ကို သွားပါတယ်။

လမ်းမှာ ကံအားလျော်စွာ ဝါးလုံးရှည်တစ်ချောင်းကို မြင်တွေ့တာနဲ့ မြေမှာ ထောက်ပြီးသွားလိုက်တာ အိပ်မက်ထဲမှာပေးထားတဲ့ အလှမ်းနှစ်ဆယ်လောက်မရောက်ခင်မှန်းပြီး ချုံနွယ်တွေကို ထောက်ကြည့်တော့ မြေကြီးနေရာမှာ ရေတွင်းပျက်ကြီးကို မြင်တွေ့ရတယ်။

ဒီအခါမှာ မောင်ရှုပက သူ့ကိုလိမ်ညာပြီးခေါ်ဆောင်တာကိုလည်း ရိပ်စားမိရော ချက်ချင်းပဲ အငှားကားနဲ့ အိမ်ကိုပြန်လစ်လာခဲ့တယ်။

ကျွန်တော်လည်း ညနေမှာ အိမ်ပြန်ရောက်တော့ ပြောပြတာနဲ့ ချက်ချင်းပဲ ဆရာ့ဆီကို ထွက်လာခဲ့ပြီး အသိပေးတာ"

ကျွန်တော်က ဘာမျှပြန်မပြောပါ။

ဦးခင်မောင်သန်း ပြောပြသမျှကို နားထောင်နေခဲ့ပါတယ်။

ပယောဂဝင်ပူးကပ်နေတဲ့ ဒေါ်ခင်မျိုးဝင်းကို ကျွန်တော် ကိုယ်တိုင် ပယောဂဆေးမတိုက်ကျွေးခဲ့မိတာ ကျွန်တော့်အမှားပါ။

ဒီကိစ္စကို ဘာမျှဆက်မပြောတော့ဘဲ…

"ဒီလိုလုပ် ဦးခင်မောင်သန်း။ အချိန်ဖင့်သွားရင် မကောင်းဘူး။ ဥစ္စာစောင့်သိုက်နန်းရှင်ဆိုတာဟာ ပြိတ္တာဘုံသားတွေ။ ပရိယာယ်မာယာ အလွန်ကိုများတာ။ ခုပဲ ချက်ချင်းလိုက်သွားပြီး ရှင်းလိုက်ရင် ကောင်းလိမ့်မယ် ထင်တယ်"

"ကောင်းပါတယ် ဆရာ"

ကျွန်တော်ဟာ အိမ်က ဘုရားစင်ပေါ်မှာ ချိတ်ထားတဲ့ ဆေးလွယ်အိတ်ကို ဖြုတ်ယူပြီး ဦးခင်မောင်သန်းနဲ့အတူ ကမာရွတ် သုခလမ်းက နေအိမ်ကို လိုက်သွားပါတယ်။

အိမ်ရောက်တော့ ဘုရားစင်ရှေ့မှာ ဒေါ်ခင်မျိုးဝင်းဟာ ပြုံးပြုံးရွှင်ရွှင်နဲ့ ဘာမျှမဖြစ်သလို ထိုင်လို့နေပါတယ်။

ကျွန်တော်ဟာ ဦးခင်မောင်သန်းတို့အိမ်ပေါ်ကို တက်ပြီး ကျွန်တော်ဟာ ဘုရားစင်ရှေ့မှာ ပုဆစ်တုတ်ထိုင်ကာ ရှိခိုးကန်တော့ပြီး ဘုရားငါးဆူကို အမှူးထားကာ ဝိဇ္ဇာရှစ်သောင်းဆရာကောင်းတွေနဲ့ ဂိုဏ်းက အထက်ဆရာကြီးတွေကို ပင့်ဖိတ်ကြားကာ ဒေါ်ခင်မျိုးဝင်းကို ဝင်ပူးကပ်နှောင့်ယှက်နေတဲ့ ကျိုက္ကမီရေလယ်ဘုရားသိုက်က မောင်ရွှမကို ခေါ်ယူလိုက်ပါတယ်။

မကြာပါ။ ဒေါ်ခင်မျိုးဝင်းဟာ ဆွဲဆွဲငင်ငင်နဲ့ တစ်ချက်သန်းဝေလိုက်ပြီး ကိုယ်တစ်ချက်လူးလှုပ်သွားကာ ဘုရားကို ဦးစွာကန်တော့လိုက်ပါတယ်။

ပြီးတော့ ကျွန်တော့်ကိုကန်တော့ပြီး လက်ကလေးနှစ်ဖက်ကို ယှက်ကာ…

"ကျွန်တော် ကျွန်တော် ဆရာ့ကို"

လို့ပြောဆိုကာရှိသေး။ ကျွန်တော်က လက်ကာပြလိုက်ပြီး…

"ဒီမှာ မောင်ရှုပ။ မင်း ဘာမျှပြောစရာ မလိုတော့ဘူး။ မင်းစကားတွေ အများကြီးပြောခဲ့တာ ငါ နားထောင်ခဲ့တယ်။ မင်းဟာ သုံးလောကထွတ်ထား မြတ်စွာဘုရားရှင်ရှေ့မှာ ကတိသစ္စာပြုခဲ့တဲ့သူ၊ ဒီတော့ သစ္စာဖောက်တဲ့ သူတွေရဲ့ သွားရာလမ်းအတိုင်းပဲ"

"ကျွန်တော် ဆရာ့ကို ပြောပါရစေ။ နားထောင်ပါဦးဆရာ"

"ဘာမှပြောစရာ မလိုတော့ဘူး။ ဒါပဲ"

ဒီလိုပြောပြီး ကျွန်တော်ဟာ ဆေးလွယ်အိတ်ထဲက အစီအမံပြုလုပ်ထားတဲ့ ဆေးဖယောင်းတိုင်ပေါ်မှာ သိုက်ဖြတ်အင်းကိုချကာ ဒေါ်ခင်မျိုးဝင်းရဲ့နေ့နံကိုထည့်ပြီး ဘုရားစင်ရှေ့မှာ မီးပူဇော်ကာ ထွန်းညှိလိုက်ပါတယ်။

ကျွန်တော်နဲ့ ဦးခင်မောင်သန်းတို့ဟာ အင်းချထားတဲ့ ဆေးဖယောင်းတိုင်ကို ကုန်တဲ့အထိ စောင့်နေကြပါတယ်။ ဆေးဖယောင်းတိုင်လည်း ငြိမ်းသွားရော ဒေါ်ခင်မျိုးဝင်းတစ်ကိုယ်လုံးဟာ လျှပ်စစ်နဲ့ တို့လိုက်သလို တစ်ကိုယ်လုံးတုန်ခါပြီး လဲကျသွားပါတော့တယ်။

တစ်အောင့်လောက်ကြာတော့ ဒေါ်ခင်မျိုးဝင်းဟာ သူ့ဟာသူ ပြန်သတိရပြီး လူကောင်းပကတိစိတ် ပြန်ပေါ်လာပါတယ်။ ပယောဂ အနှောင့်အယှက်အမျိုးမျိုးတွေ ကင်းစင်သွားလို့ မျက်နှာဟာ ကြည်လင်လို့ နေပါတော့တယ်။

"ကဲ… ဦးခင်မောင်သန်း။ ဒေါ်ခင်မျိုးဝင်းမှာ ပယောဂ အနှောင့်အယှက်တွေ ကင်းစင်သွားပြီ။ ဘာမှ မစိုးရိမ်နဲ့တော့။ မောင်ရှုပလည်း နောက်ကိုလာပြီး အနှောင့်အယှက်မပေးနိုင်တော့ဘူး။

ဒီလိုအနှောင့်အယှက်မပေးနိုင်အောင် ကျွန်တော် သိုက်ကြီးကို ဖြတ်လိုက်ပြီ''

လို့ ကျွန်တော်က ပြောလိုက်တော့ ဦးခင်မောင်သန်းနဲ့ ဒေါ်ခင်မျိုးဝင်းတို့ လင်မယားဟာ ပျော်ရွှင်လို့သွားပါတယ်။

နောက်တစ်နေ့ကစပြီး ဒေါ်ခင်မျိုးဝင်းဟာ ရုံးပြန်တက်ပါတယ်။ ဒေါ်ခင်မျိုးဝင်းဟာ အရင်ကလို သုန်သုန်မှုန်မှုန်ဖြစ်မနေတော့ဘဲ ပြုံးပြုံးရွှင်ရွှင်နဲ့ ရုံးအလုပ်တွေကို လုပ်ကိုင်နေတာ မြင်တွေ့ခဲ့ရပါတယ်။

တစ်လတိတိ ကြာခဲ့ပါတယ်။

ဒီအဘောအတွင်းမှာ ဒေါ်ခင်မျိုးဝင်းဟာ ဘာပြဿနာမှ မပေါ်တဲ့အတွက် စိတ်ချလို့သွားရပါပြီ။

ဒါကြောင့် ဦးခင်မောင်သန်းနဲ့ ဒေါ်ခင်မျိုးဝင်းတို့ဟာ ကျွန်တော့်ကို သူတို့အိမ်ကိုဖိတ်ပြီး ကျေးဇူးရှိတဲ့ ဆရာသမားတစ်ယောက်အနေနဲ့ ငွေငါးထောင်ကန်တော့တဲ့အတွက် ကျွန်တော်ဟာ ဝမ်းသာရပါတယ်။

ကျွန်တော် လေ့လာတတ်ကျွမ်းထားတဲ့ ပညာကြောင့် တစ်စုံတစ်ယောက်ဟာ စိတ်ချမ်းသာမှုရတဲ့ စိတ်အဟုန်ဟာ ကျွန်တော့်ကို ရောင်ပြန်ဟပ်လို့နေပါတော့တယ်။

**စာရေးသူမှတ်ချက်။**

ပယောဂဆရာအမှုထမ်းတစ်ဦး၏ ဖွင့်ဟချက်ကို အကျွန်ုပ်၏ ဂန္ထာရီမှတ်တမ်းတွင် မှတ်တမ်းတင်ထားသည်ကို ကူးယူဖော်ပြခြင်း ဖြစ်၏။

MOTHER EYE ART

# အိမ်ကြီးမာယာ

**အမှာစာ**

ပြီးခဲ့သည့် ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလထုတ်မဂ္ဂဇင်းမှာ အင်္ဂလန်နိုင်ငံက တစ္ဆေခြောက်တဲ့ အိမ်ဂေဟာကြီးအကြောင်း ဖတ်ရှုလိုက်ရတော့ မြန်မာနိုင်ငံမှာလည်း ဒီလိုအဖြစ်မျိုးတွေ ရှိခဲ့တာကို တင်ပြလိုစိတ် ပေါ်လာပါတယ်။ ဒါနဲ့ ကျွန်တော့်ရဲ့ ဂန္ဓာရီမှတ်တမ်းစာအုပ်ကို ပြန်လှန်ဖတ်မိပါတယ်။

၁၉၆၀ ပြည့်နှစ်က ပြည်မြို့ရွှေဆံတော်စေတီရှိ ပန္နမ်ဘိုးဘိုးအောင် ကျောက်ရုပ်ရှိသော တန်ဆောင်းအတွင်းမှာ ပုတီးအမိဋ္ဌာန်ဝင်စဉ်က အမှတ်မထင်တွေ့ရှိခဲ့ရပြီး စာတ်ကြောင်းစုံ ခင်းပြတဲ့ ပြည်မြို့က ကန်ထရိုက်တာကြီးဦးကျော်သောင်းရဲ့ ပြောပြချက်ကို ဂန္ဓာရီမှတ်တမ်းတွင် မှတ်တမ်းတင်ထားသည်ကို ဖော်ပြထားခြင်းဖြစ်ပါသည်။

စာရေးသူ

"ထူးခြားဆန်းကြယ် အံ့ဩဖွယ်ကောင်းတဲ့ မြန်မာ့ဂမ္ဘီရသိပ္ပံ၊ ဝိဇ္ဇာဓရ လောကီပညာရပ်တွေနဲ့ ဆက်နွယ်နေတဲ့ဖြစ်ရပ်ဆန်းတွေကို ရေးသားတင်ပြနေတဲ့သူဖြစ်တော့ ဆရာ့ကို ကျွန်တော် တွေ့ကြုံခဲ့ရပြီး ဘယ်လိုမှ ဝေခွဲလို့မရတဲ့ပြဿနာတစ်ခုကို တင်ပြပါရစေ။ ဆရာ သေသေချာချာ နားထောင်ပြီး ဝေခွဲဆုံးဖြတ်ပေးပါ။

ကျွန်တော်ဟာ ကန်ထရိုက်တာတစ်ယောက်ပါ။ ပြည်မြို့မှာ မြေကွက်လပ်တစ်ခုကို ဈေးပေါပေါနဲ့ရလိုက်တာနဲ့ ခေတ်မီနှစ်ထပ် တိုက်သစ်တစ်လုံး ဆောက်လုပ်ပြီး ကျွန်တော် ငှားစားပါတယ်။

ကျွန်တော်ကိုယ်တိုင် ဦးစီးဆောက်လုပ်တဲ့ နှစ်ထပ်တိုက်သစ် မှာ အစိုးရအရာရှိကြီးလင်မယားနဲ့ ၁၂ နှစ်အရွယ် ကလေးငယ် တစ်ယောက်တို့ နေထိုင်ကြပါတယ်။

ကျွန်တော်ကတော့ စပေါ်ငွေလည်း ကောင်းကောင်းရတယ် လေ။ လခလည်း မြက်မြက်လေး စားရပါတယ်။

ကျွန်တော့်အတွက်တော့ စီးပွားရေးတွက်တွက်ရင် အမြတ် တောင် ထွက်နေပါသေးတယ်။ ဒီနှစ်ထပ်တိုက်သစ်ဟာ ကျွန်တော့်ကို အကျိုးပေးတယ်လို့ ဆိုရမှာပေါ့။

ဖြစ်ပုံက ဒီနှစ်ထပ်တိုက်သစ်ကိုငှားရမ်းပြီး အိမ်ငှားလင်မယား ဟာ ဘုန်းကြီးငါးပါး ဆွမ်းပင့်ကျွေး၊ အိမ်တက်မင်္ဂလာကျင်းပကာ တက်ရောက်နေပြီး နှစ်ပတ်လောက်အကြာမှာ အိမ်ငှားအရာရှိကြီးက မျက်စိမျက်နှာပျက်ပြီး ကျွန်တော့်ဆီကို ရောက်ရှိလို့လာပါတယ်။

ကျွန်တော်က အကြောင်းအကျိုးကို မေးမြန်းကြည့်တော့ နောက်ဖေးရေချိုးခန်းက ရေဘုံဘိုင်ရေဟာ ဘယ်သူမှမဖွင့်ဘဲနဲ့ သူ့ အလိုလိုပွင့်သွားပြီး ရေတွေထွက်ကျနေတယ်တဲ့။

ဒါနဲ့ သူတို့လင်မယားဟာ ရေဘုံဘိုင်နားကို သွားကြည့်တော့ ရေဘုံဘိုင်ဟာ အလိုလိုပြုတ်ကျသွားပြီး ရေတွေပိုက်က ထွက်လျှံနေတယ်တဲ့။ တိုက်သစ်သာဆိုတယ်။ ကျွန်တော်ဟာ ပစ္စည်းဟောင်းတွေ ဆေးသုတ်ပြီး အသုံးပြုထားတယ်လို့ အပြစ်တင်တယ်။

ကျွန်တော်ကလည်း မဟုတ်တဲ့အကြောင်း၊ ပြည်မြို့မှာ နာမည်ရနေတဲ့ ကန်ထရိုက်တာတစ်ဦးဖြစ်တဲ့အကြောင်း၊ ကျွန်တော်ဟာ သိက္ခာနဲ့ လူလုပ်တဲ့အကြောင်း၊ ဒီနှစ်ထပ်တိုက်သစ်ဟာ နဂိုက ကျွန်တော်ကိုယ်တိုင်နေဖို့ ဆောက်လုပ်ထားတဲ့အကြောင်း၊ ပစ္စည်းတွေဟာ ပထမတန်းအကောင်းစားတွေနဲ့ အားလုံးအသစ်စက်စက်တွေကိုသာ ဝယ်ယူတပ်ဆင်ထားကြောင်း၊ ငွေလိုအပ်လို့သာ အိမ်ကို နှစ်ချုပ်ဖြင့် ငှားရမ်းထားခြင်းဖြစ်ကြောင်းကို အိမ်ငှားအရာရှိကြီး ကျေနပ်အောင် ပြန်ပြီးပြောကြားခဲ့ပါတယ်။

ကျွန်တော်ကိုယ်တိုင် ဆောက်လုပ်တဲ့တိုက်မှာ အခုလိုပြဿနာတွေဖြစ်တော့ ကျွန်တော့်မှာ တာဝန်ရှိတယ်မဟုတ်လား။

ဒီတော့ ကျွန်တော့်တပည့် ပိုက်ဆက် (ပလာမာ)အလုပ်သမားတွေ အမြန်ဆုံး သွားခေါ်ပြီး အိမ်ငှားအရာရှိကြီးနဲ့အတူလိုက်သွားကာ ရေဘုံဘိုင်ခေါင်းပြုတ်ကျတယ်ဆိုတဲ့ ရေချိုးခန်းကို ကျွန်တော်ကိုယ်တိုင်လိုက်သွားပြီး ကြည့်ခဲ့ပါတယ်။

ဟိုရောက်တော့ ရေချိုးခန်းက ရေဘုံဘိုင်ခေါင်းဟာ သူ့အလိုလိုပြန်ဆက်လို့နေတာကို အံ့သြဖွယ် မြင်တွေ့လိုက်ရပါတယ်။ ဘာမျှ ချို့ယွင်းချက်မတွေ့ရပါဘူး။

အိမ်ငှားအရာရှိကြီးဟာ မဟုတ်ဘဲနဲ့တော့ ကျွန်တော့်ဆီကို တကူးတက အလုပ်ပျက်ခံပြီး လာတွေ့မှာမဟုတ်ဘူး။

ကျွန်တော် ရောက်ရှိသွားချိန်မှာ သူပြောတဲ့ ရေဘုံဘိုင်ခေါင်း ဟာ အကောင်းပကတိပြန်တွေ့တော့ ပါးစပ်အဟောင်းသားဖြစ်နေပြီး ဘာစကားတစ်ခွန်းမှ မပြောနိုင်တော့ဘူး။

အဲ… နောက်သုံးရက်လောက်ကြာတော့ ပြဿနာတစ်ရပ် ကြုံရပြန်ပါတယ်။

အိမ်ငှားအရာရှိကြီးက ကျွန်တော့်အိမ်ကိုရောက်ရှိလာပြီး တိုက်သစ်မှာ ဘယ်သူမှ မီးမဖွင့်ဘဲနှင့် ဓာတ်မီးက အလိုလိုပွင့်လာ တတ်ကြောင်း၊ သူတို့ဖွင့်ထားတဲ့မီးတွေလည်း ဘယ်သူမှ မပိတ်ဘဲ အလိုလိုပိတ်သွားကြောင်းကို ပြန်ပြောပြပါတယ်။

ပြီးတော့ တိုက်သစ်မှာ တပ်ဆင်ထားတဲ့ပန်ကာနဲ့ စားပွဲတင် ပန်ကာဟာလည်း ဘယ်သူမှမဖွင့်ဘဲ အလိုလိုပွင့်လာတတ်ပြီး အရှိန် ပြင်းစွာနဲ့ လည်နေတယ်တဲ့။

ဒီပန်ကာဟာ ဘယ်သူမှမဖွင့်ဘဲ အလိုလိုလည်နေတယ်လို့ပြော တဲ့အခါမှာ လည်နေတဲ့ပန်ကာဟာ တစ်စုံတစ်ယောက်က လည်နေတဲ့ ပန်ကာရွက်တွေကို လက်နဲ့ကိုင်ပြီး ရပ်တန့်လိုက်သလို ရပ်တန့်သွားတာ ကို မြင်တွေ့ရတယ်တဲ့။ ဒါတင်မကဘူး။ အိမ်ငှားအရာရှိကြီးက ဆက် ပြောပါတယ်။

ထမင်းစားခန်းထဲက လက်ဆေးတဲ့ ကြွေဇလုံမှာ တပ်ဆင်ထား တဲ့ ရေဘုံဘိုင်ခေါင်းက ရေတစက်စက်ကျနေတဲ့အသံကိုကြားတာနဲ့ မီးဖွင့်ကြည့်လိုက်တဲ့အခါမှာ ရေတိုင်ကီနဲ့ဆက်သွယ်ထားတဲ့ ရေဘုံဘိုင် ခေါင်းက ရေတစ်စက်တစ်စက်ကျနေတာမဟုတ်ဘဲ တီရှူးခွန်သွေး လား၊ လူသွေးလားတော့ မပြောတတ်ဘူး။ သွေးတွေ တစ်စက်ပြီး တစ်စက် ကျဆင်းနေတာကို သူမျက်စိနဲ့ တပ်အပ်မြင်တွေ့ရတယ်တဲ့။

ဒီအချိန်မှာ ထမင်းစားခန်းက မီးပွင့်ဟာ အလိုလိုငြိမ်းသွားတယ်တဲ့။

မှောင်ကြီးထဲမှာဆိုတော့ သူလည်း လန့်ဖျပ်သွားပြီး နောက်ကိုလှည့်ကြည့်လိုက်တော့ ထမင်းစားစားပွဲကုလားထိုင်ပေါ်မှာ အဝတ်ဖြူဝတ်ရုံရှည်ကြီးတွေကို ဝတ်ဆင်ထားတဲ့ လူကြီးတွေဟာထိုင်ပြီး သူ့ကိုစားတော့မလို၊ ဝါးတော့မလို စေ့စေ့ကြည့်နေတာကို မြင်တွေ့ရတယ်တဲ့။

သူက ကြောက်အားလန့်အားနဲ့ ထမင်းစားခန်းထဲက အမြန်ပြေးပြီး ထွက်လာခဲ့ပါတယ်။

ဒီအကြောင်းကို သူ့ကိုယ်တိုင် မျက်ဝါးထင်ထင်မြင်တွေ့ပြီး ကြုံတွေ့ခဲ့ရပေမဲ့ သူ့မိန်းမနဲ့ ကလေးတွေကိုတော့ ကြောက်လန့်မှာစိုး၍ ပြန်မပြောခဲ့ဘူးတဲ့။ ကျွန်တော့်ကိုသာ သိထားဖို့ လာပြောတာတဲ့။

ကျွန်တော်တော့ အတော်လေးကို အစဉ်းစားရကြပ်သွားပါတယ်။

ကျွန်တော် ကန်ထရိုက်တာလုပ်ပြီး ဦးဆောင်ဆောက်လုပ်ခဲ့တဲ့ တိုက်ပေါင်းဟာ ဆယ်လုံးကျော်ပါပြီ ။ တစ်ခါဖူးမှ အခုပြောတဲ့အဖြစ်အပျက်မျိုးနဲ့ မကြုံတွေ့ခဲ့ရသေးဘူး။

အခုပြောပြလို့ သိရှိရတဲ့ကိစ္စဟာ အတော့်ကို ထူးဆန်းအံ့သြဖွယ် ဖြစ်နေပါတယ်။ ဘာကြောင့် အခုလိုဖြစ်ပျက်ရတယ်ဆိုတာကိုလည်း စဉ်းစားလို့ကို မရနိုင်ပါဘူး။

ကျွန်တော်လည်း ကြံရာမရတာနဲ့ အိမ်ဝှားအရာရှိကြီးကို ရဟန်းသံဃာတွေ ပင့်ဖိတ်ပြီး အိမ်တက်မင်္ဂလာဆွမ်းပင့်ကျွေးပြီးပြီလားလို့ မေးကြည့်တော့ အိမ်တက်မင်္ဂလာဆွမ်းကျွေးပြီးတဲ့အပြင် ရဟန်းသံဃာ

၅ ပါးကို တိုက်သစ်မှာ သဒ္ဒါခွမ်း ပင့်ကျွေးပြီး ပရိတ်ရွတ်ဖတ်တာ နှစ်ကြိမ်ရှိသွားပြီလို့ ပြောပါတယ်။

ကျွန်တော်လည်း ဘယ်လိုမှကို စဉ်းစားလို့မရနိုင်တော့ဘူး။

နောက်နှစ်ရက်လောက်ကြာတော့ အိမ်ငှားအရာရှိကြီးက ကျွန်တော့်ဆီ ရောက်လာပြန်ပါတယ်။ ဒီတစ်ခါမှာတော့ ပြသ ;ဘက တစ်မျိုးဗျ။

အိပ်ပျော်နေစဉ်မှာ အိမ်ရှေ့ဧည့်ခန်းက ပန်းအိုးတွေ ကွဲရှတဲ့အသံ ကို ကြားနေရတယ်။ ပန်းအိုးကျကွဲတယ်ဆိုတော့ ကြောင်ပဲ့ကိုးလို့ ဒါမှ မဟုတ် ကြွက်တိုးလို့ဖြစ်နိုင်တယ်။

ဒါနဲ့ ကျွန်တော်ဟာ အိမ်ရှေ့ဧည့်ခန်းကို မီးဖွင့်ပြီးကြည့်လိုက် တော့ ဘာပန်းအိုးမှ မကွဲရှဘူး။

နှင်းဆီပန်းနီနီရဲရဲတွေ စိုက်ထားတဲ့ ကြွေပန်းအိုးကြီးဟာ စားပွဲရဲ့အလယ်တည့်တည့်မှာ ရှိနေပါတယ်။

အဲ… ကျွန်တော်ထိုင်နေတဲ့ ပက်လက်ကုလားထိုင်ကိုကြည့် လိုက်တော့ ဝတ်ရုံဖြူကြီး ဆင်မြန်းထားတဲ့ လူကြီးတစ်ယောက်ဟာ ထိုင်နေတာကို မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရတယ်တဲ့။

အဲဒီဝတ်ရုံဖြူကြီးကို ဝတ်ဆင်ထားတဲ့လူကြီးဟာ ခြေလက် အင်္ဂါတွေ အစုံအစိရှိနေပေမဲ့ ဦးခေါင်းကတော့ လုံးဝမရှိဘူး။

လည်ပင်းအလယ်တည့်တည့်နေရာက သစ်ဖြတ်တဲ့လွှစက်နဲ့ ဖြတ်ထားသလို တိတိပပကို ပြတ်လို့နေတာကို ငြ ရတယ်။

ဒါနဲ့ ဒီလူကြီးရဲ့ဦးခေါင်းပိုင်းဟာ ဘယ်အနားမှာ ရှိနေမလဲ ဆိုတာ ကြည့်လိုက်တော့ သူ့လက်နှစ်ဖက်နဲ့ သူ့ရဲ့ခေါင်းပြတ်ကြီးကို ကိုင်ထားတာ မြင်တွေ့ရပါတယ်တဲ့။

ကျွန်တော်လည်း ဒီဝတ်ရုံဖြူကြီးကို ဆင်မြန်းထားတဲ့လူကြီးကို ကြည့်ကြည့်ပြီး ရင်တွေပန်းတွေ တုန်တုန်လာပြီး ကြာကြာမကြည့်နိုင်တာနဲ့ ချက်ချင်းပဲ မီးကိုပြန်ပိတ်ကာ ခြင်ထောင်ထဲကို ပြန်ဝင်ပြီး အိပ်နေလိုက်ပါတယ်။

သူ့မိန်းမနဲ့ ကလေးတွေက အိပ်မောကျနေလို့သာ သို့မဟုတ်ရင်တော့ ဒုက္ခပဲလို့ ပြောပါတယ်။

သူသည် ဒီကြောက်လန့်စရာကောင်းတဲ့မြင်ကွင်းကို တွေ့ပြီးကတည်းက မျက်လုံးထဲက မထွက်နိုင်တော့ဘူး။ မိုးစင်စင်လင်းတဲ့အထိ အိပ်မပျော်တော့ဘူးလို့ ပြောပြပါတယ်။

ကျွန်တော့်အနေနဲ့ အတော့်ကို စဉ်းစားရကြပ်သွားပါတယ်။ ယောင်ယမ်းပြီး အိပ်မက်ကို တကယ်ထင်မှတ်နေတာဖြစ်နေမလားလို့ စဉ်းစားကြည့်ပါတယ်။

ပြီးတော့ ကျွန်တော့်ကို တစ်ခါလည်းမဟုတ်၊ နှစ်ခါလည်းမဟုတ် အကြိမ်အကြိမ်အခါခါဖြစ်နေလေတော့ ဒီအိမ်ငှားအရာရှိကြီးဟာ စိတ္တဇဝေဒနာရှင်ကြီးဖြစ်နေလို့ လောကမှာ တကယ်မဟုတ်မဖြစ်ဘဲ တကယ်ဖြစ်တယ်လို့ သူ့စိတ်အာရုံထဲမှာ စွဲထင်မြင်တာတွေကို အချိန်ကုန်ခံပြီး ကျွန်တော့်ကို လာပြောနေတာလားလို့ တွေးတောစဉ်းစားမိပြန်ပါတယ်။

အဲဒီ အိမ်ငှားအရာရှိကြီး ကျွန်တော့်ကို ပြောပြတဲ့စကားတွေကိုသာ တစ်စုံတစ်ယောက်ကို ပြန်ပြောပြရင် ကြားရတဲ့သူတွေက အရူးလို့ ပြောမှာ သေချာပါတယ်။ ဘယ်သူမှလည်း ယုံမှာမဟုတ်ပါဘူး။

အဲဒီနောက် သုံးရက်လောက်အကြာမှာ အိမ်ငှားအရာရှိကြီးဟာ ကျွန်တော့်ဆီကို အူယားဖားယားနဲ့ ပြေးလာတာက တိုက်သစ်အောက်

ထပ်က အင်္ဂတေကိုင်ပြီးတဲ့ အင်္ဂတေတွေက အလိုလိုအက်ကွဲပြီး အုတ်ချပ်တွေ ပေါ်လွင်နေကြောင်းကို လာပြောပြန်ပါတယ်။

ကျွန်တော်က မဟုတ်မဟတ်တွေ လာမပြောနဲ့။ တိုက်သစ် ဆောက်ပြီးတာ တစ်လတောင် မကြာသေးဘူး။ ကျွန်တော်ကိုယ်တိုင် ဆောက်လုပ်တဲ့တိုက်သစ်ဟာ ငလျင်လှုပ်တာတောင် ပြိုကျမည့် တိုက်မျိုးမဟုတ်ဘူး။ ဒီလောက်တောင် ခိုင်အောင် ဆောက်လုပ်ထား တာလို့ ပြောလိုက်ပါတယ်။

ဒီတော့ အရာရှိကြီးက သူပြောတာကိုမယုံရင် အခုလိုက်ပြီး ကြည့်ပါလို့ ကျွန်တော့်ကို ဖိတ်ခေါ်ပါတယ်။

ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ တိုက်ရှင်အိမ်ရှင် ကန်ထရိုက်တာတစ်ယောက်အနေနဲ့ အိမ်ငှားက ခေါ်တာကို လိုက်လံ ကြည့်ဖို့ ဝတ္တရားရှိတဲ့အတိုင်း ကျွန်တော်ဟာ အိမ်ငှားအရာရှိကြီးနဲ့အတူ တိုက်သစ်ကို လိုက်သွားပြီး ကြည့်ပါတယ်။

ကျွန်တော့်စိတ်ထဲမှာ ဟိုအရင်တစ်ခါတုန်းက ရေဘုံဘိုင်လို ပြဿနာလိုပဲနေမှာပါလို့ ထင်မှတ်ပြီး မကောင်းတတ်လို့ လိုက်သွား မိပါတယ်။

တိုက်သစ်ရောက်တော့ ကျွန်တော့်အထင်နဲ့အမြင် တက်တက စင်အောင် လွဲနေပါတယ်။

ဒီလောက်ခိုင်မာတောင့်တင်းတဲ့ အင်္ဂတေတိုင်ကြီးကို တစ်စုံ တစ်ယောက်က လေးပင်တဲ့ သံတူလိုပစ္စည်းမျိုးနဲ့ ထုရိုက်ဖျက်ဆီးရင် တောင် ဖြစ်နိုင်တဲ့အခြေအနေမျိုး မရှိနိုင်ပါဘူး။

အခုဟာက နှစ်အလွန်ကြာတဲ့ တိုက်တာအဆောက်အအုံတွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ တိုက်အိုတိုက်ဆွေးတွေရဲ့ အင်္ဂတေအုတ်နံရံတွေမှာ အက်ကြောင်းကြီးပေါ်ပြီး အင်္ဂတေအဖတ်လိုက် ကွာကျတဲ့ပုံစံမျိုးပါ။

ဘာကြောင့် အခုလိုဖြစ်ရတယ်ဆိုတာကို ကျွန်တော်တော့ မတွေးတတ်အောင်ကို ဖြစ်နေရပါတယ်။

ကျွန်တော်လည်း ပန်းရန်ဆရာတွေကိုသွားခေါ်ပြီး ချက်ချင်းပဲ အင်္ဂတေကွာကျသွားတဲ့ အုတ်တိုင်ကြီးကို အင်္ဂတေနဲ့ ပြန်ပြီးမွမ်းမံ လိုက်ပါတယ်။

အင်္ဂတေကတော့ တစ်အိတ်နဲ့ တစ်ဝက်ကျော်ကျော်လောက် ကုန်သွားခဲ့ပါတယ်။

ကျွန်တော်ဟာ အိမ်ငှားအရာရှိကြီးပြောတဲ့စကားကို အရင်က ပေါ့ပေါ့သဘောထားခဲ့ပေမဲ့ အခုတော့ အလွန့်ကို ခိုင်မာတဲ့အုတ် အင်္ဂတေ အဖတ်လိုက်ကွာကျနေတာကို လက်တွေ့မြင်တွေ့ပြီးအချိန်က စပြီး စဉ်းစားနေပါတယ်။

အရင်က အိမ်ငှားအရာရှိကြီးပြောတာတွေဟာ နားရှိလို့သာ ကြားနေရတယ် လက်တွေ့ မမြင်တွေ့ခဲ့ရပါဘူး။

အခုဟာက ကျွန်တော့်မျက်မြင်ကိုယ်တွေ့လေ။

ဒါကြောင့် အရင်က အိမ်ငှားအရာရှိကြီးပြောထားခဲ့တဲ့ အဖြစ် အပျက်တွေဟာလည်း ကျွန်တော်ကိုယ်တိုင်သာ မမြင်တွေ့ရတယ်။ တကယ့်အဖြစ်အမှန်တွေလည်း ဖြစ်နိုင်တယ်။ နောင်ကို ဒီထက်ပိုပြီး ဆိုးရွားတဲ့အဖြစ်အပျက်တွေတောင် ဖြစ်လာနိုင်တယ်။ မဖြစ်လာနိုင်ဘူး လို့ ဘယ်သူမှ အာမခံချက်ပေးနိုင်မှာ မဟုတ်ဘူး။

ဒီတော့ ကျွန်တော် ဒီလိုစဉ်းစားပါတယ်။

အခု ကြုံတွေ့နေရတဲ့ အရှုပ်တော်ပုံအရပ်ရပ်၊ ပြဿနာအရပ် ရပ်ဟာ တစ်ခုခု လွဲမှားချွတ်ချော်နေလို့ပဲ ကျွန်တော် ယူဆမိပါတယ်။

လောကီစကားနဲ့ပြောရရင် အလွဲအမှားတစ်ခုခုရှိနေလို့ပေါ့လေ။

လောကမှာ ကိုယ်သိသလိုလိုနဲ့ ကိုယ် တကယ်မသိသေးတဲ့ အစိတ်အပိုင်းတွေ အများကြီးပဲ။

ဒီနေရာမှာ ကျွန်တော်က ကန်ထရိုက်တာ ဖြစ်နေပေမဲ့ မကျွမ်းကျင်ဘူး။

အခု ကျွန်တော် မျက်မှောက်ကြုံတွေ့နေရတဲ့ပြဿနာအရပ်ရပ်ကို အထက်လမ်းဂိုဏ်းဆရာကြီးတစ်ယောက်ယောက်ကို ဖွင့်ဟပြောကြားပြီး လိုအပ်တဲ့ကိစ္စအဝဝတွေကိုပြုလုပ်ဖို့ အကူအညီတောင်းခံမယ်လို့ စိတ်ဆုံးဖြတ်လိုက်ပါတယ်။

အဲဒီလို ကျွန်တော့်စိတ်ကိုဆုံးဖြတ်ပြီး အစွမ်းထက်တဲ့ အထက်ဂိုဏ်း ဆရာကြီးကို ရှာဖွေနေတုန်းမှာပဲ တစ်ညမှာ ကျွန်တော့်ကို သက်ဆိုင်ရာရဲတွေက အိမ်မှာ လာခေါ်ပြီး ရဲဌာနကို ခေါ်သွားပါတယ်။

ရဲဌာနမှာ အိမ်ငှားအရာရှိကြီးတို့လင်မယားနဲ့ ကလေးတွေ ရောက်ရှိနှင့်လို့ နေပါတယ်။

ကျွန်တော် ဌာနကိုရောက်တော့ အိမ်ငှားအရာရှိကြီးတိုင်ချက်ဖွင့်ထားတာကို ဖတ်ပြတဲ့အခါမှာ ကျွန်တော့်ကိုယ်ကျွန်တော် မယုံကြည်နိုင်လောက်အောင်ကို ဖြစ်သွားမိပါတယ်။

အိမ်ငှားအရာရှိကြီး တိုင်ချက်ဖွင့်ထားတာက ညဉ့်ကိုးနာရီတိတိအချိန်မှာ သူ့ကို အိမ်ခန်းထဲမှာ အလွန်ကျယ်လောင်တဲ့ ညည်းတွားသံတစ်ချက်ကြားလိုက်ရပြီး မရှေးမနှောင်းအချိန်မှာဘဲ တံခါးခေါက်သံတစ်ချက် ကြားလိုက်ရပါတယ်။

အဲဒီနောက် အိပ်ခန်းလေးဘက်လေးတန်မှာ အင်္ဂတေတွေ အဖတ်လိုက်အဖတ်လိုက် သူ့အလိုလိုကွာကျလို့လာတာကို မြင်တွေ့လိုက်ရပါတယ်။

နောက်တော့ မျက်နှာကြက်က ထုပ်တန်းကြီးက သူ့အလိုလို မြည်ဟည်းပြီး ပြုတ်ကျကာ တိုက်ကြီးတစ်ခုလုံးဟာ အပေါ်အောက် သွက်သွက်ခါအောင် လှုပ်ယမ်းနေပါတယ်။

သဘောကတော့ တိုက်သစ်တစ်လုံးလုံးကို အလွန်ကြီးမားတဲ့ အားတစ်ခုက ဖိစီးနေတယ်လို့ ထင်မှတ်ရပါတယ်။ အလေးချိန် အလွန်စီးတဲ့ သံတူကြီးတစ်ချောင်းနဲ့ သံတစ်ချောင်းကို ရိုက်သွင်းနေ သလို တိုက်သစ်ကို မြေကြီးထဲ တွန်းပို့သလိုပါပဲ။

ပထမဖြစ်စကတော့ ကိုယ့်မျက်စိကိုတောင် မယုံကြည်နိုင် လောက်အောင်ဖြစ်နေပြီး ကြောင်ကြည့်နေမိပါတယ်။ နောက်တော့ တိုက်ပြိုကျမည့်အကြောင်းကို တွေးတောမိရော ဘာမျှစဉ်းစားပြီး မနေနိုင်တော့ဘူး။

မိန်းမနဲ့ကလေးတွေကိုလက်ဆွဲပြီး တိုက်အပြင်ကိုရောက် အောင်ကို အသက်လုပြီး ထွက်ပြေးခဲ့ကြတယ်။

တိုက်အပြင်ကို ဆယ့်ငါးလှမ်းလောက်ရောက်ရော တိုက်ကြီး အသံမြည်ဟည်းပြီး မြေပေါ်ကို ပြိုကျသွားပါတော့တယ်။

အိမ်ငှားအရာရှိကြီးရဲ့ပြောစကားအရ ဟုတ်မဟုတ်ကို အတည် ပြုဖို့ ကျွန်တော်နဲ့အတူ ရဲအရာရှိကြီးတွေ၊ သက်ဆိုင်ရာဝန်ထမ်းလူကြီး တွေ ပြိုကျတယ်ဆိုတဲ့ တိုက်သစ်နေရာ သွားရောက်ပြီး ကြည့်ရှုခဲ့ပါ တယ်။

အံ့ဖွယ်ကောင်းနေတာက တိုက်တစ်တိုက် မခိုင်လို့ပြိုကျတဲ့ အခါမှာ အပုံလိုက်ရှိနေရမယ့်အစား အခုဟာက ဒီလိုမဟုတ်ဘူး။ မြေကျင်းရေတွင်းကြီးထဲကို အုတ်ကျိုးအုတ်ပဲ့တွေ စုပုံထည့်ထားတဲ့ သဏ္ဌာန်မျိုးကို မြင်တွေ့ရပါတယ်။

သဘောက အောက်ခြေမခိုင်လို့ မြေကြီးထဲတိုက်က ကျွံကျပြီးမှ တိုက်ပြိုသွားတယ်ဆိုတဲ့ သဘောမျိုး မြင်တွေ့ရပါတယ်။

ဘာကြောင့်ဖြစ်တယ်တော့ မသိဘူး။ နတ်ဒေဝါတွေမှပဲ အဖြစ်မှန်ကို သိမှာပေါ့။

ဘယ်လိုကြောင့်ပဲဖြစ်ဖြစ် တိုက်သစ်တစ်လုံး ပြိုကျတာဟာ ဆောက်လုပ်တဲ့ ကန်ထရိုက်တာ ကျွန်တော့်မှာ လုံးဝကို တာဝန်ရှိနေပါတယ်။

အိမ်ငှားအရာရှိကြီး လင်မယားနဲ့ ကလေးတွေဟာ ကံကြီးထောက်မလို့သာ မသေကောင်းမပျောက်ကောင်း အသက်ရှင်မြင်တွေ့နေရပါတယ်။

ကျွန်တော်ကတော့ အဲဒီညမှာပဲ ရဲဌာနက အချုပ်ခန်းထဲမှာ စံမြန်းနေရပြီး တိုက်ဆောက်တာပေါ့ဆမှုနဲ့ တရားရုံးတော်မှာ အမှုကို ရင်ဆိုင်နေရပါတယ်။

ကျွန်တော် ကန်ထရိုက်တာဘဝတစ်သက်တာမှာ အခုလို ကြုံတွေ့ရတဲ့အဖြစ်ဆန်းဟာ ဘဝရဲ့ ဖျက်မရတဲ့ အမည်းစက် တစ်စက်ပါပဲ။

ကျွန်တော်ဟာ တိုက်ပေါင်းများစွာကို ဦးစီးပြီးဆောက်လုပ်ခဲ့တဲ့ ကန်ထရိုက်တာတစ်ယောက်အနေနဲ့ တိုက်ဆောက်လုပ်တဲ့နေရာမှာ စေ့စပ်တယ်။ သေချာတယ်။ ပစ္စည်းကောင်း သုံးတယ်။ ယုံကြည်စိတ်ချရတယ်ဆိုတဲ့ ကျော်စောသတင်းတွေဟာလည်း ရေပေါ်မှာ စာရေးသလို အရာမထင်တော့ဘူး။

ကျွန်တော် ဘယ်သူ့ကိုမှ အပြစ်မတင်လိုပါဘူး။ ကျွန်တော့်ရဲ့ ကံကြမ္မာလို့သာ သဘောထားလိုက်ပါတယ်။

ကျွန်တော်ဟာ အမှုကို တရားရုံးမှာ ရင်ဆိုင်ဖြေရှင်းစဉ်အတော အတွင်းမှာ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်ပြီးဆန်းစစ်ကြည့်ပါတယ်။

တကယ်တော့ ကျွန်တော်ဟာ ကန်ထရိုက်တာတစ်ဦးအနေနဲ့ ဘယ်လိုတိုက်ပုံစံကိုပဲဖြစ်ဖြစ် ပြန်တာဝန်ယူပြီး ဆောက်လုပ်ပေး နိုင်ပါတယ်။

တိုက်တာဆောက်တာနဲ့ပတ်သက်ပြီး အတွေ့အကြုံတွေ ရှိနေ ပါတယ်။ နားလည်ပါတယ်။ ကျွန်တော် နားမလည်တာ မြေ အကြောင်းပါ။

ကျွန်တော့်စိတ်ထဲမှာ သံသယဖြစ်နေတာနဲ့ အဲဒီနှစ်ထပ်တိုက် ဆောက်လုပ်စဉ်က ဦးစီးဆောက်လုပ်ခဲ့တဲ့ ပန်းရန်ဆရာကြီးကို ခေါ်ယူ ပြီး မေးစမ်းကြည့်တော့ အဲဒီတိုက်သစ်ကို ဆောက်လုပ်ဖို့ အောက်ခြေ က မြေကြီးကို ကျင်းတူးကြည့်ရာ အောက်ခြေမှာ အလွန်ကြီးမား တဲ့ကျောက်ဖျာကြီးတစ်ချပ်ကို မြင်တွေ့ခဲ့ရကြောင်း။

အဲဒီကျောက်ဖျာချပ်ကြီးဟာ အနက်ရောင်ကျောက်သားဖြစ်ပြီး ကျောက်ဖျာချပ်မျက်နှာပြင်ပေါ်မှာ အိန္ဒိယစာလိုလို၊ ထိုင်းစာလိုလို လေးထောင့်ကျကျစာလုံးတွေကို ဆူးစောက်နဲ့ ၇ တန်းတိတိ ထွင်းထား တဲ့ အကြောင်း၊ ဒီကိစ္စကို ဘယ်သူ့ကိုမျှမပြ အသိမပေးဘဲ ကျောက်ဖျာ ချပ်ကြီးအပေါ်မှာ အုတ်တွေကိုတန်းစီပြီးအခြေခံကာ ဆောက်လုပ် လိုက်ရင် တိုက်ဟာ ခိုင်မာတောင့်တင်းမယ်လို့ ထင်မြင်ယူဆမိ ကြောင်း၊ ဒါကြောင့် ဒီအတိုင်းပဲ တိုက်ကိုအခြေတည်ပြီး ဆောက်လုပ် ခဲ့တယ်လို့ ကျွန်တော့်ကို ပြောပြပါတယ်။

ကျွန်တော်ဟာ ပန်းရန်ဆရာကြီးပြောတဲ့စကားကို စိတ်ဝင်စားမိ ပါတယ်။ ဒီ မြေအောက်က ပန်းရန်ဆရာကြီးပြောတဲ့ ကျောက်နက်ဖျာ ကြီးဟာ တစ်ခုခုအမှတ်အသား ဖြစ်ကောင်းဖြစ်နေရင် မခက်ဘူးလား။

ကျွန်တော်ဟာ တွေးလေတွေးလေ ဦးနှောက်ခြောက်စရာ ဖြစ်လာပါတယ်။ လောကီအစီအမံနဲ့ ပြုလုပ်ထားတဲ့ ကျောက်ဖျာဆိုရင် ဘေးဒုက္ခအမျိုးမျိုးကို ကြုံတွေ့နိုင်တယ်လို့ ထင်ပါတယ်။

မြန်မာဂမ္ဘီရသိပ္ပံ၊ ဝိဇ္ဇာမရလောကီပညာရပ်ဆိုတာ အလွန့်ကို ကျယ်ဝန်းပြီး ခက်ခဲနက်နဲပါတယ်။ ကိုယ်သိထားတတ်ထားတာက နည်းနည်း၊ မသိတာတွေက များများဆိုတော့ ဒီကျောက်ဖျာကြီးဟာ ဘယ်လိုပစ္စည်းမျိုးလဲ။ ဘာကြောင့် ဒီနေရာမှာ ရှိနေသလဲ။ ဘယ်လို လောကီအစီအမံတွေ ပြုလုပ်ထားရှိသလဲဆိုတာတွေကို သိရှိဖို့က အလွန့်ကို ခက်ခဲပါတယ်။

ဒါနဲ့ ကျွန်တော်ဟာ မိမိလက်လှမ်းမီသလောက် လေ့လာ လိုက်စားတဲ့ သူတွေ၊ လောကီပညာရပ်လေ့လာလိုက်စားတဲ့သူတွေ၊ ရဟန်းပညာရှိ၊ လူပညာရှိ တော်တော်များများကို စုံစမ်းကြည့်တော့ ကျွန်တော် နှစ်ထပ်တိုက်သစ် ဆောက်လုပ်တဲ့မြေကွက်နဲ့ပတ်သက်ပြီး မြေသန့်၊ မသန့်ကို လေ့လာစုံစမ်းမေးမြန်းကြည့်ပါတယ်။

သူတို့ရဲ့ထင်မြင်ချက်တွေကို ကောက်ချက်ချလိုက်ရင် လွန်လေ ခဲ့တဲ့ နှစ်ပေါင်းနှစ်ထောင်ကျော်လောက်က ဒီနေရာမှာ ကျောက်သား ဆိုင်းနဲ့ပြုလုပ်ထားတဲ့ အရိုးပြာအိုးတွေ ရှိခဲ့ရကြောင်း၊ ပြီးတော့ ပျူ ငွေဒင်္ဂါးတွေ၊ ပယင်းပုတီးတွေ၊ ပျူစာတွေ ရေးသားထားတဲ့ ရွှေပေလွှာ တွေ ရရှိခဲ့ဖူးကြောင်း။

ရှေးလူကြီးသူမတွေရဲ့ တစ်ဆင့်စကားတစ်ဆင့်ကြားနဲ့ မှတ်သားထားချက်အရ ပျူခေတ်က ဤနေရာမှာ သူတော်စင်တစ်ဦး ထွက်ရပ်လမ်းမြန်းဖူးလို့ ကျောက်ဖျာကျောက်သားနဲ့ အမှတ်အသား သင်္ချိုင်းဂူပြုလုပ်ထားခဲ့ကြောင်းကို သိရှိခဲ့ပါတယ်။

ကျွန်တော်ကြားသိသမျှတွေဟာ ဘယ်လောက်ထိ ခိုင်လုံပြီး ဘယ်လောက်ထိ မှန်ကန်တယ် မပြောတတ်ဘူး။

ဒီသူတော်စင်တစ်ဦး ထွက်ရပ်မြန်းသွားတယ်ဆိုတဲ့နေရာမှာ တိုက်သစ်ဆောက်လုပ်မိလို့ အကြီးအကျယ်ဒုက္ခရောက်သွားတာတော့ အမှန်ပဲဖြစ်ပါတယ်။

ကျွန်တော်ဟာ တိုက်ပြိုကျမှုနဲ့ပတ်သက်ပြီး တရားရုံးတော်မှာ အကျိုးဆောင်ကို ငှားပြီး အမှုကို ထုချေပေမဲ့ နောက်ဆုံး ကျွန်တော်ဟာ အမှုရှုံးကာ တရားဥပဒေရဲ့ အပြစ်ပေးခြင်းကို ခံရပါတယ်။

အခုတော့ ကျွန်တော်ဟာ တရားဥပဒေရဲ့ အပြစ်ပေးခြင်းက နှစ်စေ့လို့ ထောင်က လွတ်လာပါပြီ။

အခုအခါမှာ ကျွန်တော်ဟာ တစ်နေ့တစ်နေ့ ပုတီးစိပ်၊ တရားထိုင်အလုပ်များနဲ့သာ ဘဝမှာ ပျော်မွေ့လို့နေပါတော့တယ်။

အခု ကျွန်တော့်ဘဝမှာ ကြုံတွေ့ခဲ့ရတဲ့ဖြစ်ရပ်ဆန်းကို ဘယ်လို ဝေခွဲသုံးသပ်မလဲ ဆရာ။ ဆရာ့ရဲ့ ဝေခွဲဆုံးဖြတ်တာကို ကြားပါရစေ။

**စာရေးသူ၏ မှတ်ချက်**

အိမ်ပိုင်ရှင်ကန်ထရိုက်တာ ဦးကျော်သောင်း၏ ပြောပြချက် အပေါ်တွင် စာရေးသူက ဤသို့မှတ်ချက်ပေးလို၏။

မြန်မာ့ရိုးရာယဉ်ကျေးမှု ထုံးတမ်းစဉ်လာတွင် ဗုဒ္ဓမြတ်စွာ၏ အဆုံးအမများကို ဦးထိပ်ပန်ဆင် ခံယူထားသော နည်းနာများစွာ ရှိနေ၏။

အဆောက်အအုံတစ်ခု ဆောက်လုပ်မည့် မြေကွက်အား အဆောက်အအုံမဆောက်လုပ်မီ မြေသန့်မင်္ဂလာပြုလုပ်ရသည်။

MOTHER EYE ART

မြေသန့်မင်္ဂလာပြုလုပ်ရသည့်အကြောင်းရင်းမှာ တည်ဆဲဥပဒေများအရ စာချုပ်စာတမ်းဖြင့် တရားဝင်မိမိလက်ဝယ် ပိုင်ဆိုင်ခွင့်ရရှိသော်လည်း မိမိထက်စောပြီး မိမိမြေပေါ်တွင် နှစ်ရှည်လများနေထိုင်လာခဲ့ကြသော မမြင်ကောင်းသောအရာများ ရှိကောင်းရှိမည်ဖြစ်၏။

သို့မဟုတ် ထိုမြေကွက်၏ အောက်ခြေ၌ ယခင်ခေတ်ကာလများက ကျောင်း၊ ကန်၊ ဘုရားနှင့် သာသနိကအဆောက်အအုံများလည်း ရှိကောင်းရှိနိုင်၏။

အထက်ဖော်ပြပါအကြောင်းအရာများကို ရှင်းလင်းရန်အတွက် အဆောက်အအုံဆောက်လုပ်သည့်မြေပေါ်၌ အရပ်ရှစ်မျက်နှာနယ်နိမိတ်များ သတ်မှတ်ပြီးမှ မှတ်တိုင်စိုက်ခြင်း၊ ဆေးဖျန်းခြင်း၊ မျိုးစေ့ချခြင်း၊ သံဃာတော်များအား ပင့်ဖိတ်၍ ကမ္မဝါဖတ်ခြင်း၊ ပရိတ်ရွတ်ခြင်း၊ ဒါန သီလစသော ကုသိုလ်ကောင်းမှုများပြုလုပ်၍ အမျှဝေခြင်းစသည့် မြေသန့်မင်္ဂလာကို မဖြစ်မနေဆောင်ရွက်သင့်၏။

သို့မှသာလျှင် အဆောက်အအုံဆောက်လုပ်နေထိုင်သူအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး အေးချမ်းသာယာစွာနေထိုင်ရခြင်းစသော ကောင်းကျိုးများကိုသာ ခံစားရရှိမည်ဖြစ်ပါသည်။

သို့ဖြစ်၍ အဆောက်အအုံဆောက်လုပ်သည့်သူများ၊ ကန်ထရိုက်တာများအနေဖြင့် အမှန်တကယ် နားလည်တတ်ကျွမ်းသော လောကီပညာရှင်ကြီးများကို ဆည်းကပ်၍ လုပ်သင့်လုပ်ထိုက်သော ရှေးမြန်မာထုံးတမ်းစဉ်လာများကို လိုက်နာဆောင်ရွက်ရန် တိုက်တွန်းအပ်ပါသည်။

# ဆင်ဖြူတောင်

၁၃၀၃ ခုနှစ်ကာလဖြစ်သည်။

အကျွန်ုပ်သည် ဒေသန္တရာ၊ သာသန္တရ၊ ဗဟုသုတများကို ရှာမှီးသုတေသနပြုနေသူဖြစ်သည့်အလျောက် ဆင်ဖြူတောင်သို့ မရောက်လျှင် ရောက်အောင်သွားမည်ဟု အားခဲထားသည်မှာ နှစ်ပေါင်းကြာလေပြီ။

ရက်အား၊ အချိန်အား၊ အလုပ်အားသည်နှင့်အညီ အကျွန်ုပ်၏ ကျန်းမာရေးအခြေအနေမှာ လွန်စွာကောင်းနေချိန်ဖြစ်၍ တန်ခူးလတွင် မမျှော်လင့်ဘဲနှင့် ဆင်ဖြူတောင်သို့ ရောက်ရှိသွားခဲ့ပါ၏။

## ပေါင်းလောင်းတောင်တန်း

ပျဉ်းမနားမြို့သို့မရောက်မီ တောင်ဘက်၊ မြောက်ဘက် ၁၅ မိုင်ခန့်ကွာဝေးသော နေရာက မီးရထား၊ ကား၊ လှည်း၊ ခြေကျင်ခရီးဖြင့် သွားလာရသည်ဖြစ်စေ၊ အတည်တကျနေထိုင်သော ရွာများမှဖြစ်စေ၊ အရှေ့ဘက်သို့ မျှော်ငေး၍ကြည့်လိုက်ပါ။ ကျောင်းသင်ပထဝီသင်ခန်းစာအခေါ်အားဖြင့် အရှေ့ရိုးမတောင်တန်းအပါအဝင် ပေါင်းလောင်းတောင်တန်းကြီးကို တွေ့ရပေလိမ့်မည်ဖြစ်၏။

## ဘုရားနှစ်ဆူ

ထိုတောင်တန်းကြီး၏အရှေ့ဆုံးမှ တောင်ဘက် မြောက်ဘက် ယှဉ်ပြိုင်လျက်ရှိသော တောင်နှစ်လုံးကား ရှိသည်။ ထိုတောင်ထိပ်၌ ဘုရားဖြူဖြူများအသီးသီး ရှိကြ၏။

မြောက်ဘက်တောင်ပေါ်က ဘုရားကို လှေထွင်းတောင်ဘုရား၊ (အခေါ်အားဖြင့် လေတွင်းတောင်ဘုရား)ဟူ၍ ခေါ်တွင်သည်။ တောင်ဘက်၌တည်ရှိသော တောင်ကို ဆင်ဖြူတောင်ဘုရားဟူ၍ ခေါ်တွင်သည်။

ရှေးအခါက ဤတောင်များသည် လူသူအသိနည်းပါးပြီး တိမ်မြုပ်လျက် ရှိသည်။ ဆင်ဖြူတောင်ဘုရားကိုမူ မန္တလေးတောင် ရသေ့ကြီးဦးခန္တိက ၁၂၉၅ ခုနှစ်လောက်ကစ၍ စီမံဆောက်သြပြီး တန်ဆောင်း၊ ဇရပ်၊ ပြာသာဒ်၊ လှေကား၊ ဘုရား စသည့် သာသနိက အဆောက်အအုံများကို တည်ဆောက်ပြုလုပ်ပျိုးထောင်လျက်ရှိသည်။ ရသေ့ကြီးဦးခန္တီ၏ ကံ၊ ဉာဏ်၊ ဝီရိယအရှိန်အဟုန်ကြောင့် ကြီးကျယ်ခမ်းနား၍ အံ့သြမကုန်နိုင်လောက်အောင်ကို ရှိနေပြီဖြစ်၏။

**ဆင်ဖြူတောင်သမိုင်း**

ထိုခေတ်ထိုအခါက သတင်းစာဆရာကြီးအသီးသီးတို့ကလည်း တန်ခူးလ ဆင်ဖြူတောင်ဘုရားပွဲတော်ဖြစ်လေတိုင်း သတင်းဓာတ်ပုံကြီးငယ်များဖြင့် ဝေဝေဆာဆာ ဖော်ပြကြသည်။

ရုပ်ရှင်ကုမ္ပဏီကြီးများကလည်း ရုပ်ရှင်ဇာတ်ကား ရိုက်ကူးပြသကြသည်။ ရုပ်ရှင်ဇာတ်ကား ရိုက်ကူး၍ပြသသော ဆင်ဖြူတောင်သမိုင်းမှာ ဤသို့ဖြစ်၏။

သက္ကရာဇ် ၁၁၂၃ ခုနှစ်၊ ပင်းတလဲ မဟာမင်းရဲသည် **အင်းဝတွင်** မင်းလုပ်၍ အုပ်ချုပ်စိုးစံလျက် အပြည်ပြည်မှ မင်းအများ၏**အကာန်**တော့ကို ခံယူနေသည်။ သားတော်သီဟသူနှင့် မော်မှိုင်းနယ်မြို့စားတို့သည် ဓားရေး၊ ဓားခုတ် ပျော်ပွဲသဘင် ဆင်ယင်ကျင်းပလျက် ရှိသည်။

ဇော်မှိုင်းမြို့စား၏ နယ်ပယ်တွင် ဆင်ဖြူတော်တစ်စီးမှာ ပဲခင်း၊ ယာခင်းတို့ကို ဖျက်ဆီးနေသည်။

သို့ကြောင့် အကြည်တော်ဖြစ်သူ သီဟသူကို လာရောက်၍ နှိမ်နင်းပေးပါရန် သဝဏ်လွှာဖြင့် လျှောက်ထားသဖြင့် လိုက်လာသည်။

မြို့အဝင်တွင် ဦးမွေး၊ ဒေါ်သာတို့၏ သမီးနှစ်ယောက်ဖြစ်သော မယ်ဖြူ၊ မယ်ညိုတို့ ညီအစ်မနှစ်ယောက်ကိုမြင်တွေ့၍ မျက်စိကျပြီး ကောက်ယူသိမ်းပိုက်တော်မူလိုက်သည်။

ဆင်ဖြူတော်ကို ဖမ်းဆီးရန် အရေးကိစ္စလည်းရှိသေးသဖြင့် ပုဏ္ဏားဆရာအား အပ်နှံပြီးလျှင် ဆင်ဖြူတော်ကျက်စားရာအရပ်သို့ မကြာမီထွက်ခွာသွားတော်မူ၏။

သိုက်ဆရာဦးမောင်ကြွက်မှာလည်း သိုက်စာအရ ဇော်မှိုင်းမြို့သို့ လိုက်လာပြီးလျှင် ပုဏ္ဏားကို ဥစ္စာများစွာဖြင့် ဖြားယောင်းသည်။

မယ်ဖြူ မယ်ညိုတို့ညီအစ်မနှစ်ယောက်ကို တောတွင်းသို့ လှည့်ဖြားခေါ်ဆောင်စေပြီးလျှင် သိုက်ကို အပ်နှိင်းသည်။

ယင်းကို ငြင်းပယ်သဖြင့် လည်မျိုကို ကျောက်ခဲနှင့်ဖိကာ ပါးစပ်မှ သွေးထွက်လာအောင် သတ်ကြ၏။

ထို့နောက် သွေးစီးရာနောက်သို့လိုက်ကာ သွေးရပ်သည့်နေရာတွင် ဆေးဝါးများဖြင့် စီမံကြပြီးလျှင် သိုက်ကိုပေါ်စေသည်။

သိုက်စာတွင် 'မီးမတောင်းနှင့်' စာသားများပါရှိရာ ဆေးလိပ်မီး မတောင်းနှင့်ဟု မှတ်ယူကြပြီးလျှင် သိုက်အပြင်တွင် ဆေးလိပ်၊ မီးခြစ်များကို ထားရစ်ခဲ့ကြသည်။ သိုက်အတွင်းတွင် သိုက်စောင့်များက သီဆိုတီးမှုတ်ကြရာ ပါလာသူများက ကချင်ခုန်ချင်စိတ်များ ပေါ်ပေါက်လာ၏။

## မီးမတောင်းနှင့်

ပုဏ္ဏားဆရာမှာ ကရင်းခုန်ရင်းပင် နံရံတွင် ဆွဲချိတ်ထားရှိသော မောင်းကလေးများကို မြင်တွေ့သည်။

တီးကြည့်လိုစိတ်များပေါ်ပေါက်၍ တီးကြည့်ရာ သိုက်ပေါက်ပြီးလျှင် လောင်မီးကျကာ မူးမေ့သွားကြတော့သည်။

မီးမတောင်းနှင့်ဆိုသော စကားမှာ မောင်းမတီးနှင့်ဟူသော အဓိပ္ပာယ်ရသည်။ သိုက်လှေမှာလည်း သိုက်အပြင်ရေယာဉ်ကြောသို့ ထွက်ခွာ၍ သွားတော့၏။

သီဟသူမှာ ဆင်ဖြူတော်ကို စောင့်ဆိုင်း၍နေရသည်မှာ ရက်လအတော်ကြာညောင်းလျက်ရှိနေပြီ။

တစ်နေ့သ၌ မယ်ဖြူ မယ်ညိုတို့ ညီအစ်မနှစ်ဖော်က ကိုယ်ရေး ပြ၍ ဖြစ်ပျက်သည့် အလုံးစုံကို နတ်သံနှောကာ ပြောပြကြသည်။ မိမိတို့အလောင်းများရှိရာသို့ ခေါ်ဆောင်သွားရာ သီဟသူမှာ ယူကျုံးမရဖြစ်လျက် အလောင်းများကို ပွေ့ပိုက်ကာ ငိုကြွေးတော့ သည်။

ဇော်မှိုင်းမြို့စားလည်း သီဟသူပျောက်နေသဖြင့် လိုက်ရှာ သည်။ တွေ့ရှိသဖြင့် အလောင်းများကို ကောင်းစွာသင်္ဂြိုဟ်စေလျက် ပုဏ္ဏားဆရာနှင့် သိုက်ဆရာတို့ကို ကလဲ့စားချေရန် လိုက်လံရှာဖွေ ကြသည်။

သိုက်ဆရာတို့ကလည်း မူး၍နေရာမှ သိုက်လှေနောက်သို့ ကျောက်ဖျာတစ်ခုကို စီရင်ပြီးလျှင် လိုက်ကြသည်။ သိုက်စောင့်တို့က သင်းကိုဖျက်၍ ရေတွင်နှစ်လိုက်ကြသည်။ တစ်ဖက်ကမ်းသို့ အလု အယက်ကူးပြေးကြရသည်။ သို့သော် သီဟသူတို့ လူစုနှင့်တွေ့သဖြင့် အားလုံးကို သုတ်သင်ရှင်းလင်းလိုက်ကြသည်။

မယ်ဖြူ မယ်ညိုတို့လည်း ချစ်လျက်နှင့်ခွဲကာ ဘဝခြားနေ သော်လည်း သီဟသူ၏မေတ္တာကိုသိကြသဖြင့် မိမိပိုင်ဆိုင်ရန်နယ်ကို တောင်းဆိုကြရာ တောင်တစ်တောင်ဆီကို ပေးသနားတော်မူ၏။

သီဟသူကလည်း မိမိ၏တိုင်းပြည်ကိုမပြန်ဘဲ ဇော်မှိုင်း နယ်ပယ်တွင်ပင် အေးချမ်းစွာနေထိုင်လျက် မယ်ဖြူမယ်ညိုတို့ ညီအစ်မ နှစ်ယောက်အတွက် ကုသိုလ်ကောင်းမှု အလှူဒါနများပြုကာ အမျှပေး ဝေလျက် နေတော့၏။

## တောင်ပေါ်သို့ ခရီး

ပျဉ်းမနားမြို့မှ ကျဉ်ထောင်ရွာသို့ သွားရောက်လျှင် နွေဥတု အခါသမယ သုံးမိုင်၊ မြင်းလှည်းဖြင့် နှစ်ပဲပေးရသည်။ လေးမိုင်မှာ မြင်းလှည်းဖြင့် သွားရသည်။

ကျဉ်ထောင်ရွာသို့ရောက်ရှိလျှင် လေတွင်းတောင်ဘုရားနှင့် နတ်စင်ရှိရာ တောင်ပေါ်သို့ တက်ရောက်ကြလျှင် ခေါ်မရွာသို့ ခြောက်ဖာလုံခန့်ဖြတ်သန်းသွားက ရောက်ရှိနိုင်၏။

ပျဉ်းမနားမြို့မှ ဆင်ဖြူတောင်သို့ သွားလိုလျှင် မြင်းလှည်းဖြင့် ခုနစ်မိုင်၊ အခ လေးပဲ ပေးရလေရာ ဆင်သေဝရွာသို့ ရောက်ရှိသည်။ ထိုမှ တစ်မိုင်ခန့်ခြေကျင်ခရီးဖြင့် ဖြတ်သန်းသွားလာရသည်။ ပေါင်းလောင်းမြစ် ခေါ် စစ်တောင်းမြစ်ကို ကူးတို့ဖြင့် ကူးခတ်၍ သွားရသည်။

လေတွင်းတောင်နှင့် ဆင်ဖြူတောင်မှာ တောင်မြောက်တည့် တည့်တွင် ရှိနေသည်။ ကြားမှ မြစ်ခြားလျက် လေးမိုင်ခန့် ကွာဝေး လိမ့်မည်ဟု ခန့်မှန်းယူဆရသည်။ တောင်ပမာဏချင်းမှာ ဆင်တူ သည်။ လေတွင်းတောင်မှာ အနည်းငယ်ပို၍မြင့်မားပုံ ရသည်။

## သိုက်စာအရ ရွှေရှာကြီး

သက္ကရာဇ် ၇၆၇ ခုနှစ် ရာဇဓိရာဇ်နှင့် အင်းဝမင်းခေါင်တို့ စစ်မက်ဖြစ်ပွားလျက် တိုင်းပြည်အခြေအနေမှာ ငြိမ်းချမ်းရေးမရဘဲ ဆူပူ၍နေ၏။

ထိုစဉ်ကာလဝယ် အမူရပူရမြို့အနီး ညောင်ဝှမ်းရွာမှ ဦးဈေး၊ ဒေါ်သာတို့သမီးကြီး ဆယ့်နှစ်နှစ်အရွယ်မယ်ညို၊ ဆယ်နှစ်အရွယ် မယ်ဖြူတို့ကို ခေါ်ပြီးလျှင် ထွက်ပြေးတိမ်းရှောင်ခဲ့ကြ၏။

MOTHER EYE ART

ကျဉ်ထောင်ရွာသို့ သားအမိသားအဖလေးယောက်တို့ ခရီးပြင်းစွာ ဆိုက်ရောက်လာကြ၏။

ဦးမွေးမှာ ကျဉ်ထောင်သို့ရောက်ရှိလျှင် ရွာအနောက်ဘက်အနီးတွင် တောင်ယာခုတ်၍ သစ်သီးဝလံများကို စိုက်ပျိုးလုပ်ကိုင်၍ တောင်သူကြီးအဖြစ်နှင့် လုပ်ကိုင်စားသောက်နေထိုင်၏။

ယာခင်း၏မြောက်ထောင့်တွင် ကျောက်ဘီလူးရုပ်ကြီးကို တွေ့ရှိရာ ရှေးလူကြီးသူမတို့၏ ဝါဒအတိုင်း ကျောက်ဘီလူးမကြီးအား နေ့စဉ် အိမ်မှ မယ်ဖြူ၊ မယ်ညိုတို့ အပို့လာသော ထမင်းဟင်းလျာများကို မစားသောက်မီ ဦးဦးဖျားဖျား တင်မြှောက်ပသလျက် ရှိသည်။

ရည်ရွယ်ချက်မှာ ယာခင်းများကို ပိုးလောက်တို့ မဖျက်ဆီးရန် အရှင်ဘီလူးမကြီးက မစောင့်ရှောက်တော်မူပါဟူ၍ပြောဆိုကာ တင်မြှောက်ပသ၏။

တစ်နှစ်လောက်ကြာသော် ပုဂံပြည်ဘက်မှ ဦးရသေ့တစ်ပါးသည် ကျဉ်ထောင်ရွာသို့ ဆိုက်ရောက်လာသည်။ ရွာနှင့် လေးမိုင်ခန့်ကွာဝေးသော ကြာကန်ကြီးအလယ်တွင် ကျွဲကြီးတစ်ကောင်စောင့်ရှောက်သော ရွှေလှေကြီးတစ်စင်းရှိသည်။

ထိုရွှေလှေကြီး၏အောက်တွင် ပတ္တမြားကြုတ်ထဲ၌ ပြာများရှိသည်။ ထိုပြာများကို စားရလျှင် အသက်ရှည်ခြင်း၊ အဆင်းလှခြင်းစသော တန်ခိုးဣဒ္ဓိပါဒ်များရရှိသည်။

ထို့အပြင် ရွာအနီးရှိသော ကျောက်ဘီလူးအရုပ်ကြီး၏ အနီးတွင် ရွှေ၊ ငွေ လှည်းခုနစ်စီး မြှုပ်ထားသည်ဟု သိုက်စာအရ ပါရှိကြောင်းကို ပြောပြပြီး ရွာထဲမှ စကားနားထောင်မဂ္ဂဲသူနှင့် သတ္တိကောင်းသူကို အလိုရှိကြောင်း မေးမြန်းစုံစမ်းပြောဆိုကာ ကျဉ်ထောင်ရွာမှ လူတစ်ယောက်ကို ခေါ်ယူသွား၏။

သိုက်တူးခြင်း

ဦးရသေ့မှာ လောကီပညာတို့တွင် အင်းအိုင်ခလှဲ့လက်ဖွဲ့မန္တန်တို့ဖြင့် ခုနစ်ရက်ခန့် ကျနစွာစီမံပြီးလျှင် သတ္တိကောင်းသော ရွာသားတစ်ဦးကို နောက်မှခေါ်လျက် ကျောက်ဘီလူးမကြီးကို ချည်မန်းကွင်းစွပ်သည်။

နောက်မှ ကြာကန်ကြီး၏ ကမ်းပါးပေါ်မှနေ၍ ဂါထာတို့ဖြင့် မန်းမှုတ်နေစဉ် ရေပြည့်လျှံလျက်ရှိသော ကြာကန်ကြီးမှာ ရေများတဖြည်းဖြည်းခန်းခြောက်ပြီးလျှင် ရေလယ်မှ ကျွဲကြီးတစ်ကောင်ပေါ်လာ၏။

ဦးရသေ့မှာ နောက်ပါရွာသားအား ကျွဲကြီးကို ခါးပန်းကြိုးဖြင့် ချည်လျက် ဆေးကြိမ်ဖြင့် မရိုက်နှင့်။ ကျွဲကြီးလှုပ်တိုင်း ဆေးကြိမ်နှင့်ရွယ်ပြက ငြိမ်နေလိမ့်မည်ဟုမှာလျက် ဂါထာများကို ဆက်လက်မန်းမှုတ်နေ၏။

ထိုအချိန်တွင် ဦးမွေးမှာ ဘီလူးမကြီး၏မနီးမဝေးတွင် ယာခုတ်နေသည်။ ဘီလူးမကြီးက လက်ယပ်ခေါ်သဖြင့် တစ်ခါမှမလှုပ်ရှားဖူးသော ကျောက်ဘီလူးမကြီး၏အမူအရာကိုမြင်လျက် အံ့ဩထူးဆန်းပြီးလျှင် အနီးသို့သွားရာ သာယာချိုအေးသော မိန်းမငယ်တို့၏အသံဖြင့်....

"ဘိုးမွေး ကျုပ်ရဲ့လည်ပင်းက ချည်မန်းကွင်းကို ဖြုတ်ပေးပါ။ သင် လိုသလောက် ရွှေငွေတွေကို ကျုပ်ထိုင်နေတဲ့ အောက်က ယူပါ"

ဟူ၍ တောင်းပန်တော့၏။

ဦးမွေးမှာ ဘီလူးမကြီး၏စကားကို မငြင်းဆန်ဘဲ ဖြုတ်ပေးလိုက်၏။

ဘီလူးမကြီးမှာ ထိုင်နေရာက ထသွားပြီးလျှင် ကြာနီကန်သို့ သွားရောက်ပြီးလျှင် ခါးပန်းကြိုးချည်ထားသော ကျွဲကြီးကို လှန့်လိုက်ရာ ကျွဲကြီးက လန့်တိုင်း ဦးရသေ့၏ နောက်ပါလူ ကျဉ်ထောင်ရှာသားက ဆေးကြိမ်ဖြင့် ရွယ်ပြနေရာက အကြိမ်ပေါင်းများနေသဖြင့် ဦးရသေ့၏အမှာစကားကို မေ့လျော့ပြီးလျှင် ဒေါသဖြစ်လျက် ကျွဲကြီးကို ဆေးကြိမ်လုံးဖြင့် တအားရိုက်ပုတ်မိ၏။

ထိုအချိန်တွင် ကျွဲကြီးမှာ ရိုက်လိုက်သောဒဏ်ရာဖြင့် နေရာတွင် ပျောက်ကွယ်သွားရာ ဦးရသေ့အလိုရှိသော ရွှေလှေကြီးမှာလည်း အလိုအလျောက် ရေကန်အလယ်မှ ပေါ်ထွန်းလာလျက် အရှေ့ရှုးရှုး အရပ်သို့ မြည်ဟည်းပြီး ထွက်သွားတော့၏။

ရွှေလှေ၏ အရှေ့တည့်တည့်တွင် တောင်တစ်လုံး ကာဆီး၍ နေသည်။

ထိုတောင်ကို ရွှေလှေက ထိုးထွင်း၍ ခွင်းသွားသဖြင့် တောင်ကြီးမှာ လှေကြီး၏ တစ်နေရာစာကွဲအက်သွားရာ ယခုတိုင် ထိုတောင်တွင် လှေသွားရာကြီးဖြစ်လျက်ရှိသည်ကို မြင်တွေ့ရသည်။

## ဦးမွေး ဒေါ်သာတို့ ဘုရားတည်

ဦးမွေးမှာ ဘီလူးမကြီးပြန်မလာသည့်အကြောင်းကို သိရှိပြီးလျှင် ဘီလူးမကြီးပြောစကားအရ ရွှေငွေများကို တူးဖော်ကာ တစ်သက်တွင် စားမကုန် သုံးမကုန်နိုင်လောက်အောင် ရရှိ၏။

ဦးစွာပထမ ဉာဏ်တော် ၃၂ တောင်ခန့်မြင့်သော ရင်ဖွင့်ထုတ်ဖြိုး ဟူသော ဘွဲ့တော်ဖြင့် ဘုရားတစ်ဆူတည်သည်။ ဘုရား၏ အရှေ့မြောက်ဘက်အနီးတွင် ဘီလူးမကြီးနေထိုင်သော ပုံကို တည်ထားလျက် ရွှေငွေပစ္စည်းတို့ဖြင့် ကြီးပွားသွားတော့၏။

**မယ်ညို၊ မယ်ဖြူတို့၏ဖူးစာကံ**

ထိုကဲ့သို့ဖြစ်ပျက်ပြီးနောက် ငါးနှစ်ခန့်အကြာတွင် ဦးမွေး၊ ဒေါ်သာတို့၏သမီးချောနှစ်ယောက် မယ်ညို၊ မယ်ဖြူတို့မှာ အချိန်အရွယ်ရောက်ပြီးလျှင် ရုပ်ဆင်းသဏ္ဍာန် ကြန်အင်လက္ခဏာနှင့် ပြည့်စုံလျက်ရှိသည်။

ကျဉ်တောင်ရွာကို အုပ်ချုပ်လျက်ရှိသော ရှမ်းလူမျိုးနွယ် ဘိလူးခေါ် စော်ဘွားက တိုင်းခန်းလှည့်လည်ရင်း မျက်စိကျလျက် မရမနေ သိမ်းပိုက်သည်။

ညီအစ်မနှစ်ယောက်စလုံးမှာ လောကဓမ္မတာအိမ်ထောင်ပြုခြင်း၊ သားမွေးခြင်းတို့ကို လုံးဝအလိုမရှိသဖြင့် အသေခံမည်။ ယောကျ်ားကို မယူဟု တင်းမာနေ၏။

စော်ဘွားမှာ အကြမ်းနည်း၊ အနုနည်းဖြင့် ချော့တစ်ခါ၊ ခြောက်တစ်လှည့် နူးနပ်သော်လည်း မရသောကြောင့် နောက်ဆုံးတွင် မယ်ညို၊ မယ်ဖြူ ညီအစ်မနှစ်ယောက်မှာ တဏှာရာဂမီးအပုန်ကြောင့် ကားစင်တင်၍ အသတ်ခံရသည်။

ကားစင်တင်စဉ် မယ်ဖြူ၊ မယ်ညိုတို့မှာ ဆင်ဖြူတောင်နှင့် လေတွင်းတောင်တွင် ရှိနေပါစေသားဟု ဆုတောင်းလျက် သေဆုံးသွားကြတော့သည်။

ထိုအခါ လေတွင်းတောင်ပေါ်တွင် မယ်ညိုစောင့်၍ ဆင်ဖြူတောင်ပေါ်တွင် မယ်ဖြူက စောင့်ကြပ်ရှိနေကြသည်။

## စော်ဘွားဟော်နန်း

နွယ်ဘီလူးစော်ဘွား နန်းစိုက်သော ဟော်နန်းရာ ရာဇပလ္လင်သည် စော်ဘွားတည်ထားသည့်ဘုရားတို့မှာ ယခုထိ ထင်ရှားစွာ ရှိနေသည်။

ဦးမွေး၊ ဒေါ်သာတို့မှာ သမီးနှစ်ယောက်၏ အဖြစ်ဆိုးလှသော အဖြစ်သနစ်ကို နေ့စဉ်နှင့်အမျှ လွမ်းတပူဆွေးလျက်ရှိနေရာ အလှူအတန်းပေး၍ အမျှဝေပေးခြင်းတို့ကို အမြဲတစေ ပြုလုပ်နေရာက ကွယ်လွန်ခဲ့ကြရသည်။

## လေတွင်းတောင်၏ ထူးဆန်းခြင်း

လေတွင်းတောင်ဘုရားတို့ တပို့တွဲလကစ၍ ကဆုန်လအထိ ပျဉ်းမနားမြို့ပေါ်ကဖြစ်စေ၊ နယ်မှဖြစ်စေ ဘုရားဖူးသွားလာကြရာ တပျော်တပါးဖြစ်ကြသည်။

တောင်ပေါ်တွင် ဘုန်းကြီးကျောင်းပေါင်းများစွာ ကျောင်းထိုင်ဖူးခဲ့ရာ တစ်နှစ်တစ်ဝါရရုံဖြင့် ရူးသွပ်ခြင်း၊ မျက်စိကွယ်ခြင်း၊ ပျံလွန်တော်မူခြင်းတို့ဖြစ်သကဲ့သို့ တောင်ပေါ်ရှိကျောင်းမှာ အဆောက်အအုံကောင်းဖြစ်သော်လည်း ဘုန်းကြီးမရှိဖြစ်နေတော့သည်။

ထိုတောင်ပေါ်၌ ကျိုက်ထီးရိုးပုံတော်ဘုရားတည်သော မြန်မာလူမျိုးတစ်ဦးမှာ ဘုရားအပြီးတွင် အိမ်သို့ပြန်ရောက်သော် အိမ်သားခုနစ်ဦး ဆက်ကာဆက်ကာ ပျက်စီးသေဆုံးသွားသဖြင့် မယ်ညိုနတ်မကြိုက်တာလုပ်ခဲ့ပြီဟု လူအများက စွပ်စွဲပြောဆိုကြသည်။

တောင်ပေါ်ရောက်က မယ်ညိုနတ်စင်၊ ယခုအခါ မယ်တော်ညိုပုံကို ဦးချကန်တော့ကြသည်။

MOTHER EYE ART

တစ်ဖန် တောင်ထိပ်ပေါ်သို့တက်လိုက်လျှင် (ကိုးပျံ၊ ကိုးမုခ် ဘုရား)တစ်ဆူ၊ မင်းတုန်းမင်းတရားကြီးလက်ထက်က တည်ထားရာ ဘုရားအနီးတွင် ပိတောက်ကိုးပင်၊ မန်ကျည်းကိုးပင်၊ ထန်းကိုးပင်တို့ ပေါက်ရောက်ရှင်သန်လျက်ရှိသည်။

ဘုရားမှာလည်း မုခ်ကိုးမုခ်ရှိသည်။ ထိုဘုရား၏ မြောက်ဘက် မုခ်အနီးက ရွှေလှေ့ထွင်းထွက်ရာလမ်းကြောင်းကြီးမှာ ကွဲအက်လျက်ရှိ ၍ လေတဟူးဟူးထွက်နေရာ အချို့လူတို့ လက်ကိုင်ပဝါများ ချစမ်း ကြည့်ကြစဉ် လေထဲ၌ အရှိန်ပြင်းစွာ လွင့်ပါသွားခဲ့၏။

ထိုတောင်ကိုစောင့်သော နတ်မယ်ညိုမှာ သူတော်ကောင်း ယောင်ဆောင်နေသည်ကို မနှစ်သက်။ စုံတွဲလင်မယားနှင့် ကြမ်းတမ်း မှုကို လုံးဝမကြိုက်ဟု နယ်သူနယ်သားတို့က စွပ်စွဲပြောဆိုကြ၏။

## ဆင်ဖြူတောင်၏ ထူးဆန်းခြင်း

ဆင်ဖြူတောင်သည် လေထွင်းတောင်ကဲ့သို့ဖြစ်သည်။ တောင်ပေါ်၌ ကြမ်းတမ်းစွာ ပြောဆိုလှေ့ရှိသော ဓလေ့ကို မကြိုက် နှစ်သက်။

တောင်ပေါ်သို့ ရောက်ရှိလာသူတိုင်း မယ်ဖြူ ခေါ် မယ်တော် ဖြူ နတ်စင်ကို ဦးချကန်တော့ကြသည်။

လွန်လေခဲ့သော သုံးနှစ်ခန့်က အသက် ၁၃ နှစ်အရွယ် ကလေး တစ်ယောက်မှာ အရွန်းအပြက်များကို တောင်ပေါ်၌ ကလေးသဘာဝ ပျော်သမျှပြောဆိုခဲ့ကြရာတွင် လှေနှင့် ရေနှင့်ညီသည်ဆိုသော စကား ကိုလည်း ထည့်၍ သုံးစွဲကြသည် ဆို၏။

တောင်ပေါ်မှဆင်း၍ မြစ်ထဲရေဆင်းချိုးကြစဉ် ထုကလေး သုံးယောက်မှာ တစ်ပြိုင်တည်း ရေနစ်သေဆုံးသွားရာ ယခုနှစ်အထိ လှေနှင့် ရေနှင့် ညှိသည်ဆိုသော ပြက်လုံးစကားကို တစ်ဦး တစ်ယောက်က သုံးစွဲမိက မပြောရန် တင်းကြပ်စွာ တားမြစ်ကြ၏။

## ဒုတိယမန်းစက်တော်

ဆင်ဖြူတောင်သို့ အကျွန်ုပ်ရောက်ရှိသွားသော ကာလမှာ တန်ခူးလ သမယဖြစ်သည်။ မန္တလေးတောင် ရသေ့ကြီးဦးခန္တီ ကိုယ်တိုင် ကြီးမှူးသော တန်ခူးလဘုရားပွဲတော်နှင့် ကြုံကြိုက်နေ သည်။ ဘုရားဖူးပရိသတ်တို့မှာ အထူးစည်ကားလှ၏။

မြန်မာနိုင်ငံတွင် မြစ်ကူးချောင်းခြားသွားရသော ခရီးချင်း တူခြင်းစသော တူညီချက်ပေါင်းများစွာတို့ကြောင့် ဒုတိယ မန်းစက်တော်ဟု ခေါ်တွင်နေကြ၏။

တောင်ခြေရင်းရှိ ကိုးခန်းဇရပ်နှင့် အခြားဧည့်ခံဇရပ်တို့တွင် တည်းခိုကြရာ လူအလွန်စည်ကားသည်။ ဘုရားပွဲတော်အတွင်းတွင် ဆင်သေရွာက ဦးစီးပြီးလျှင် ဘုရားဖူးလာကြသော ရဟန်းပရိသတ်နှင့် လူပုဂ္ဂိုလ်တို့အား ဆွမ်း၊ ကွမ်း၊ မုန့်ပဲသရေစာများမှစ၍ လုံလောက်စွာ နှစ်စဉ်ဧည့်ခံကျွေးမွေး၏။

ဆင်တမော့အတက်မှာ ကြိုအင်းရွာ ဦးသာဗျောကိုးခန်းဇရပ် တွင် ညောင်ပင်ဈေးရွာ ဦးထွန်းစိန်တို့က နှစ်စဉ်နှစ်တိုင်း လက်ဖက်၊ ချင်း၊ ထိုးမုန့်စသော မုန့်မျိုးစုံတို့ဖြင့် လက်ဖက်ရည်တိုက်ကျွေးရာ လူမျိုးမရွေးဖြစ်သည်။

ဘုရားပွဲတော်ရက်များတွင် ရွာအစုံစုံမှ လူမျိုးစုံဖြစ်သောကြောင့် ရမည်းသင်းရာဇဝတ်ဝန်ကြီးရုံးမှ ရာဇဝတ်အုပ်နှစ်ဦးနှင့် အမှုထမ်းသုံးဆယ်ခန့်တို့ ပွဲကြပ်လွှတ်ထားသည်ကိုလည်း မြင်တွေ့ရသည်။

**ဆင်ဖြူတော် ခိုအောင်းရာဂူမှ ဆရာတော်**

အကျွန်ုပ်သည် တောင်ခြေရင်းတွင် ရက်အတန်ကြာအောင်နေထိုင်ပြီး ဆင်ဖြူတောင်သမိုင်းကို လည်းကောင်း၊ ဆင်ဖြူတောင်နှင့်ဆက်နွယ်နေသော အကြောင်းအရာများကိုလည်းကောင်း လက်လှမ်းမီသရွေ့ လေ့လာပြီးမှ ဆင်ဖြူတောင်သို့ တက်ခဲ့သည်။

ဆင်ဖြူတောင်ပေါ်သို့မရောက်မီ ဆင်တမော့အတက်ကို လှေတို့လှံ့ပြီး ဒူးတုန်ကြသည်။ ထိုမှ မယ်တော်ဖြူနတ်စင်ကို ကန်တော့ကြ၏။

ဆင်ဖြူတော်ကျက်စားရာဒေသတို့တွင် ဆင်ဖြူခြေရာတို့များစွာ ယခုထိရှိနေကြသည်။ တန်ခိုးကြီးဘုရားနှင့် ဆုတောင်းပြည့်ဘုရားကို ဖူးမြော်အပြီးတွင် အကျွန်ုပ်သည် အေးအေးဆေးဆေး ပုတီးစိပ်လို၍ ဆင်ဖြူတော်ခိုအောင်းရာဂူသို့ ဒုတိယတစ်ခေါက် ပြန်လည်သွားရောက်ရာ အံ့ဩဖွယ်အဖြစ်နှင့် ကြုံတွေ့ရတော့၏။

လွန်လေခဲ့သော မိနစ်အနည်းငယ်အတွင်းက အကျွန်ုပ်သည်ဤဆင်ဖြူတော် ခိုအောင်းရာဂူတွင်းသို့ ရောက်ခဲ့သေး၏။

ထိုစဉ်က ဘုန်းကြီးအိုအိုကြီးမတွေ့ခဲ့ရ။ တောင်ခြေရင်းတွင် ရက်အတန်ကြာနေထိုင်စဉ်ကလည်းကောင်း၊ တောင်တက်ခရီးလမ်းတွင် လည်းကောင်း ထိုဘုန်းကြီးအိုအိုကြီးကို မဖူးမတွေ့ခဲ့ရ။

ယခု မိနစ်ပိုင်းအတွင်း၌ မည်သို့မည်ပုံ ဂူအတွင်းသို့ ရောက်ရှိခဲ့သည်ဆိုသည်ကို အကျွန်ုပ်သည် သိရှိလိုသော်လည်း ကြောင်းကျိုးဆက်စပ်၍ တွေးတောစဉ်းစားမရအောင် ဖြစ်နေသောကြောင့် အံ့သြမိပါသည်။

အကျွန်ုပ်သည် စိတ်ဝင်စားမိသော ဘုန်းကြီးအိုအိုကြီးကို သေချာစွာ ကြည့်ပြီး ဖူးမြော်မိသည်။ ဘုန်းကြီးအိုအိုကြီးမှာ အသက်အရွယ် အလွန်ကို ရင့်နေပြီဟု ခန့်မှန်းရသည်။

အသားအရေများမှာ တွန့်ရုံမျှမဟုတ်။ တချို့နေရာများတွင် ငါးကြီးကို ဓားထက်ထက်ဖြင့် မွန်းတားဘိသကဲ့သို့ ကွဲအက်ကြောင်းကြီးများ အထင်းသားပေါ်လွင် ထင်ရှားနေသည်ကို မြင်တွေ့ရ၏။

ဦးခေါင်းထက်တွင် ဆံပင်ကိုရိပ်ထားသည်မှာ ကြာလှဟန်မတူသေး။ ကျိုးတိုးကျဲတဲ ပေါက်နေသော ဆံပင်များမှာ ဆွတ်ဆွတ်ဖြူဖွေး နေ၏။

မျက်ခွံအစုတို့မှာ အရေပြားက အိတ္တွဲကျနေ၏။ ပါးပြင်နှစ်ဖက်မှာ ချိုင့်ခွက်နေ၍ သွားများတစ်ချောင်းမျှရှိဟန် မတူတော့ပါ။ အသားအရေမှာ နေမထိသကဲ့သို့ ဆွတ်ဆွတ်ဖြူဖွေးနေ၏။

လက်မောင်းမှာ အရိုးပေါ်အရေတင်နေပြီး အရေပေါ်တွင် အပျောက်ကြီးများက အထင်းသား၊ အရှင်းသား ပေါ်လွင်နေတော့၏။

လက်ချောင်းကလေးများမှ သေးသေးသွယ်သွယ်ဖြစ်နေပြီး ကြိမ်တောင်ဝှေးကို ကိုင်ထားသောလက်မှာ အနည်းငယ်တုန်ယင်နေသည်ကို သတိထားလိုက်မိ၏။

"ဒကာက ဒီဂူကို ဘာဖြစ်လို့ ဒုတိယအကြိမ်တစ်ခေါက်ပြန်လာရသလဲ"

ဘုန်းကြီးအိုအိုကြီး၏အမေးစကားကြောင့် အကျွန်ုပ်က ဝို၍ အံ့သြရပြန်ပါသည်။ အကျွန်ုပ် ပထမဆုံးအကြိမ် ဤဂူအတွင်းသို့ ဝင်ရောက်စဉ်က ထိုဘုန်းကြီးအိုအိုကြီးကို မဖူးတွေ့ရဘဲလျက် အကျွန်ုပ်သည် ဂူအတွင်းသို့ရောက်ခဲ့သည်ကို အဘယ်နည်းနှင့် သိရသနည်း။ အကျွန်ုပ်တွေးတောစဉ်းစား၍ကား မရနိုင်တော့ပါ။

"တပည့်တော် ပုတီးစိပ်မလို့ပါဘုရား"

"သာဓု သာဓု သာဓု။ ပုတီးစိပ်တဲ့အလုပ်ဟာ အကုသိုလ်ကင်းတဲ့ အလုပ်ပဲ"

"တင်ပါ့ဘုရား"

"အကုသိုလ်ကင်းတော့ ကုသိုလ်ပွားတဲ့အလုပ်လို့ ဆိုလို့ရတာပေါ့"

"တင်ပါ့"

"ဒါထက် ဒကာက ဘာကို ပုတီးစိပ်သလဲ"

"တပည့်တော်ကတော့ အစွမ်းထက်မြက်တယ်လို့ အညွှန်းရှိထားတဲ့ ပုတီးစိပ်မှန်သမျှကို ကျက်မှတ်ပြီး စိပ်နေတာပါဘုရား"

"ဩော်… ဒကာက ရေထွက်မယ်ထင်ပြီး ရေတွင်းတူးနေတဲ့လူလို ဖြစ်နေတာကိုး"

"တပည့်တော်ကို ဆုံးမလမ်းညွှန်ပေးတော်မူပါဘုရား"

"တစ်ခါက ဒကာတစ်ယောက်ဟာ ရေအသုံးလိုလို့ သူပိုင်တဲ့တောင်ယာမှာ ရေတွင်းတစ်တွင်းတူးလိုက်တယ်။ ဘယ်နေရာမှာ စမ်းရေကြောရှိတယ်ဆိုတာကိုလည်း မသိဘူး။

ဒါနဲ့ လမ်းမှာလျှောက်သွားနေတဲ့ လူတစ်ယောက်ကိုတွေ့ပြီး မေးကြည့်တော့ တောင်ယာထဲ အရှေ့နားမှာ အတောင်လေးဆယ်တူး

လို့ ပြောခဲ့တယ်။ အဲဒါ ဒကာဟာ လမ်းပေါ်ကလူပြောသွားတဲ့ စကားကို အဟုတ်မှတ်ထင်ပြီး အတောင်လေးဆယ်ပြည့်အောင်ကို တူးကြည့်တယ်။

အတောင်လေးဆယ်သာ ပြည့်သွားတယ်။ ရေတစ်စက်မှ ထွက်မလာဘူး။ ဒါနဲ့ လမ်းပေါ်မှာသွားထိုင်နေပြီး လမ်းပေါ်မှာ လျှောက်သွားနေတဲ့သူ တွေ့ရင် မေးကြည့်ဖို့ စောင့်မျှော်နေတယ်။

အဲ… လမ်းပေါ်မှာ လျှောက်သွားတဲ့ သူတစ်ယောက်ကို **တွေ့လို့** မေးကြည့်တော့ ယာတဲရဲ့အနောက်ဘက်က အတောင်**နှစ်ဆယ်** အကွာ အရပ်မှာ အတောင်လေးဆယ်ပြည့်အောင် တူးလို့ ပြောပြန်ပါတယ်။

ရေလိုတဲ့ ဒကာကလည်း တူးပါတယ်။ ဒါပေမဲ့ **ရေက တစ်စ**က်လေးမှ ထွက်မလာပြန်ပါဘူး။ ခွဲသန်တဲ့ ဒကာက**တော့ စိတ်မ**လျှော့သေးဘူး။ လမ်းပေါ်မှာ တွေ့တဲ့ လူတွေကိုမေး**စမ်းပြီး** ရေတွင်းတူးဖော်လာလိုက်တာ ရေတွင်းပေါင်း ဆယ်တွင်းသာ **ကျော်**သွားခဲ့တယ်။ ဘယ်ရေတွင်းကမှ ရေတစ်စက်ထွက်မလာဘူး။

ဒီလူပြော တူးလိုက်၊ ဟိုလူပြော တူးလိုက်နဲ့ ရေတွင်းတွေ တူးဖော်လာလိုက်တာ ဘယ်ရေတွင်းကမှ ရေမထွက်တော့ စိတ်ပျက်ပြီး ရေတွင်းမတူးဖော်တော့ဘူးလို့ စိတ်ကို ဆုံးဖြတ်ချက်ချထားလိုက်တော့တယ်။

ဒီသတင်းစကားကိုကြားတော့ လူတစ်ယောက်က ရေတွင်းတူးတဲ့ ဒကာဆီရောက်လာပြီး အဲဒီဒကာက တစ်ပိုင်းတစ်စ တူးဖော်ထားတဲ့ ရေတွင်းပိုင်းတွေကို လိုက်ကြည့်တယ်။ ပြီးတော့ ဘယ်ရေတွင်းဟာ အတောင်အနက်ဆုံးလဲဆိုတာ မေးကြည့်တော့ ယာတဲရဲ့ အရှေ့နားမှာ

အတောင်လေးဆယ်တူးထားတဲ့ရေတွင်းဟာ အနက်ဆုံးလို့ ပြောကြား လိုက်တယ်။ ဒီတော့ အဲဒီလူက အနက်ဆုံးတူးဖော်ထားတဲ့ ရေတွင်းကို သာ ဆက်တူး။ နောက်အများဆုံးတူးရရင် ဆယ်တောင်ပဲ။ ရေထွက်ကို ထွက်စေရမယ်လို့ ပြောပါတယ်။

အဲဒီလူပြောတဲ့အတိုင်း ဒကာလည်း အနက်ဆုံးတူးပြီးတဲ့ ရေတွင်းကို ဆက်တူးလိုက်တာ ဆယ်တောင်တောင် မရောက်ဘူး။ ငါးတောင်ပဲ တူးဖော်ရသေးတယ်။ ရေစမ်းကြောမိပြီး ရေတွေ တရဟောထွက်လို့ ဝမ်းသာသွားတယ်တဲ့။

အဲဒီဥပမာလိုပဲ ဒကာ။ လောကမှာ ဘယ်အလုပ်ပဲဖြစ်ဖြစ် အလုပ်တစ်ခုတည်းကို ဇွဲ၊ လုံ့လ၊ ဝီရိယအကြိမ်ကြိမ်အခါခါ ထုံသွား အောင်လုပ်နိုင်ရင် အောင်မြင်မှုပန်းတိုင်ဟာ မလွဲမသွေရောက်မှာပဲ ဒကာ"

"တင်ပါ့ဘုရား"

"ဒကာ စိုက်လာတဲ့ ပုကီးစိုက်တွေထဲမှာ ဘယ်ပုတီးစိပ်ကို အပတ်ရေအများဆုံး စိပ်ခဲ့သလဲ"

"တပည့်တော် မှတ်သားမိသလောက်တော့ ဂုဏ်တော် တစ်ထောင်ပုတီးစိပ်ပါဘုရား"

"အဲဒီဂုဏ်တော်တစ်ထောင်ပုတီးစိပ်တစ်ခုတည်းကိုပဲ ဒီ တစ်သက်မှာ စွဲစွဲမြဲမြဲ စိပ်။ အကျိုးပေးလိမ့်မယ် ဒကာ"

"ဘယ်လိုများ အကျိုးပေးမှာတုံးဘုရား"

"လောကမှာ ဘယ်အရာဖြစ်ဖြစ် ကြိုတင်ပြီးမသိချင်နဲ့။ သူ့အချိန်ကျရင် မသိချင်ဘူးဆိုလို့မရဘူး။ သိကို သိလာရလိမ့်မယ်။ ကြိုတင်သိရလို့ အကျိုးမရှိဘဲ အကျိုးယုတ်သွားတဲ့ကိစ္စတွေ အများကြီး

ပဲ။ သဘောကတော့ အလုပ်ကိုကြိုးစားပြီး လုပ်ရမှာက ကိုယ့်တာဝန်။ လက်နဲ့လို့ လခထုတ်ပေးရမှာက အလုပ်ရှင်ရဲ့တာဝန်လေ။ အလုပ်က တော့ဖြင့် မရသေးဘူး။ ဘယ်လောက်ရမလဲ။ ဘယ်လောက်ပေးဆို တာမျိုးကတော့ မဖြစ်သင့်ဘူးပေါ့။ လုပ်တဲ့အလုပ်က အကြောင်း၊ ဖြစ်လာတာကတော့ အကျိုးပေါ့။ အကြောင်းအကျိုးလို့သာ မှတ်ပါ ဒကာ"

"တင်ပါ့ ဘုရား"

"ဒကာနဲ့ စကားကောင်းနေလိုက်တာ အချိန်အတော်ဖင့်သွား ပြီ။ တောတောင်အနှံ့ကိုသွားပြီး ဘုရားစေတီပုထိုးတွေကို လိုက်လံ ဖူးမြော်ကန်တော့ရဦးမယ် ဒကာ"

ထိုသို့ပြောပြီး ဘုန်းကြီးအိုအိုကြီးသည် ထိုင်နေရာကထကာ **သက်**နိုးကို ပြန်လည်ရုံတင်လိုက်ကာ ကြွတော်မူရန် ဟန်ပြင်လိုက်**စဉ်** အကျွန်ုပ် သတိရ၍...

"ဆရာတော်ဘုရားဟာ မည်သူမည်ဝါဖြစ်တယ်ဆိုတာ တပည့်တော်သိခွင့်ပြုတော်မူပါဘုရား"

"ဆင်ဖြူတောင်မှာ ဖူးတွေ့ရတော့ ဆင်ဖြူတောင်ဆရာတော် ပေါ့ကွယ်"

"ဆရာတော်ဘုရားရဲ့ ဘွဲ့တော်ကကော ဘုရား"

"အရှင်ပဏ္ဍိစ္စ"

"သက်တော်ကကော ဘုရား"

"အင်း... ဒကာက လျှောက်မေးတော့မှ ကျုပ်ဟာ အသက်ရှိ မှန်း သိရတော့တယ်။ သက်တော်ကိုလည်း မှတ်မထားမိပါဘူး။ ကဲ... ဒါတွေက အရေးမကြီးပါဘူး။ ကျုပ်လည်း လိုတဲ့ခရီးကို ကြွမြန်းရဦး မယ် ဒကာ"

"တင်ပါ့ဘုရား"

အကျွန်ုပ်သည် ဆင်ဖြူတောင်ဆရာတော်ဘုရားကို ရိုသေလေးမြတ်စွာဖြင့် မြေပြင်တွင်ထိုင်၍ ရှိခိုးကန်တော့ပြီး ခေါင်းကို မော်ကြည့်လိုက်စဉ် ဆရာတော်ဘုရားကြီးသည် ကြိမ်တောင်ဝှေးကို ထောက်ပြီး လျှောက်သွားသည်မှာ ဂူဝသို့ပင်ရောက်နေသည်ကို ဖူးတွေ့ရ၏။

အကျွန်ုပ်သည် ဤလိုဏ်ဂူအတွင်းသို့ ရောက်ရှိလာခြင်းမှာ အေးအေးဆေးဆေး ပုတီးစိပ်ရန် ရည်ရွယ်ချက်ရှိသည့်အတိုင်း ဂုဏ်တော်တစ်ထောင်ပုတီးစိပ်ကို စတင်၍ **စိပ်နေမိတော့သည်။** ပုတီးစိပ်အပြီးတွင် အကျွန်ုပ်ဘဝတစ်သက်တာဝယ် ဂုဏ်တော် တစ်ထောင် ပုတီးစိပ်တစ်ခုတည်းကိုသာ စွဲမြဲစွာစိပ်**သွားရန် သန္နိဋ္ဌာန်**ချမှတ်ထား လိုက်၏။

**အကျိုးထူးရရှိ**

၁၃၀၃ ခုနှစ် တန်ခူးလတွင် ဆင်ဖြူတောင်သို့ရောက်ခဲ့ပြီး ဆင်ဖြူတောင်ဆရာတော်ဟုဆိုသော ဘုန်းကြီးအိုအိုကြီးကို ဖူးတွေ့ရပြီးနောက် အကျွန်ုပ်သည် ဂုဏ်တော်တစ်ထောင် ပုတီးစိပ်တစ်ခုတည်းကို နေ့စဉ်နေ့တိုင်း စွဲစွဲမြဲမြဲစိပ်လာခဲ့သည်မှာ အချိန်ကာလအားဖြင့် တစ်နှစ်ကျော်ခဲ့လေပြီ။

အကျွန်ုပ်သည် ယခင်ကာလများက အစွမ်းထက်မြက်သည်ဟု အညွှန်းရှိသော ပုတီးစိပ်နည်းအမျိုးမျိုးကို စိပ်ခဲ့သည့်အထဲတွင် ဤဂုဏ်တော်တစ်ထောင်ပုတီးစိပ်နည်းလည်း ပါဝင်ခဲ့သည်။ ထိုသို့သော အကြောင်းတစ်ခုလည်း ပါဝင်သည်ဟု ယူဆမိသည်။

ထိုစဉ်ကာလက မြန်မာနိုင်ငံကို ဗြိတိသျှအင်္ဂလိပ်အစိုးရက သိမ်းပိုက်အုပ်စိုးထားစဉ်သမယ ဖြစ်သည်။ နေရာတကာတွင် ဗြိတိသျှ အင်္ဂလိပ်လူမျိုးတို့က လူတွင်ကျယ်လုပ်ပြီး ရာထူးကြီးမှန်သမျှကို သူတို့ချည်းသာ ယူထားသောအချိန်အခါဖြစ်၏။ ပညာရေးဌာနတွင် အထက်တန်းအရာရှိရာထူးတစ်နေရာလစ်လပ်နေ၍ အလုပ် လျှောက်ရန် ခေါ်ဆိုရာ အကျွန်ုပ်လည်း လျှောက်ထားခဲ့၏။

အကျွန်ုပ်၏မိတ်ဆွေသင်္ဂဟအပေါင်းအသင်းများက ဤ ပညာရေးဌာန အထက်တန်းအရာရှိရာထူးကို မလျှောက်ထားရန် တိုက်တွန်းကြသည်။ အကြောင်းကား ဤရာထူးကို လျှောက်ထား သူများအနက် ဗြိတိသျှမျိုးနွယ်မကင်းသူတစ်ယောက်ပါရှိပြီး ထိုသူ သည် အထက်ပိုင်းရှိ ဗြိတိသျှအရာရှိကြီးငယ်များနှင့် ခင်မင်ရင်းနှီး သူဖြစ်ရာ ယင်းပုဂ္ဂိုလ်သာလျှင် အရာရှိရာထူးကို ရရှိရန်ထင်၍ ပိုင်းဝန်းဟန့်တားကြခြင်း ဖြစ်သည်။

အကျွန်ုပ်သည် မိမိ နေ့စဉ် (အဓိဋ္ဌာန်ဝင်ခြင်းမဟုတ်) ရက်ဆက်စိပ်လာခဲ့သော ဂုဏ်တော်တစ်ထောင်ပုတီးစိပ်ကို ယုံကြည် စိတ်ချသည်။ ထို့ကြောင့် ဂုဏ်တော်ပုတီးစိပ်အကြောင်းကို တန်ခိုးကြီး ဘုရားပုထိုးများတွင် သစ္စာအဓိဋ္ဌာန်ပြုကာ ပညာရေးဌာန အထက်တန်း အရာရှိရာထူးအတွက် စာမေးပွဲဖြေဆိုရာ အကျွန်ုပ်တစ်ဦးတည်းသာ အမှတ်အများဆုံးနှင့် ထူးထူးခြားခြားအောင်မြင်ခဲ့ပြီး ထိုအလုပ်ကို ရရှိခဲ့၏။

ဤသည်မှစ၍ ကျွန်ုပ်ဘဝဝယ် အောင်မြင်မှုစလေတော့ပြီ။

တစ်နေ့သ၌ ကျွန်ုပ်အား ဂုဏ်တော်တစ်ထောင်ပုတီးစိပ်၍ စွဲစွဲမြဲမြဲ (နေ့စဉ်မပြတ်)စိပ်နေသည်ကို အတွင်းသိသည့် မိတ်ဆွေ တစ်ယောက်က အကူအညီလာတောင်းသည်။

ထိုမိတ်ဆွေက သူညီမတော်စပ်သည်ဆိုသော ဉစ္စာစောင့်မယော ကိုယ်တိုင်ဝင်ပူးကပ်နေ၍ အကျွန်ုပ်ထံ ရေမန်းတောင်းနေတော့၏။

အကျွန်ုပ်က ဤကိစ္စမျိုးသည် ပယောဂသဘော နွယ်ယှက်နေ၍ ကုတတ်သည့် ပယောဂဆရာကို ခေါ်ပြသင့်ကြောင်း၊ အကျွန်ုပ်မှာ ပယောဂကုတတ်သူမဟုတ်ကြောင်း ပြောသော်လည်း နားမဝင်။ အကျွန်ုပ်ကဲ့သို့ နှစ်နှင့်ချီ၍ စိပ်ပုတီးကို စွဲစွဲမြဲမြဲစိပ်ခဲ့သူ၏ ရေမန်းသာ ရရှိလျှင် အမှန်တကယ် သူညီမကို ဝင်ပူးကာကပ်နေသော ဘဝဟောင်းက အစ်မတော်စပ်သည်ဆိုသော ဉစ္စာစောင့်မသည် အမှန်တကယ် ထွက်မည်ဖြစ်ကြောင်း၊ နောင်တွင်လည်း မည်သို့မျှ ဒုက္ခပေး၍ ရမည်မဟုတ်ကြောင်းကို ယုံကြည်သည်ဟုပြောဆိုနေသည်။

ခက်ချေပြီ။ မည်သို့မျှရှောင်ဖယ်၍မရသည့်အဆုံး အကျွန်ုပ်သည် နေအိမ်က ဘုရားစင်ရှေ့တွင် သောက်တော်ရေတစ်ခွက်ဆက်ကပ်ပြီး ၁၀၈ လုံးပုတီးကုံးနှင့် ဂုဏ်တော်ကိုးပါးတစ်ပတ်ကို စိပ်ကာ ကုဝေရနတ်မင်းကြီးအား တိုင်တည်မေတ္တာရပ်ခံ၍ ဘုရားသောက်တော်ရေကို ပေးအပ်လိုက်၏။

ထိုဘုရားသောက်တော်ရေစင်ကို ဉစ္စာစောင့်မက ဝင်ပူးကပ်သည်ဆိုသော အကျွန်ုပ်မိတ်ဆွေညီမအား ပက်ဖျန်းပြီး ရေကိုတိုက်လိုက်ရာ ဉစ္စာစောင့်မသည် ပူးကပ်နေရာမှ ချက်ချင်းထွက်ခွာသွားကာ နောင်ကိုလည်း မည်သို့မျှ မနှောင့်ယှက်တော့ဟု ကြားသိရသည်။

ဤနေရာတွင် စကားအလျဉ်းသင့်၍ ဉစ္စာစောင့်အကြောင်းကို အနည်းငယ် တင်ပြလိုသည်။

ဉစ္စာစောင့်ဆိုသည်မှာ မြေဘုတ်ဘီလူးအနွယ်ဝင်များ ဖြစ်ကြသည်။ ကုဝေရနတ်မင်းကြီးအောက် အတော်အတန် တန်ခိုးကြီးသော

ဘုမ္မစိုးနတ်ဘီလူးတို့၏ အအုပ်အချုပ် ဘုန်းတန်ခိုးကြီးသည့် ဘုမ္မစိုးနတ်ဘီလူးတို့၏ အအုပ်အချုပ်ခံ ဘုန်းတန်ခိုး နည်းပါးသော အမျိုးဖြစ်သည်။

ထိုဘုမ္မာစိုးနတ်ဘီလူးတို့၏ စေခိုင်းရာ မြေတွင်းရှိ ဥစ္စာသိုက်စသည်များကို စောင့်ရှောက်ကြသူများ ဖြစ်သည်။

ထိုဥစ္စာစောင့် ခေါ် မြေဘုတ်ဘီလူးများမှာ မူလရုပ်အဆင်းဆိုးရွားသူများ ဖြစ်ကြသည်။

သို့သော်လည်း မိမိကိုယ်ကိုလှပအောင် ဖန်ဆင်းနိုင်ကြပြီး သိုက်နန်းအတွင်း၌ ပျော်ပျော်ရွှင်ရွှင်နေထိုင်ကြသည်။

သူတို့ဘဝကို ဖွဲလမ်းသာယာနေကြသူများ ဖြစ်သည်။

လူ့ပြည်၌ လူသားများနှင့် ဆက်ဆံနိုင်သော အခြေအနေရှိသည်။

ထိုသို့ သူတို့ဘဝကို စွဲလမ်းသာယာနေကြ၍ ကျောင်းကန်ဘုရားနှင့် နီးစပ်ပြီး လူ့ပြည်မှ တော်တော်တန်တန် ကုသိုလ်ပြု၍ အမျှပေးဝေကြသည့်တိုင်အောင် ကျွတ်လွတ်သူ နည်းပါးကြကြောင်း အဆိုရှိသည်။

ခင်မင်ရင်းနှီးသော မိတ်ဆွေတစ်ဦးကိုအကြောင်းပြု၍ မည်သို့မျှ ရှောင်ဖယ်မရသည့်အဆုံး ပြုခဲ့သော ဘုရားသောက်တော်ရေတစ်ခွက်ကြောင့် အကျွန်ုပ်သည် ပိုမို၍ အားတက်လာကာ ဂုဏ်တော်တစ်ထောင်ပုတီးစိပ်ကိုသာ စွဲမြဲစွာစိပ်လာခဲ့သည်။

ဤသို့စိပ်သည့်နေရာတွင် အကျွန်ုပ်သည် သုံးလောကထွတ်ထား မြတ်စွာဘုရား၏ပုံတော်များကိုသာ အာရုံသဲမြင်အောင် ရှုကြည့်၍ စိပ်ခဲ့သည်။

အကျွန်ုပ်ကိုအား မည်သည့်ထွက်ရပ်ပေါက်သူတော်စင်က စောင့်ရှောက်သည်ဆိုသော အထင်အမြင်မျိုး လုံးဝမရှိ။

တကယ်၍ ဖြစ်ပေါ်သည်ရှိခဲ့ပါလျှင်လည်း ဖယ်ရှား၍ မြတ်စွာဘုရားကိုသာ အာရုံပြု၍ စိပ်ခဲ့သည်။

အကျွန်ုပ်သည် မိမိစိပ်သော ဂုဏ်တော်တစ်ထောင်ပုတီးစိပ်ကို မည်မျှအထိ စွဲလမ်းယုံကြည်မိသည်မသိ။ တစ်လလျှင် နှစ်ကြိမ်ခန့် အိပ်မက်မှန်မှန်မြင်မက်လေ့ရှိသည်။

အိပ်မက်ထဲတွင်လည်း အကျွန်ုပ်သည် တန်ခိုးကြီးဘုရား စေတီတစ်ဆူဆူတွင် ဂုဏ်တော်တစ်ထောင်ပုတီးစိပ်ကို စိပ်နေသည်ဟု အိပ်မက်မြင်မက်လေ့ရှိသည်။

## ဂုဏ်တော်ကျေးဇူး

အဖြစ်ဆန်းတစ်ခုနှင့် ကြုံတွေ့ဆုံတွေ့ရသည်ကို တင်ပြလိုသည်။

ဆီမီးခုံသည် တောမကမြို့မကျ အညာဒေသမြို့ကလေး ဖြစ်သည်။ ကျောင်း၊ ဆေးရုံ၊ ဂတ်အစရှိသည်တို့နှင့် ပြည့်စုံသော်လည်း ကျေးရွာကြီးတစ်ခုဖြစ်ကာ စာရင်းတင်ပြဆိုထားသည်။

ဆီမီးခုံတွင်နေထိုင်သူများမှာ များသောအားဖြင့် ကုန်သည်ပွဲစားက များသည်။ ကျောင်းဆရာ၊ ကျောင်းဆရာမ၊ ဘာဂန်အစရှိသည့် ပညာတတ်လူတန်းစားလည်း အတော်ကလေးထွန်းပေါက်လျက်ရှိသည်။

အကျွန်ုပ်သည် တာဝန်ဝတ္တရားအရ ကျောင်းများကို လိုက်လံစစ်ဆေးပြီး မြင်းခြံမြို့သို့ ခရီးဆက်ရန်အကြောင်းကိစ္စရှိ၍ ကားဂိတ်သို့ ရောက်ရှိလာခဲ့သည်။

အကျွန်ုပ်သည် ခရီးထွက်တော့မည်ဆိုလေလျှင် နေအိမ်မှ ထွက်လာကတည်းက ဂုဏ်တော်တစ်ထောင်ပုတီးစိပ်ကို စိတ်ထဲမှ ရွတ်ဆိုသရဇ္ဈာယ်လေ့ရှိသည့်အတိုင်း စိတ်ထဲက ဆိုပြီး ထွက်လာခဲ့သည်။

မြင်းခြံသို့ထွက်ရန် ဆိုက်ထားသော ကားနှစ်စီး ရှိသည်။ ပထမကားနှင့်လိုက်ပါရန် အကျွန်ုပ် ကားပေါ်တက်နေချိန်တွင် ကျောင်းဆရာဦးသန်းမောင်က ပြေးလာပြီး သူ့အိမ်မှာ ကားဂိတ်နှင့် မဝေးကြောင်း၊ အကျွန်ုပ်အား ကန်တော့လို၍ အိမ်သို့ ခေတ္တလိုက်ခဲ့စေလိုကြောင်း လာရောက်ဖိတ်ကြားသဖြင့် အကျွန်ုပ်သည် ကျောင်းဆရာဦးသန်းမောင်နေအိမ်သို့ ကားပေါ်မှဆင်း၍လိုက်သွားခဲ့၏။

ကျောင်းဆရာဦးသန်းမောင်နေအိမ်သို့ ရောက်လာသော် အကျွန်ုပ်အား လက်ဖက်ရည်ချိုနှင့် မုန့်များတိုက်ကျွေးပြုစုပြီး အပေါ်အင်္ကျီချုပ်ရန် ပင်နီစ၊ ပုဆိုး၊ မျက်နှာသုတ်ပဝါ၊ အညာစောင်တို့ဖြင့် ကန်တော့သဖြင့် ဆုမွန်ကောင်းများပေးပြီး ကျောင်းဆရာဦးသန်းမောင်က ကားဂိတ်သို့ လိုက်လံပို့ဆောင်ပေးခဲ့၏။

ကားဂိတ်သို့ရောက်သောအခါ ပထမကားမှာ ကားဂိတ်မှ ထွက်ခွာသွားပြီဖြစ်၍ ဒုတိယထွက်မည့်ကားဖြင့် အကျွန်ုပ် လိုက်ပါလာခဲ့ရသည်။

အကျွန်ုပ်လိုက်ပါမည်ဟု ရည်ရွယ်ပြီး တက်ခဲ့မိသော ပထမကားသည် ကုတီကာဋ္ဌနာအနောက်ဘက်အကွေ့တွင် ကားကိုအရှိန်ပြင်းပြင်းဖြင့် ကွေ့ထွက်လိုက်၍ ဘီရိတ်ပေါက်ပြီး ကားသည် မရှုမလှ အောက်ထိုးမိုးမျှော်ဖြစ်အောင် တိမ်းမှောက်နေသည်ကို မြင်တွေ့ခဲ့ရသည်။

ထိုကားပေါ်တွင် ပါရှိသူများမှာ ဒဏ်ရာအကြီးအကျယ်ရကြသည်။ သို့သော် လက်ကျိုး၊ ပေါင်ကျိုး အသေဆိုးမျိုးမဖြစ်ကြသည်မှာ ကံကောင်းလှပေစွဟု ဆိုရမည် ဖြစ်၏။

ဤအန္တရာယ်မြင်ကွင်းကို အကျွန်ုပ် မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရသောအခါ ပထမကား အကျွန်ုပ်စီးမည်ဟု တက်ခဲ့သောကားနှင့်သာ လိုက်ပါခဲ့ပါမူ အကျွန်ုပ်၏ ဘဝကို တွေးတောစရာမရှိ။ ယခုဒုတိယထွက်သည့်ကားနှင့် လိုက်ပါခဲ့၍တော်ပါသေးစွဟု စိတ်ထဲမှအောက်မေ့လျက်…

"ဩော်… ငါ့ကို ဘုရားမတာပဲ။ ဂုဏ်တော်ကျေးဇူးပဲ"

ဟူ၍ စိတ်ထဲက တွေးတောဆင်ခြင်မိ၏။

အကျွန်ုပ်သည် ဂုဏ်တော်တစ်ထောင်ပုတီးစိပ်နည်းကိုသာ စွဲစွဲမြဲမြဲစိပ်လာချိန်ကစပြီး အမျိုးမျိုးသော ဘေးအန္တရာယ်နှင့် သေဘေးအပါအဝင်နှင့် ရင်ဆိုင်တွေ့ကြုံခဲ့ရသော်လည်း အကြောင်းအမျိုးမျိုးကြောင့် လွတ်မြောက်၍လာခဲ့သည်မှာ အကြိမ်ပေါင်း မနည်းတော့ပြီ။

အကျွန်ုပ်၏ဘဝတစ်သက်တာတွင် ထိုမျှသာ မကသေး။ ရာထူးအဆင့်များတိုးတက်ပြီး အလုပ်အကိုင်အကြံအစည်ဟူသမျှ အောင်မြင်ကာ ရန်ကုန်မြို့ ဖိုးစိန်လမ်းတွင် ကိုယ်ပိုင်ပုံနှိပ်စက်နှင့် အိမ်တစ်လုံး၊ မိမိနေထိုင်စရာ ကိုယ်ပိုင်နှစ်ထပ်တိုက်နှင့် ခြံပိုင်ဝင်းပိုင်နှင့်ဖြစ်ကာ မိမိဝါသနာထုံရာ စာပေကျမ်းဂန်များကို ရေးသားပြုစုခြင်း အလုပ်ကို ကောင်းမွန်အေးဆေးစွာ လုပ်ကိုင်နိုင်ခြင်းမှာ ဂုဏ်တော်ကျေးဇူးကြောင့်ဟု မှတ်ယူယုံကြည်ထားမိ၏။

**ပြုစုသူ၏ဝန်ခံချက်။**

အကျွန်ုပ်၏ ဘိုးလေးတော်စပ်သူ မြန်မာပညာရှိ ဝမ်ဳိရဗုဒ္ဓ ဦးဖိုးစိန်၏ ပြောပြချက်များကို အခြေတည်ကာ မှတ်သားမိသရွေ့ ရေးသားမှတ်တမ်းတင်ထားကြောင်း ဝန်ခံအပ်ပါသည်။

MOTHER EYE ART

# အကျွန်ုပ်နှင့် ပခန်းဦးမင်းကျော်

(၁)

တစ်ခါတစ်ရံတွင် မိမိဖြတ်သန်းကျော်လွှားလာခဲ့ရသော ဘဝခရီးတစ်လျှောက်တွင် ကြုံခဲ့ဆုံခဲ့ရသည့် ရှုပ်ကွက်မြုပ်ကွက် ကလေးများကို ပြန်လည်၍ တွေးတောဆင်ခြင်မိလေတိုင်း တစ်ယောက်တည်း ကြိတ်၍ပြုံးခဲ့ရ၏။

ဟုတ်ပါသည်။ လူ့ဘဝဆိုသည်မှာ မိမိဖြစ်ချင်တာတွေ ဖြစ်ခဲ့ရသကဲ့သို့ မဖြစ်ချင်တာတွေလည်း ဖြစ်ခဲ့ရသည်။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ မိမိဘဝတွင် မိမိလုပ်ချင်သည်များကို လုပ်ကိုင်ခွင့် ကြုံတွေ့ခဲ့ရ၏။

# အကျွန်ုပ်နှင့် ပခန်းဦးမင်းကျော်

(၁)

တစ်ခါတစ်ရံတွင် မိမိဖြတ်သန်းကျော်လွှားလာခဲ့ရသော ဘဝခရီးတစ်လျှောက်တွင် ကြုံခဲ့ဆုံခဲ့ရသည့် ရှုပ်ကွက်မြုပ်ကွက်ကလေးများကို ပြန်လည်၍ တွေးတောဆင်ခြင်မိလေတိုင်း တစ်ယောက်တည်း ကြိတ်၍ပြုံးခဲ့ရ၏။

ဟုတ်ပါသည်။ လူ့ဘဝဆိုသည်မှာ မိမိဖြစ်ချင်တာတွေ ဖြစ်ခဲ့ရသကဲ့သို့ မဖြစ်ချင်တာတွေလည်း ဖြစ်ခဲ့ရသည်။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ မိမိဘဝတွင် မိမိလုပ်ချင်သည်များကို လုပ်ကိုင်ခွင့် ကြုံတွေ့ခဲ့ရ၏။

(၂)

၁၉၄၈ ခုနှစ်ကာလဖြစ်သည်။

ထိုနှစ်ကာလသည် မြန်မာ့လွတ်လပ်ရေးရရှိသောကာလဖြစ်၍ မှတ်မှတ်ရရဖြစ်နေမိသည်။ ထိုစဉ်ကာလက အကျွန်ုပ်သည် အပေါင်းအသင်းလည်း စုံသည်။ အဖျော်ယမကာလည်း သောက်တတ်ကာစသမယ ဖြစ်သည်။

အကျွန်ုပ်နှင့် အတူတွဲအတူလာသော ခင်မင်ရင်းနှီးသည့် အပေါင်းအသင်းများထဲတွင် စပ်ထွန်းဆိုသော သူငယ်ချင်းတစ်ယောက် ရှိသည်။

စပ်ထွန်းသည် ကျွန်တော့်ထက် သုံးနှစ်ခန့်ကြီးသည်။ ရှမ်းလူမျိုး ဖြစ်ပြီး အသားကလည်း ဖြူဖြူဖွေးနေသည်။ ဖြူဖွေးသော အသားအရေများပေါ်တွင် ဆေးနီဆေးမည်းများကိုလည်း တစ်ကိုယ်လုံး အနှံ့ ထိုးထားသည်။

စပ်ထွန်းသည် သိုင်းအက အလွန်တော်သည်။ သီပေါတွင် နေထိုင်စဉ်က ဓာတ်စင်ပေါ်ထိပင် တက်ရောက်ဖျော်ဖြေနိုင်သည့် အဆင့် ရှိသည်။

အထူးသဖြင့် ဓားရှည်တစ်လက်သိုင်း၊ ဓားရှည်နှစ်လက်သိုင်း ကသည့်နေရာတွင် အလွန့်ကို ကျွမ်းကျင်လှ၏။

စပ်ထွန်းသည် ဓားအကပညာနှင့်ပတ်သက်၍ ဗန္ဓုလကျော်စိန်ထံတွင် တပည့်ခံ၍ သင်ကြားသကဲ့သို့ တကယ့်ဓားသိုင်းပညာကို ဓားတစ်လက်နေဝင်းထံမှ သင်ကြားခဲ့သည် ဆိုသည်။

အကျွန်ုပ်တို့သူငယ်ချင်းများကိုစု၍ စပ်ထွန်းက သူကျွမ်းကျင်သည့် ဓားရှည်တစ်လက်၊ ဓားရှည်နှစ်လက်သိုင်းပညာကို လက်စွမ်းပြခဲ့ဖူးသည်။

စပ်ထွန်းက မည်မျှမည်မျှ လေ့ကျင့်ထားသည်မသိ။ ဓားရှည်နှစ်လက်ကိုကိုင်ပြီး လှုပ်ရှားဝှေ့ယမ်းလိုက်သောအခါ လက်ကိုသာမြင်တွေ့ရပြီး ဓားရွက်များ ပျောက်ကွက်နေသည်အထိ လှုပ်ရှားဟန်က မြန်ဆန်လွန်းလှ၏။

ထိုမျှသာမကသေး စပ်ထွန်းက သိုင်းကစားနေရာမှ သူ့မျက်နှာကို ဓားရှည်ဖြင့် အသွားနှင့်လှီးဟန်ပြပြီး ဓားအရှည်အနှောင့်နှင့် ပွတ်တိုက်သွားကာ ဓားရှည်အသွား ပြန်ထွက်သွား၍ မြင်ရသူအပေါင်းက အံ့သြရသည်အထိ စွမ်းဆောင်နိုင်သူဖြစ်သည်။

အကျွန်ုပ်နှင့် စပ်ထွန်းတို့သည် အဖျော်ယမကာသောက်စားမှုဝါသနာတူဖြစ်၍ ပေါင်းဖက်မိကြ၏။ အကျွန်ုပ်နှင့် စပ်ထွန်းတို့သည် ရန်ကုန်မြို့အတွင်း၌ ကျင်းပပြုလုပ်နေသော နတ်ကနား ပွဲကြီးပွဲငယ်များသို့ သွားရောက်ကြသည်။

ထိုစဉ်သမယက အင်းစိန်၊ ကမာရွတ်၊ ကြည့်မြင်တိုင်၊ စမ်းချောင်းတစ်ဝိုက်တွင် အိမ်ရှေ့တွင် မဏ္ဍပ်ထိုး၍ နတ်ကနားပွဲကြီးပွဲငယ်များကို ကျင်းပပူဇော်ပသလေ့ ရှိသည်။

(၃)

ရန်ကုန်မြို့ ကြည့်မြင်တိုင်ဘူတာရုံရှိသော လမ်းကြားတွင် မဏ္ဍပ်ထိုး၍ နတ်ကနားပွဲကျင်းပနေ၏။ အကျွန်ုပ်နှင့် စပ်ထွန်းတို့နှင့် ယောက်သားသည် လူအုပ်ကြားထဲမှ တိုးဝှေ့၍ကြည့်ကြ၏။

အကျွန်ုပ်တို့သည် တဖြည်းဖြည်းနှင့် ရှေ့ပိုင်းသို့ရောက်ရှိသွားပြီး ဆိုင်းဝိုင်းအနားသို့အရောက်တွင် အခြေအနေကို လေ့လာအကဲခတ်၍ စပ်ထွန်းက နတ်ကနားဝိုင်းအတွင်းသို့ ခုန်ပျံကျော်လွှား

၍ ဝင်ရောက်ပြီး ပခန်းဦးမင်းကျော်နတ်ရုပ်ရှေ့ အရောက်၌ တစ်ကိုယ်လုံး တုန်ယင်လာပြီး နတ်ပူးချင်ယောင်ဆောင်ပါတော့သည်။

စပ်ထွန်းသည် မှင်သေသည်။ ဟန်ပန်ကောင်းသည်။ သဏ္ဌာန် လုပ် သရုပ်နှင့် တူသည်။ မည်သူကပင်ကြည့်ကြည့် စပ်ထွန်းကို တကယ့်နတ်အစစ်က ဝင်ရောက်ပူးကပ်နေသည်ဟု ထင်မှတ်ရသည်။

ထိုအချိန်တွင် ပခန်းဦးမင်းကျော်နတ်ရုပ်အား ဆက်သထားသည့်စားရှည်ကို စွဲကိုင်ကာ သူကျွမ်းကျင်သည့် သိုင်းပညာနှင့် ကစားပြပါတော့သည်။ စပ်ထွန်း ကပြအသုံးတော်ခံသည့် ဓားရေးအကွက်များမှာ လှပမြန်ဆန်နေသဖြင့် မြင်ရသူအပေါင်းက အံ့ဩလွန်း၍ ပါးစပ်အဟောင်းသားနှင့် ဖြစ်နေကြရ၏။

ဆယ့်ငါးမိနစ်ခန့် ဓားရေးပြပြီးသောအခါ စပ်ထွန်းက ပခန်းဦးမင်းကျော်နတ်ရုပ်ကို ဆက်သထားသည့် အရက်ပုလင်းကို လှမ်း၍ဆွဲပြီးဖောက်ကာ တစ်ကျိုက်နှစ်ကျိုက် မော့သောက်လိုက်ပြီး…

"ဟော့… ငါ့ညီတော် သောက်"

စပ်ထွန်းက အကျွန်ုပ်အား အရက်ပုလင်းကို လှမ်းပေးလိုက်သည်။ အကျွန်ုပ်က အရက်ပုလင်းကိုမော့၍ တစ်ကျိုက်မော့သောက်လိုက်၏။

ထို့နောက်တွင် အခြေအနေကိုကြည့်ကာ အကျွန်ုပ်သည် နတ်ကနားပွဲမှ ထွက်လာခဲ့သည်။ မကြာခင် စပ်ထွန်းလည်း ထွက်လာပြီး အကျွန်ုပ်တို့နှစ်ဦးသားသည် အရက်တစ်ပုလင်းနှင့် တစ်နေရာသို့ သွားရောက်၍ အမြီးကောင်းကောင်းဝယ်ယူကာ အေးအေးဆေးဆေးသောက်နေခဲ့ကြ၏။

ထိုသို့ ဤသို့သော ပုံစံမျိုးဖြင့် ပခန်းဦးမင်းကျော် နတ်ပူးချင်ယောင်ဆောင်၍ အကျွန်ုပ်နှင့် စပ်ထွန်းတို့သည် အရက်သောက်ခဲ့သည်မှာ အကြိမ်ကြိမ်ရှိခဲ့လေပြီ။

ကံကောင်းထောက်မ၍လားတော့ မသိ။ အကျွန်ုပ်နှင့် စပ်ထွန်းတို့သည် ခလုတ်မထိ ဆူးမငြိခဲ့ပါ။ အစစအရာရာ အဆင်ချော၍ နေခဲ့၏။

(၄)

တစ်နေ့သ၌ အကျွန်ုပ်နှင့် စပ်ထွန်းတို့သည် ရန်ကုန်မြို့ ရေကျော်ရပ်သို့ ရောက်ရှိသွားခဲ့သည်။ ရေကျော်လမ်းမကြီးက အိမ်တစ်အိမ်ရှေ့တွင် မဏ္ဍပ်ကြီးထိုးကာ နတ်ဒိုးသံတညံညံဖြင့် နတ်ကနားပွဲကြီး ကျင်းပနေ၏။

ဤတွင် စပ်ထွန်းက သူ့ဝါသနာအတိုင်း...

"လာ သူငယ်ချင်း။ အရက်တစ်ပုလင်း သွားဆွဲကြရအောင်"

အကျွန်ုပ်၏လက်ကိုဆွဲကိုင်ကာ နတ်ကနားပွဲကျင်းပရာသို့ ရောက်ရှိသွားကြသည်။ နတ်ကနားပွဲတွင်ကား ပရိသတ် သိပ်မများလှသေး။ နတ်ဒိုးသံက တီးပေးနေသော်လည်း အစရှိဟန်တူ၏။

ကနားဝိုင်းထဲတွင် လူဝဝကြီးတစ်ယောက်က ပိုးအချိတ်တောင်ရှည်၊ ရင်ဖုံးအင်္ကျီ၊ ရင်တွင်းတွင် ပိုးပဝါစ စည်းထားပြီး ဖောင်းစောင်းထားသည့်နတ်တစ်ပါးက ဝင်ပူးကာ မြူးတူးကခုန်နေ၏။

အကျွန်ုပ်နှင့် စပ်ထွန်းတို့အခြေအနေကို အသာအကဲခတ်ကြည့်နေကြသည်။ နတ်ဝင်ပူးနေသည်ဆိုသော လူဝကြီးက ကခုန်နေရာမှ ရပ်တန့်လိုက်ပြီး အကျွန်ုပ်တို့အား မြင်ဖူးသိဖူး သိကျွမ်းဖူးသည့်ဟန်ဖြင့် စူးစူးစိုက်စိုက်ကြည့်ရှုနေ၏။

အကျွန်ုပ်တို့ကလည်း နတ်ဝင်ပူးနေသည်ဆိုသော လူဝကြီးကို သေသေချာချာ ပြန်ကြည့်လိုက်သည်။ လူဝကြီးက နတ်ခမ်းမွေး ကျင်စွယ်နှင့်ဖြစ်ပြီး ဥပမိရုပ်ခဲ့ညားထည်ဝါလှသည်။ မျက်လုံးအစုံမှာ နီမြန်းနေသည်။ မိုက်သည်ဟူ၍ မတွေ့ရ။ အကျွန်ုပ်တို့ကို စူးစူး စိုက်စိုက်ကြည့်နေရာက လက်ညှိုးထိုးကာ…

"လာကြစမ်း ဒီနားကို"

ရင်ခေါင်းသံကြီးဖြင့် လှမ်း၍ ခေါ်လိုက်သည်။

အကျွန်ုပ်တို့သည် ဤသို့သောအဖြစ်အပျက်မျိုးနှင့် တစ်ကြိမ် တစ်ခါမျှ မကြုံတွေ့ဖူး၍ ကြောက်ရွံ့ထိတ်လန့်သွားမိ၏။

ဤတွင် နတ်ဝင်ပူးနေသော လူဝကြီးက…

"ခုမှ ကြောက်မနေပါနဲ့ကွ။ ဒီနားကို လာကြစမ်း"

စပ်ထွန်းက တုတ်တုတ်မျှမလှုပ် ကျောက်ရုပ်။ အကျွန်ုပ်က လွတ်သွားသော သတိကို အသိဖြင့်ထိန်းကာ နတ်ဝင်ပူးနေသည့် လူဝကြီးအနားသို့ တိုးကပ်သွားစဉ်…

"ဟား… ဟား… ဟား… မင်းတို့က ငါ့အယောင်ဆောင် ပြီး အရက်သောက်ကြဦးမလို့လား"

ခက်ချေပြီ။ တကယ့်ပခန်းဦးမင်းကျော် နတ်အစစ်ဝင်ပူးနေသူ နှင့်မှ ပက်ပင်းတိုး၍နေတော့သည်။ အကျွန်ုပ် ဘာလုပ်၍ ဘာကိုင် ရမည်နည်း။ ပရိသတ်အလယ်တွင်ဖြစ်နေသဖြင့် အကျွန်ုပ်က ပရိယာယ်ကိုသာ သုံးရတော့မည်ဖြစ်၏။

အကျွန်ုပ်က ပခန်းဦးမင်းကျော်နတ်ဝင်ပူးကပ်နေသော လူဝကြီးအား လက်အုပ်ချီကာ…

"ညီတော် ကြာသပတေးသားလေ။ ကိုကြီးကျော် မေ့နေပြီထင်တယ်။ ညီတော်တို့မှာ မရှိရင် ကိုကြီးကျော်ကပဲ အရက်တိုက်ရမှာပဲ။ ညီတော်တို့က ညီတော်တို့မှာ ရှိရင် ညီတော်တို့ သောက်မှာပဲ။ ကိုကြီးကျော်မှာရှိရင်လည်း ညီတော်တို့ သောက်မှာပဲ။ ကိုကြီးကျော်ကလည်း သိလျက်သားနဲ့"

ဟူ၍ အကျွန်ုပ်က စကားကို လုံးထွေးပြီးပြန်ပြောကြားလိုက်ရာ ပခန်းဦးမင်းကျော်နတ် ဝင်ပူးကပ်နေသည်ဆိုသော လူဝကြီးက အကျွန်ုပ်၏စကားကို မည်သို့မည်ပုံ သဘောပေါက်နားလည်သွားသည် မသိ။ မျက်နှာတော်ပြုံးရွှင်လာပြီး…

"အေး… ဒီလိုလိမ္မာမှာပေါ့။ မရှိရင် မရှိဘူးလို့သာ ပြော။ ငါ့ညီတော်တွေကို ကိုကြီးကျော်ကပဲ တိုက်ရမှာပေါ့"

ထိုသို့ပြောဆိုပြီး ပခန်းဦးမင်းကျော်နတ်ရုပ်အား ဆက်သထားသည့် အရက်နှစ်လုံးကိုယူ၍ အကျွန်ုပ်တို့အား ကမ်းပေးလိုက်၏။

အကျွန်ုပ်က…

"ကျေးဇူးပါပဲ ကိုကြီးကျော်"

ဟူ၍ ပြောဆိုနှုတ်ဆက်လိုက်ပါ၏။

ထိုအချိန်တွင် နတ်ဆိုင်းဝိုင်းက နောက်ထပ်တစ်ယောက် နတ်ဆိုင်းဖြင့် ထကာ…

ပုဆိုးရဲ့ ကွက်ဝါ
ကြက်ဖျာကို ပိုက်ပါလို့
အလိုက်ကလေးရယ်တဲ့ ရွှေလူမို
ဝေးကွာခဲ့ပြီ
သောက်တော်ရေဘူးရယ်နဲ့

အိုမကွာ အိုမကွာ
မင်းကျော်စွာလို့ မကျော်လား
ဝေးရာက ရှား

ပခန်းဦးမင်းကျော် နတ်သီချင်းကို သီဆိုလိုက်ရာ နတ်ဝင်ပူးကပ်နေသော လူဝကြီး လက်တစ်ဖက်တစ်ချက်တွင် ပန်းများကိုကိုင်ကာ ကခုန်မြူးတူးနေတော့သည်။ ထိုအချိန်ဝယ် နတ်ကနားပွဲနှင့် ဝေးရာအရပ်သို့ ပြန်၍လစ်လာခဲ့ကြ၏။

(၅)

ယင်းအချိန်အခါမှစ၍ အကျွန်ုပ်နှင့် စပ်ထွန်းတို့သည် နတ်ကနားပွဲများသို့ သွားရောက်၍ ပခန်းဦးမင်းကျော်အယောင်ဆောင်ကာ အရက်ကိုညာပြီး မသောက်ဝံ့တော့ပါ။

လောကတွင် လိမ်ညာခြင်းအလုပ်သည် ကောင်းကျိုးမရပါ။ ကိုယ့်ကိုယ်ကို လိမ်ညာခြင်းလည်း မကောင်းပါ။ သူတစ်ပါးကို လိမ်ညာခြင်းလည်း မကောင်းပါ။ လိမ်ညာခြင်းအလုပ်သည် တစ်နေ့တွင် ဘူးပေါ်သကဲ့သို့ ပေါ်စမြဲဖြစ်သည်။

ထိုအချိန်အခါကစ၍ ပခန်းဦးမင်းကျော်နတ်ပြောသကဲ့သို့ အကျွန်ုပ်နှင့် စပ်ထွန်းတို့နှစ်ယောက်သည် အမှန်တကယ် လိမ္မာသွားကြပါတော့သည်။

ဂျူး

ကြူးနှစ်

နေမျိုး

ချမ်းမင်းအိမ်

ပေါ်ဦးသစ်

မောင်စိုးအောင်(ကန့်ဘလူ)

(စကားပြေရေးစည်းမှု)

***MOTHER EYE ART*** မှ စီစဉ်သည်

## MOTHER EYE ART

မှ

စီစဉ်ဆဲစာအုပ်များ

၁။ မောင်စိုးအောင်(ကန့်ဘလူ)
'ပြေးနေတဲ့ တိမ်တိုက်'
(ခေတ်ပေါ်လူငယ်တစ်ယောက်ရဲ့ စကားပြေစုစည်းမှု)
(မဂ္ဂဇင်းဝတ္ထုတိုများ)

၂။ မောင်စိုးအောင်(ကန့်ဘလူ)
'ကောင်းကင်ပျောက်တဲ့ ကြယ်ကလေး'
(လုံးချင်းဝတ္ထု)

၃။ မောင်စိုးအောင်(ကန့်ဘလူ)
'ဆိုဖီယာကို ငါပြန်ပေး'
(လုံးချင်းဝတ္ထု)

၄။ မောင်စိုးအောင်(ကန့်ဘလူ)
'နှင်းတဖွဲဖွဲအောက်မှာ ကျွန်တော်နှင့် ရိုစီ စန္ဒရား မတီးနိုင်ခဲ့ပါ'
(လုံးချင်းဝတ္ထု)

၅။ မောင်စိုးအောင်(ကန့်ဘလူ)
'မီးပျက်သွားတဲ့ ရုပ်ရှင်'
(ကဗျာရှည်)